http://www.cherrythitsar.org



ဆောင်းဝင်းလတ်

# နံနက်(၃)နာရီ

http://www.cherrythitsar.org

**စိတ်ကူးချိုချိုအနုပညာ**

(၈၅) သိန္ဓ-လမ်း
တာမွေ ရန်ကုန်
ဖုန်း - ၇၂၆၆၂၇

http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိတ်ကူးချိုချိုစာအုပ် - ၄၅



# နံနက်(၃)နာရီ

မောင်ဝင်းလတ်

ပန်းချီဆရာကြီးဦးဘဉာဏ်အကြောင်းအဖြစ်ရေးဖွဲ့ထားသည့်ဝတ္ထု။

၂၀၀၃ ခုနှစ် ဧပြီလ

http://www.cherrythitsar.org

http://www.cherrythitsar.org


| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၈၅၇/ ၂၀၀၂(၁၂) |
| မျက်နှာဖုံးခွင့်ပြုချက် | ၁၈၅/ ၂၀၀၃ (၂) |

| | |
|---|---|
| မျက်နှာဖုံး | ကျော်သောင်း |
| စာအုပ်ချုပ် | ဦးမြင့် |

ပုံနှိပ်သူ ဦးထွန်းထွန်းဦး
အင်းကြင်းဦးပုံနှိပ်တိုက်
ကျွန်းတောလမ်း ရန်ကုန်

ထုတ်ဝေသူ ဦးတင်ရှိန်
စန်းရောင်ရှိန်စာပေ
၄/၁၇၇ မေလမ်း
မြောက်ဥက္ကလာပ ရန်ကုန်

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | ဇူလိုင် ၂၀၀၃ |
| တန်ဖိုး | ၅၀၀ ကျပ် |

http://www.cherrythitsar.org



ဤဝတ္ထုနှင့် ပတ်သက်၍

မြစ်ဝကျွန်းပေါ် ဒေသတစ်ခုလုံးသည် ကျွန်တော်နှင့်မစိမ်း။ ထို နည်းတူစွာ ပန်းတနော်မြို့ကလေးနှင့်လည်း ကျွန်တော် ရင်းနှီးကျွမ်းဝင်ခဲ့ ဖူးသည်။ မြန်မာတိုင်းရင်းသားများထဲမှ ထူးထူးခြားခြား ပန်းချီဆရာတစ် ယောက် စတင်မွေးဖွားခဲ့ရာ မြို့ကလေးဖြစ်သည်။ ထိုမြို့ကလေးကို ရောက်တိုင်း၊ ဆရာကြီးဦးဘဉာဏ်၏ ဇာတိမြို့ကလေးဟူသော အသိက ကျွန်တော့်ရင်ကို လှုပ်ရှားစေခဲ့ဖူးသည်။ ဆရာကြီး၏ အနုပညာနှင့် ပတ် သက်၍ စာအုပ်စာတမ်းတွေ ကျွန်တော်ဖတ်ဖူးသည်။ ၁၉၆၃ ခုနှစ်၊ မြန်မာ့စွယ်စုံကျမ်း အတွဲ (၈)တွင် ဖတ်ရဖူးသည်။ တက္ကသိုလ် ရွှေရတု သဘင်ပွဲတွင် ပန်းချီဆရာကြီးဦးဘကြည် ဖတ်ကြားတင်သွင်းသော မြန်မာ့ ပန်းချီစာတမ်းတွင်လည်း ဆရာကြီးဦးဘဉာဏ် ရုပ်ပုံလွှာကို သိခဲ့ရသည်။ ၁၉၆၈ ခုနှစ်က ဆရာကြီးဂျီလှမောင် ပြုစုခဲ့သည့် ကမ္ဘာ့ပန်းချီသိ မြန်မာ့ ပန်းချီသိ စာအုပ်၊ ၁၉၇၄ ခုနှစ်က ဆရာကြီးဦးမင်းနိုင် ပြုစုသည့် ဦးဘဉာဏ်၏ဘဝနှင့် သူ့လက်ရာစာအုပ်၊ ၁၉၆၁ ခုနှစ်ဆီက ဆရာခင် မောင်ကြီး မြန်မာပြန် ကမ္ဘောဇ နေဝင်ဘုရင်များ စာအုပ်တို့တွင်လည်း ဆရာကြီးနှင့်ပတ်သက်သည့် ပုံရိပ်တွေကို တွေ့ခဲ့ရသည်။ ဆောင်းပါးပုံ

http://www.cherrythitsar.org



သဏ္ဌာန်ဖြင့် ရေးဖွဲ့ထားသောပုံရိပ်များဟု ဆိုနိုင်ပါသည်။ ဆရာကြီးလို ပန်းချီဆရာကြီးတစ်ယောက်ကို လွမ်းဆွတ်မှန်းဆ ရသဝတ္ထုပုံစံမျိုးဖြင့် စိတ်ကူးတန်ဆာဆင်ကာ အဖြည့်အစွက် ဝေဝေဆာဆာဖြင့် ရေးဖွဲ့ရည်ရွယ် ရှိခိုးကန်တော့လိုစိတ် ကျွန်တော့်မှာ ကိန်းအောင်းနေခဲ့သည်။ ဝတ္ထုပုံစံဖြင့် စိတ်ကူးတန်ဆာဆင်ရာတွင် အက်စ်အက်စ် အမရပူရ သင်္ဘောကြီးဖြင့်၊ အင်္ဂလန်သို့ ပင်လယ်ပြင်ခရီး ဆရာကြီးသွားခဲ့ရာဝယ်၊ ဆရာကြီးနှင့် စကားပြောဖော်ပြောဖက် ဇာတ်ကောင်များကို ကျွန်တော့် ပင်ကိုအတွေးနှင့် ဖန်တီးယူရပါသည်။ ထိုသို့ ဖန်တီးယူနိုင်အောင်လည်း အကြောင်းတရားတွေရှိခဲ့၏။ ၁၉၈၀ ပြည့်နှစ် ပတ်ဝန်းကျင်က မော်လမြိုင်ဘက်တွင် ဂျီအမ်အင်ဂျင်ခေါ် စက်များကို ကျွန်တော်တို့ ပြင်ဆင်ကြရာ၌ ကျွန်တော်တို့ကို သွန်သင်ဦးဆောင်ရသော စက်ဆရာကြီး မောင်ကျော်ဆိုသူမှာ စစ်ကြိုခေတ်က ရှေးရေနွေးငွေ့ ဘွိုင်လာမီးထိုး ပင်လယ်ကူးသင်္ဘောကြီးများတွင် မီးထိုးသမားလေး ဖြစ်ခဲ့ဖူးပေရာ၊ သူ့ထံမှ အတွေ့အကြုံတို့ကို ကြားဖူးနားဝ မှတ်သားခဲ့ရဖူးသည်။

ဆရာကြီးမောင်ကျော်နှင့် တစ်ကြိမ်၊ နောက်ဆုံး ဆုံခဲ့ကြရာ ကျွန်တော်က ရှေး မီးထိုးဘွိုင်လာ သင်္ဘောကြီးများခေတ်က အက်စ်အက်စ် အမရပူရ သင်္ဘောကြီးအကြောင်း စကားစပ်မိပြီး၊ ဆရာကြီးပြောသမျှ ဗဟုသုတ ကြားနာခဲ့ရသည်။ ဆောင်းပါးနှင့်မတူသော ဝတ္ထုတစ်ပုဒ်ကို ဖန်တီးရာဝယ် ဖတ်ချင့်စဖွယ်ဖြစ်အောင်၊ စာဖတ်သူများ စိတ်ဝင်စားဖွယ်ဖြစ်အောင် ဇာတ်ကောင်တို့ကို လှုပ်လှုပ်ရှားရှားဖြစ်အောင် ကြံဆောင်တွေးတော ရေးဖွဲ့ရပြန်ပါ၏။ ပမာဆိုရသော် ကျွန်တော်ဖတ်ဖူးသော ဆောင်းပါးအချို့တွင် လန်ဒန်၌ ဆရာကြီးဦးဘညာဏ်နှင့် ဒီဇိုင်းများ ပူးပေါင်းရေးဆွဲခဲ့သည့် လုပ်ဖော်ကိုင်ဖက် မိတ်ဆွေအမျိုးသမီးလေး၏ အမည်မှာ မစ္စဆယ်လီရာရိုက် ဟုခေါ်သည်။ သို့သော် ကျွန်တော်က ဝတ္ထုအဖွဲ့ စကားပြေ၌ သွက်လက်အောင်၊ စာဖတ်သူများ ဖတ်ရ လွယ်ကူချောမွေ့အောင် ဆယ်လီဟုပင်ရေးခဲ့သည်။ ဖတ်ခဲ့ဖူးသော ဆောင်းပါးများတွင် ထိုအမျိုးသမီးကလေးနှင့် ဆရာကြီးတို့ အတူတကွ လုပ်ငန်းလုပ်ခဲ့ဖူးကြောင်း ဝါကျတိုတစ်ခုမျှသာ ပါရှိခဲ့မည်ထင်ပါသည်။ သို့သော် ကျွန်တော်၏ ဝတ္ထုအဖွဲ့တွင်မူ ကျွန်တော့်စိတ်ကူးဖြင့် ထိုအမျိုးသမီးကလေး၏ ဇာတ်

http://www.cherrythitsar.org



ကောင်စရိုက် သက်ဝင်လှုပ်ရှားလာအောင် ဆရာကြီးအား အကူအညီပေးမှုများမှအစ စိတ်ကူးဉာဏ်ပွား၍ ရေးသားဖွဲ့ဆိုခဲ့ရပါသည်။ ဆိုလိုရင်းမှာ ကျွန်တော်သည် ဖတ်ခဲ့ရဖူးသော ဆရာကြီးအကြောင်း ဆောင်းပါးတချို့မှ အဓိကအချက် တချို့ကိုသာလျှင် ပန်းချီကားတစ်ကား၏ မူရင်းကောက်ကြောင်းအဖြစ် ပုံကြမ်းလောင်းပြီးနောက်၊ ရသဝတ္ထုအဖွဲ့တည်းဟူသော ဆေးရောင်စုံဖြည့်စွက် စုတ်ချက်ကွန့်မြူးရာတွင်မူ ကျွန်တော်၏ရင်ထဲတွင် ထင်မြင်ခံစားရမှုတို့ဖြင့် အရောင်စုံခြယ်ခဲ့ရသည်ဟု ဆိုလိုခြင်းဖြစ်ပါ၏။

ဆရာကြီးအပေါ် ရိုသေဂါရဝပြုမှုဖြင့် ရေးသားခဲ့မိသော ကျွန်တော့်ဝတ္ထုတွင် ချို့ယွင်းချက် တစ်စုံတစ်ရာရှိခဲ့ပါကလည်း ကျွန်တော့်အား ခွင့်လွှတ်ကြပါရန်၊ စာဖတ်သူများအား လေးစားစွာ ပန်ကြားအပ်ပါသည်။

မကြာသေးမီက ထားဝယ်မြို့မှမိတ်ဆွေ ဒေါက်တာသန်းဝင်းနှင့်အတူ ဆေးတက္ကသိုလ် (၁)မှ ဇီဝကမ္မဗေဒဌာနမှူး ဆရာကြီးဦးညွန့်ဝေထံ တွေ့ဆုံရန် သွားခဲ့၏။ အပြန်တွင် ဆေးတက္ကသိုလ်ဝင်းအတွင်းရှိ လက်ဖက်ရည်ဆိုင်ကလေး၌ ထိုင်ရင်း၊ ယခုဝတ္ထုကို ရေးသားဖို့စိတ်ကူးထားကြောင်း ဖွင့်ဟပြောမိခဲ့ပါသည်။ သူက ပန်းချီဝါသနာပါသော ဆရာဝန်တစ်ယောက်ဖြစ်နေ၏။ ဒေါက်တာသန်းဝင်းက လှိုက်လှိုက်လှဲလှဲပင် ယခုအကြောင်းအရာကို ဝတ္ထုရေးသားဖို့ တိုက်တွန်းအားပေးခဲ့ပါသည်။ ထားဝယ်မြို့သို့ ပြန်ခါနီးတွင် ရေးဖြစ်အောင်ရေးဖို့လည်း ထပ်မံစေ့ဆော်သတိပေးသွားပါသေးသည်။ ဝတ္ထုတစ်ပုဒ်ကို စိတ်ဝင်တစား ရေးသားနိုင်ရန် စိတ်ကူးစိတ်သန်းများကို ကြိုတင်ဖွဲ့တည်ရပါသည်။

မဟေသီမဂ္ဂဇင်း၊ ရန့်သစ်မဂ္ဂဇင်း၊ ကလျာမဂ္ဂဇင်း၊ ရွှေဝတ်မှုံမဂ္ဂဇင်းနှင့် ဂျာနယ်စာစောင်တချို့တွင် ကျွန်တော်သည် ပန်းချီပြပွဲများအကြောင်း၊ ပန်းချီသဘောတရား ပြောပြသူ ပန်းချီဆရာများအကြောင်း၊ ပန်းချီကားများအပေါ် ခံစားရမှု စသည်ဖြင့် ပန်းချီနှင့်ပတ်သက်သော ဆောင်းပါးတော်တော်များများကို ရေးသားခဲ့ဖူးပါသည်။ "Fashion Image" မဂ္ဂဇင်းမှာပင် ပန်းချီပြပွဲအကြောင်း ဆောင်းပါးတစ်ပုဒ် ကျွန်တော် ရေးခဲ့ဖူးပါသေးသည်။

မန္တလေးမြို့မှကျွန်တော့်မိတ်ဆွေပန်းချီဆရာ ကေထွန်းကလည်း၊ ကျွန်တော်ရေးသည့် မဂ္ဂဇင်းများမှ ပန်းချီအကြောင်း ဆောင်းပါးများကို

http://www.cherrythitsar.org



ဖတ်ပြီး၊ ပန်းချီအနုပညာလောကကို အခြေခံသည့် ဝတ္ထုတစ်ပုဒ် အမှတ်တရရေးဖို့ ကျွန်တော့်ကို ခင်မင်ရင်းနှီးစွာ တိုက်တွန်းဖူးပါသည်။

ထို့ကြောင့် တိတ်ဆိတ်အေးချမ်းစွာ၊ စာရေးနိုင်မည့် နေရာတစ်နေ ရာကို စဉ်းစားရပါသည်။ မြစ်ဝကျွန်းပေါ်ဒေသ မအူပင်မြို့ကလေးသို့ ကျွန်တော် ခရီးထွက်ခဲ့ပါသည်။

မအူပင်မြို့ရှိ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးထွန်းကြည် ညီမဖြစ်သူ ဒေါ်ဒေါ်စု၊ သားဖြစ်သူ ပြည့်သက်ထွန်းတို့က သူတို့အိမ်တွင် ကောင်းမွန်အေးဆေးစွာ စာရေးသားနိုင်ရန်အတွက် အဖက်ဖက်မှ ကူညီစောင့်ရှောက်မှုပေးခဲ့ကြပါသည်။

ထိုကဲ့သို့သော အကြောင်းတရားတို့ကြောင့် ယခုဝတ္ထုကို စာပေမြတ်နိုး ဖတ်ရှုသူများလက်ဝယ်သို့ ရိုသေလေးစားစွာ ပေးအပ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

ဆောင်းဝင်းလတ်

ခေတ္တ-မအူပင်မြို့

http://www.cherrythitsar.org



ပြာလဲ့ကြည်စင်သောကောင်းကင်အောက်တွင်ရန်ကုန်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားဆဲဖြစ်သော အက်စ်အက်စ် အမရပူရသင်္ဘောကြီးကို တွေ့မြင်ရ၏။ ရေနွေးငွေ့အင်ဂျင်သုံး သင်္ဘောကြီးဖြစ်သည်။ ထိုနေ့က မိုးရိပ်မိုးငွေ့လေးများ အထူးပင် ကင်းဝေးနေခဲ့၏။ ခရစ်သက္ကရာဇ် ၁၉၂၁ ခု ဩဂုတ်လ (၂၄)ရက်နေ့ နံနက်ပိုင်းတွင်မူ အမရပူရသင်္ဘောကြီးရှိ သင်္ဘောသားအားလုံးမှာ ပိုမိုတက်ကြွစွာ၊ မိမိတို့သက်ဆိုင်ရာ လုပ်ငန်းဆောင်တာတို့ကို အသီးသီးအသက လုပ်ဆောင်နေကြ၏။ တိတိပပ မိုးရွာမချသေးသော်လည်း၊ အနည်းငယ်တော့ မှိုင်းညို့နေသည်။ ညနေ ရေတက်ချိန်တွင် သင်္ဘောကြီးက ပြည်ပခရီးစဉ် ထွက်ခွာရတော့မည်ဖြစ်သည်။ သင်္ဘောကြီး၏ စက်ခန်းနှင့်ကပ်လျက်၊ ရေနွေးငွေ့ ဘွိုင်လာခန်းမှ မီးထိုးသမား၊ မြန်မာသင်္ဘောသား ဖေမောင်တစ်ယောက်၊ ချွေးသီချွေးပေါက်များနှင့်အတူ ပူပူလောင်လောင်ကြားမှာပင် အလုပ်ကို ဇယ်ဆက်သလို လုပ်ကိုင်နေရ၏။

သင်္ဘောကြီး၏ ခရီးစဉ်မှာ သီဟိုဠ်ကျွန်းကိုလည်း ရောက်မည်။ ပင်လယ်နီကိုလည်း ဖြတ်မည်။ အာဖရိကတိုက်သို့လည်း ကြုံတွေ့ရဦးမည်။ ပို့ဆူဒန်မှတစ်ဆင့် စူးအက်တူးမြောင်းကိုလည်း ချင်းနင်းဝင်ရောက်ဦးမည်။ ပို့ဆက်မှာ ဆိုက်ကပ်လိမ့်မည်။ ထို့ပြင် ပြင်သစ်ပြည် ဗာဆေးမြို့၌လည်း ခေတ္တရပ်နားပြီး၊ အင်္ဂလန်ပြည် လန်ဒန်မြို့ဆိပ်ကမ်းအထိ သွား

http://www.cherrythitsar.org



ရမည်ဖြစ်သည်။

တစ်လကြာမည့်ပင်လယ်ခရီးဟု ဆိုနိုင်ပါ၏။သင်္ဘောသားမီးထိုးသမား ဖေမောင်သည်၊ လူပုံလူပန်းက အသားလတ်လတ်၊ မျက်နှာသွယ်သွယ်နှင့် ကိုယ်လုံးကိုယ်ပေါက် ကျစ်လျစ်ကာ အရပ်အမောင်းမှာ ငါးပေခွဲခန့် ရှိလိမ့်မည်စကားပြောသွက်လက်ချက်ချာသည်။ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်ပြီး၊ လူချစ်လူခင် ပေါသူလည်းဖြစ်သည်။

သူက မြစ်ဝကျွန်းပေါ်ဒေသ ပန်းတနော်သားတစ်ယောက်လည်းဖြစ်သည်။

ဖေမောင်၏စိတ်သည် ထိုနေ့က အထူးလှုပ်ရှားလျက်ရှိ၏။ မနေ့က ညနေပိုင်းတွင် သူသည် အက်စ်အက်စ် အမရပူရသင်္ဘောကြီးဖြင့် ပြည်ပခရီးစဉ်လိုက်ပါမည့် ခရီးသည်များစာရင်းကို ကြည့်လိုက်ရာ မမျှော်လင့်ဘဲနှင့် ပန်းတနော်သားတစ်ယောက်၏ အမည်ကို ဘွားခနဲတွေ့လိုက်ရခြင်းကြောင့် ဖြစ်၏။

ကိုဘညဏ်. . .။ ပန်းတနော်သား. . . ကိုဘညဏ်။ မြစ်ဝကျွန်းပေါ်ဒေသ၊ ပန်းတနော်မှာ ပန်းချီရေးတဲ့ ကိုဘညဏ်။

တစ်နယ်တည်းသားမို့ ဖေမောင်သည် ကိုဘညဏ်နှင့် သိကျွမ်းခဲ့၏။ သမုဒ္ဒရာ ဝမ်းတစ်ထွာဆိုသလို ကိုယ်သန်ရာသန်ရာ ဝမ်းစာရှာကြရာဝယ် တစ်နယ်စီခြားခဲ့ကြရပြန်၏။

ယခုတော့ သူတို့တစ်တွေ ပြန်ဆုံစည်းကြရပေတော့မည်။

ကာလမှာ ဗြိတိသျှ ကိုလိုနီကာလဖြစ်လေရာ အက်စ်အက်စ် အမရပူရ သင်္ဘောကြီးပေါ်ဝယ် သင်္ဘောသား လူမျိုးခြားများ လှုပ်ရှားလုပ်ကိုင်နေကြသည့် သမယဖြစ်၏။ အင်္ဂလိပ်၊ ပြင်သစ်၊ အိန္ဒိယသင်္ဘောသားကများပြီး မြန်မာသင်္ဘောသားဟူ၍ မောင်ကျော်၊ ထွန်းကြိုင်နှင့် ဖေမောင်တို့သာပါပေသည်။

ဖေမောင်တို့က စက်ခန်းအလုပ်သမားများဖြစ်ကြလေရာ သင်္ဘော ကြီး ခရီးမထွက်မီ၊ အက်ဖ်အိုခေါ် စက်မောင်းဆီများ စနစ်တကျဖြည့်တင်းကြရသည်အက်စ်အေအီးဝမ်းစစ်စတိခေါ် ချောဆီများလည်းဖြည့်တင်းကြရသည်စပေရာခေါ် မီးထိုးပွန်ခေါင်းများကိုလည်းစစ်ဆေးနေ

http://www.cherrythitsar.org



ကြရသည်။ ထို့ပြင် ရေယာဉ်၏ပဲ့ပိုင်းရှိ တက်မစနစ် တယ်လီမိုတာခန်းတွင်လည်း လိုအပ်သည့် အမဲဆီချောဆီများ ဖြည့်တင်းနေကြရသည်။

အလုပ်ကို ဇယ်ဆက်သလိုလုပ်ပြီးနောက် မနက်စာထမင်းစားကြသည်။ သင်္ဘောသားများ ထမင်းစားပြီးချိန် မွန်းလွဲပိုင်းလောက်မှစ၍ ပန်းဆိုးတန်း ကျန်းမာရေးဆိပ်ကမ်း တံတားမှတစ်ဆင့် ခရီးသည်တချို့ တစ်ယောက်ပြီးတစ်ယောက် သင်္ဘောပေါ် တက်လာကြလေသည်။

ဖေမောင် စက်ခန်းတာဝန်ပြီးချိန်တွင် တခြား နိုင်ငံခြားသားများနှင့်အတူ မောင်ကျော်နှင့် ထွန်းကြိုင်တို့က ဘွိုင်လာခန်းတစ်ယောက် စက်ခန်းတစ်ယောက် အလုပ်ဝင်နေကြရ၏။ သူတို့ လေးနာရီ တာဝန်ယူရချိန်တွင် ဖေမောင်က လေးနာရီ နားခွင့်ရနေ၏။

ထို့ကြောင့် သင်္ဘော၏ ဘယ်ဘက်ခြမ်း ဂန်းဝေးခေါ် လူအတက်အဆင်း လှေကားကြီး၏ထိပ်မှနေ၍ ဖေမောင်သည် တက်လာသော ခရီးသည်များကို စောင့်ကြည့်နေမိသည်။

ပိန်ပိန်ပါးပါး၊ အသားညိုစိမ့်စိမ့်မျက်လုံးမျက်ဖန်ကောင်းကောင်း မြန်မာလူရွယ်တစ်ယောက်သည် အနောက်တိုင်းဝတ်စုံကို ကျနသေသပ်စွာ ဝတ်ဆင်ကာ လက်တစ်ဖက်က ခရီးဆောင်အိတ်ကြီးကိုဆွဲပြီး သင်္ဘောပေါ်သို့ တရွေ့ရွေ့တက်လာနေ၏။

တွေ့ပြီ ကိုဘညဏ်ပါလား။ ဖေမောင် ဝမ်းသာသွားသည်။

"ပေး . . . ပေး . . . ကိုဘညဏ်"

ဖေမောင်ကပန်းချီဆရာ၏လက်ဆွဲအိတ်ကြီးကို လှိုက်လှိုက်လှဲလှဲ ပြေးဆွဲလိုက်သည်။ ကိုဘညဏ် အံ့အားသင့်သွားပုံရသည်။

"ဟော့. . . ဖေမောင်"

"ကျွန်တော် ဒီသင်္ဘောမှာ မီးထိုးသမားလုပ်နေတယ် ကိုဘညဏ်"

နှစ်ယောက်သား ဖက်လှဲတကင်း နှုတ်ဆက်မိကြသည်။

ဖေမောင်က ကိုဘညဏ် လိုက်ပါနေထိုင်ရမည့် အခန်းသို့ လိုက်ပို့ သည်။

"မင်း. . . ပန်းတနော်ကို ပြန်ရောက်သေးလား"

ပန်းချီဆရာက မေးသည်။

"လွမ်းတာပေါ့ ကိုဘညဏ်ရာ၊ ဒါပေမဲ့ သင်္ဘောက ခရီးရှည်နေ

http://www.cherrythitsar.org



တော့ စိတ်က ခဏခဏပြန်ရောက်ပြီး၊ လူကိုယ်တိုင်ကတော့ ခြေဦး ပြန်မလှည့်နိုင်တော့တာ ကြာပါပြီ ကိုဘညာဏ်ရာ. . . ”

“မင်းတို့သင်္ဘောမှာမြန်မာသင်္ဘောသားဘယ်နှယောက်ပါလဲကွ”

“သုံးယောက်ဗျ၊ ကျွန်တော့်သူငယ်ချင်း ထွန်းကြိုင်နဲ့ မောင်ကျော် တို့တော့ စက်ခန်းထဲ အလုပ်ဆင်းနေကြလေရဲ့၊ ပင်လယ်ထဲကျမှ ဒီကောင် တွေနဲ့ မိတ်ဆက်ပေးတော့မယ်ဗျာ။ ဒီခရီးစဉ်မှာ လန်ဒန်ရောက်တဲ့အထိ ဘာမှအားမငယ်နဲ့နော် ကိုဘညာဏ်လိုတာရှိ ပြောသာပြော၊ ကျွန်တော်တို့ အတတ်နိုင်ဆုံး စောင့်ရှောက်သွားပါ့မယ်”

“အေးကွာ. . . ငါလည်းမင်းနဲ့တွေ့တာစိတ်တော်တော်ချမ်းသာ သွားတယ်၊ မင်းတို့ မြန်မာသင်္ဘောသားတွေနဲ့ တွေ့ရလို့ပေါ့ကွာ၊ ဒါနဲ့ မေးစမ်းပါဦးမယ်။ ဒီက လန်ဒန်အထိ ဘယ်လောက်ကြာမလဲကွ”

“သင်္ဘောခရီးစဉ်က တစ်လပေါ့ဗျာ၊ ကိုဘညာဏ် တစ်ခါမှ လန်ဒန် မရောက်ဖူးသေးဘူးလား”

“ဟင့်အင်း. . . နိုင်ငံခြားကို ဒါပထမဦးဆုံးအကြိမ်ပဲကွ”

“လာဗျာ. . . ကိုဘညာဏ်. . . လေညင်းခံရင်း သင်္ဘောပဲ့ပိုင်း ကုန်း ပတ်မှာ သွားစကားပြောကြရအောင်၊ ခင်ဗျား ဆေးပေါ့လိပ်သောက်လား၊ စီးကရက်သောက်လား၊ ဆေးပြင်းလိပ်လား”

“ငါက. . . ရန်ကုန်ရောက်မှ စီးကရက်ကြိုက်နေတယ်ကွ”

ပန်းချီဆရာက ပြုံး၍ပြောလိုက်သည်။ စင်စစ်တွင်မူ ပန်းချီဆရာ သည် စကားနည်းသူဖြစ်၏။ အတွေးသမားပေကိုး။ သို့သော်လည်း ဇာတိသားချင်း ပြန်ဆုံရသည်မို့ သူ့ရင်ထဲတွင် လှိုက်လှဲနေပေသည်။ ဖေမောင်က ကိုဘညာဏ်ကို သင်္ဘောမီးထိုးသမားများ နေထိုင်ရန် သတ် မှတ်ပေးထားသည့် အိပ်ခန်းသို့ ခဏခေါ်သွားသည်။

“ဒါက. . . မောင်ကျော်ရဲ့အိပ်စင်၊ ဟိုဟာက ထွန်းကြိုင်အိပ်တဲ့ အိပ်စင်၊ ကျွန်တော်က ဒီအိပ်စင်မှာအိပ်တယ်၊ သင်္ဘောသားဘဝဆိုတော့ ခပ်ကြမ်းကြမ်းပဲ ကိုဘညာဏ်ရေ့. . . ရော့ဗျာ စီးကရက်တစ်တောင့်”

ဖေမောင်က. . . လော့ကာခေါ် သင်္ဘောသားများ အသုံး အဆောင်ပစ္စည်းထားရာ၊ သံဗီရိုတစ်လုံးထဲမှ အံဆွဲတစ်ခုကိုဆွဲဖွင့်လိုက်ပြီး၊ ဆယ်ဘူးပါ စီးကရက်တစ်တောင့်ကိုယူကာ ပန်းချီဆရာ့ကို ပေးလိုက်

http://www.cherrythitsar.org



သည်။

“ကုန်သွားရင် ကျွန်တော့် သတိပေးနော် ကိုဘညာဏ်”

“ကျေးဇူးပါပဲကွာ”

သူတို့နှစ်ယောက် သင်္ဘောပဲ့ပိုင်း ကုန်းပတ်သို့ တက်ခဲ့ကြသည်။

ဩဂုတ်လ၏ မိုးရိပ်မိုးငွေ့လေးတွေကတော့ သန်းနေ၏။ ရန်ကုန် မြစ်ကြီးအတိုင်း လှမ်းကြည့်လိုက်တော့ တွံတေး တူးမြောင်းဝဘက်ဆီ လောက်မှာ မိုးသားနည်းနည်းလေး ညို့တက်နေတာတွေ့ရသည်။ မိုးတွင်း ကာလမို့ မြစ်က ဝါညစ်ညစ်အရောင်။ စင်ရော်တွေ ပင်လယ်ပြန်ပြေး ချိန်မို့ တစ်ကောင်မှမတွေ့ရ။ မိုးက ရွာမချသေး။ ညကျ ပင်လယ်ထဲ ရောက်မှ တစ်မလောက်တော့ ရွာချလိမ့်မည်ထင်သည်။ နှစ်ယောက်သား စီးကရက်တစ်လိပ်စီဖွာရင်း သင်္ဘောကြီးပေါ် တက်လာနေကြသော ခရီး သည်တချို့နှင့်၊ ကုန်တင်ကုန်ချလုပ်ငန်းကို လှမ်းကြည့်နေမိကြသည်။

“ဘယ်တုန်းက. . . ရန်ကုန်ကို ရောက်တာလဲ ကိုဘညာဏ်”

ဖေမောင်ကသင်္ဘောကုန်းပတ်ဘေးကာတန်းလက်ရန်းသံတိုင်ကို ကျောမှီရင်း၊ စီးကရက်ဖွာနေရာမှ ပန်းချီဆရာကို မေးလိုက်သည်။

“လွန်ခဲ့တဲ့ သုံးနှစ်လောက်ကမှ ရန်ကုန်ရောက်တာကွ၊ ဒီ့အရင်က မော်လမြိုင်မှာ ငါနေခဲ့ရသေးတယ်” ကိုဘညာဏ်က ပြောပြသည်။

“ခင်ဗျားနဲ့ကျွန်တော်ပန်းတနော်မှာ နောက်ဆုံးတွေ့ခဲ့ကြတုန်းက စပ်ဆရာ ဦးဖိုးမောင်ကြီးဆီမှာ ခင်ဗျား ပန်းချီသင်နေတဲ့အချိန်နော်. . . အဲဒီ့နောက်ပိုင်း ကျွန်တော်လည်း ရန်ကုန်ရောက်ပြီး သင်္ဘောအလုပ် ဝင်လုပ်တော့တာပဲဗျ၊ ခင်ဗျား ဘယ်တွေဘယ်လိုရောက်တယ်ဆိုတာ အဆက်ပြတ်သွားခဲ့တယ်လေ”

ဖေမောင်က သူသတိရသမျှ ပြောပြနေမိသည်။

“ဒါနဲ့. . . နေပါဦး. . . ခင်ဗျားက. . . ဘယ့်နှယ်ကြောင့် မော်လမြိုင် ရောက်ရတာတုံး”

ဖေမောင်ကမေးသည်။

“ဆရာ ဦးဖိုးမောင်ဆီမှာ ငါပန်းချီရေးတာ သင်နေတုန်း၊ ပန်းတနော်ကို မအူပင်အရေးပိုင် မေဂျာရောဇတ်ဆိုတဲ့ အင်္ဂလိပ်လူမျိုးတစ်ယောက် နယ်လှည့်ရင်း ရောက်လာတယ်ကွ၊ ဆရာဦးဖိုးမောင်ရဲ့ စပ်ဆရာ

http://www.cherrythitsar.org



အလုပ်ရုံကို ဝင်လာတယ်။ ငါ့ကို ဆရာ့တပည့်မှန်းသိတော့ တိုးနယားရုပ် ရေးခိုင်းတယ်။ ငါရေးပြတာကို သဘောကျလို့ ဆုငွေပေးသွားတယ်။ ငါ့မှာ ပန်းချီနဲ့ပတ်သက်ပြီး လက်စလက်နရှိတယ်ဆိုပြီး၊ အဲဒီ့အရေးပိုင်က မြန်မာပြည်အစိုးရကို အကြောင်းကြားလိုက်တယ်။ ဒါနဲ့ မော်လမြိုင်က နော်မံကျောင်းမှာ ကျောင်းတက်ဖို့ အစိုးရဆီက ထောက်ပံ့ကြေးရတာနဲ့ မော်လမြိုင်ရောက်သွားတာပဲကွ"

ပန်းချီဆရာက ပြောပြသည်။

"အကြောင်းကောင်းသွားတာပေါ့နော် ကိုဘဉာဏ် ဘာပဲဖြစ်ဖြစ်ဗျာ၊ ကျွန်တော်တို့နယ်သားတွေ အဲလိုမျိုး ဗဟုသုတ တိုးတက်တိုးပွားစေချင်တယ်ဗျာ ကဲဆိုစမ်းပါဦး၊ မော်လမြိုင်ရောက်တော့ ခင်ဗျားတို့ကျောင်းက ဆရာကြီးက သဘောကောင်းရဲ့လား၊ အင်္ဂလိပ်ကြီးပဲထင်တယ်"

"ဆရာကြီးက ဆရာမတ်တဲ့ကွ။ စိတ်ရင်းကောင်းပြီး တပည့်တွေကို သိပ်ဂရုစိုက်ပါတယ်။ ငါတို့ကို ပုံဆွဲသင်ပေးတဲ့ဆရာက ဦးဘိုးစိန်တဲ့။ ငါ အဲဒီ့ ကျောင်းက (၇)တန်းအောင်တယ်။ ကျောင်းပေါင်းစုံ ပန်းချီပြိုင်ပွဲမှာ စတုတ္ထမြောက် ဂျော့ဘုရင် ပုံတူတစ်ကား၊ ဆရာကြီးရေးခိုင်းလို့ ငါရေး တယ်။ ဒီပုံကြောင့် ငါတို့နော်မန်ကျောင်းက ပထမဆုရပါရော။ ဘုရင်ခံနဲ့ ပညာမင်းကြီးက ချီးကျူးစာတွေ ရေးပို့လိုက်ကြတယ်။ ငါ့သတင်းက ပျံ့ သွားတာပေါ့လေ။ မော်လမြိုင် ရှင်မက်သရူးကျောင်းက ဆရာကြီး ကင့်ချ် ကလည်း၊ သူအားတဲ့အခါ ငါ့ကိုခေါ်ခေါ်ပြီး ပန်းချီသင်ပေးတယ်ကွ၊ အင်္ဂလိပ်စာလည်း သင်ပေးပါတယ်"

"ဒါဆိုရင် ခင်ဗျား မော်လမြိုင်ရောက်တဲ့အချိန်မှာ ဘုရင်ခံက ဆာဟာကုတ်ဘတ္တလာနဲ့တူတယ် ဟုတ်လား"

"အေး သူ့လက်ထက်ပေါ့ကွာ၊ အဆုတ်ရောဂါပါရဂူ ဒေါက်တာ လန်ကတ်စတာဆိုတဲ့လူက မြန်မာပြည်မှာ အဆုတ်ရောဂါ လေ့လာဖို့ဆိုပြီး ရောက်လာရင်း မော်လမြိုင်ရောက်တော့ ငါ့ပန်းချီကားတချို့ တွေ့သွားတယ်ကွ၊ ရန်ကုန်ရောက်တဲ့အခါ ငါ့ကိုအကူအညီပေးဖို့ ဘုရင်ခံကို သူက စကားစခဲ့တယ်။ ရန်ကုန်ကလှမ်းတောင်းလို့ ငါ့ပန်းချီကားတွေ ပို့ပေးပြီး သိပ်မကြာပါဘူးကွာ၊ ရန်ကုန်က ပါမောက္ခဝပ်ဒ်ဆီ ငါရောက်လာပြန်ရော့ ပေ့"

http://www.cherrythitsar.org



ဖေမောင်က. . . ကိုဘညာဏ်ပြောတာကို စီးကရက်ဖွာရင်း နားစွင့် နေရာမှ၊

"ရန်ကုန်ရောက်တော့ ဘယ်မှာနေရလဲ ကိုဘညာဏ်"

ဟု မေးလိုက်သည်။

"ငါတို့ မြန်မာအမျိုးသမီးကြီး ဒေါ်မြမေဆိုတာက ကင်းဘရစ်ချ် တက္ကသိုလ်ပါမောက္ခ ဂျိမ်းဝပ်ဒ်ရဲ့ မိတ်ဆွေလေ၊ ဂျိမ်းဝပ်ဒ်ဆိုတာက အခု ငါ့ကိုခေါ်ထားတဲ့ ဆရာကြီးဝပ်ဒ်ရဲ့ အဖေပေါ့။ ဆရာကြီးဝပ်ဒ် ရန်ကုန် ရောက်တော့၊ ဒေါ်မြမေက သူ့အိမ်အောက်ထပ်မှာ အခန်းတစ်ခန်းပေး တယ်။ ဆရာကြီးဝပ်ဒ်က ငါနဲ့ ငါ့ညီဘဖန်ကို သူ့အခန်းမှာခေါ်ထားတယ်"

"ဩော် ခင်ဗျားညီ ဘဖန်ပါ ရန်ကုန်ရောက်နေတာကိုး"

"အေးကွာ. . . ဘဖန်က. . . ငါ့ကို တော်တော်ကူညီပါတယ်။ ပန်း တနော်မှာနေတုန်းက သူကလည်း ပန်းချီဝါသနာပါတော့ ငါပုံတွေထိုင် ရေးပြီဆိုရင် လူပုံအချိုးအစားကျအောင် သူ့ကိုပဲ ကိုယ်နေကိုယ်ထားပြ ခိုင်းပြီး ကြည့်ကြည့်ရေးခဲ့ရတာကိုး၊ ဒါကို ဆရာကြီးဝပ်ဒ်ကို ပြောပြတော့ သူက ဘဖန်ကိုပါ ရန်ကုန်ခေါ်လိုက်တာပဲ"

"ရန်ကုန်ရောက်တော့ ဘာအလုပ်လုပ်ရလဲ ကိုဘညာဏ်"

"ဆရာကြီးဝပ်ဒ်က ငါ့ကို ရန်ကုန်ဟိုက်စကူးကျောင်းမှာ ပုံဆွဲဆရာ အလုပ်သွင်းပေးတယ်လေ၊ ဆရာကြီးက မြန်မာပြည် ပန်းချီအသင်းရဲ့ လူကြီးတစ်ယောက်ပေါ့၊ ပန်းချီသင်တန်း ဆရာကြီးပေါ့ကွာ၊ ဒါနဲ့ ဖေမောင် မင်းလည်း ပန်းတနော်မှာတုန်းက ပန်းချီရေးဝါသနာပါတယ် မဟုတ်လား ကွ"

ကိုဘညာဏ်က ဖေမောင့်ကို ဖျက်ခနဲမေးလိုက်သည်။ ဖေမောင့် မျက်နှာကြီး ငေးငိုင်သွားသည်။

"အဖေမသေခင်က ကျွန်တော့်ကို အဖေက ကျောင်းပညာရော၊ ပန်းချီပါတတ်စေချင်လို့ အားပေးခဲ့တာဗျ၊ အဖေဆုံးသွားတော့ ကျန်ခဲ့တဲ့ မိထွေးနဲ့ ဖအေတူ မအေကွဲသားချင်းတွေက ဆန်စက်က ငွေရဖို့ပဲ စိတ်ထဲ တွေးပြီး၊ ကျွန်တော့်ပညာရေးလည်း ဖြစ်ဖြစ်မြောက်မြောက် အားမပေးကြ တော့၊ စိတ်ပျက်ပျက်နဲ့ ရန်ကုန်ထွက်လာခဲ့တာပါ။ ရန်ကုန်ရောက်တော့ ကြည့်မြင်တိုင် အိုးဘိုတန်းထဲက သူငယ်ချင်း မောင်ကျော့် အိမ်မှာတည်း

http://www.cherrythitsar.org



တယ်၊ မောင်ကျော်က စက်ပြင်တဲ့အလုပ် အရမ်းဝါသနာကြီးတဲ့ သူငယ် ချင်း၊ ပုဇွန်တောင် စက်ဆန်းဘက်က ဆရာကြီးဖရန်စစ်ဆိုတဲ့ အင်္ဂလိပ် တရုပ်စပ်ကပြား စက်ဆရာကြီး အလုပ်ရုံမှာ ဒီကောင်ဆွဲဆောင်လို့ ကျွန်တော်ပါ စက်ပြင်အလုပ်တွေ လိုက်သင်မိတယ်၊ ခုတော့ အသက်မွေး ဝမ်းကျောင်းလည်းဟုတ် ဝါသနာပါတဲ့အလုပ်လည်း ဖြစ်သွားပြီပေါ့ ကို ဘညာဏ်ရာ. . . ဆရာကြီး ဖရန်စစ်က ပင်လယ်ကူးသင်္ဘော ကုမ္ပဏီကြီး တွေနဲ့ အဆက်အသွယ်ရှိတာကိုးဗျ၊ သူက ကျွန်တော်တို့ကို ဟော့ကောင် တွေ မင်းတို့ ငါ့အလုပ်ရုံမှာ တော်လောက်ပြီ၊ မင်းတို့ဘဝတိုးတက်ဖို့ သင်္ဘောလိုက်ကြ၊ ငါဆက်သွယ်ပေးမယ်ဆိုပြီး၊ အခု အက်စ်အက်စ် အမရပူရ သင်္ဘောကုမ္ပဏီက လူကြီးတွေလက်ထဲ အပ်ပေးလိုက်တာပဲဗျ"

"ကောင်းတာပေ့ါ ဖေမောင်ရာ၊ နိုင်ငံစုံ ဗဟုသုတရတာပေ့ါ၊ မင်း တို့ အဲဒီ ဆရာကြီးဖရန်စစ်ကို ကျေးဇူးတင်ရမယ်"

"တကယ်တော်တဲ့ ဆရာကြီးပါဗျာ၊ တပည့်တွေကိုသားသမီးရင်း လို၊ မြေတောင်မြှောက်ပေးတဲ့ ဆရာကြီးပါ၊ ခင်ဗျားနဲ့တွေ့တော့ ကျွန်တော် ငယ်ငယ်က ဝါသနာပါခဲ့တဲ့ ပန်းချီရေးချင်စိတ်လေးက ပြန်လှုပ်လာတယ် ကိုဘညာဏ်ရေ သင်္ဘောထွက်တဲ့အခါ ပင်လယ်ထဲမှာ ပန်းချီတွေထိုင်ရေး ဦးမလား ကိုဘညာဏ်"

"ရေးမှာပေ့ါကွ၊ ရာသီဥတုသာယာရင် ရေးမှာပဲ"

"ရေးဗျာ၊ ကျွန်တော် စက်ခန်းထဲက. . . တက်တက်လာပြီး ခင်ဗျားရေးတာ ထိုင်ကြည့်မယ်"

"ဘယ်ဟုတ်မလဲ ဖေမောင်ရ. . . မင်းလည်း ထိုင်ရေးပေ့ါ၊ ငါ့မှာ ပန်းချီပစ္စည်း အစုံပါပါတယ်ကွ"

"အေးပေ့ါဗျာ. . . အချိန်ရရင် ရေးပါ့မယ်၊ ပြင်သစ်နဲ့ လန်ဒန် ရောက်တဲ့အခါ ကျွန်တော့်လစာထဲက ငွေနည်းနည်းထုတ်ပြီး ခင်ဗျား အတွက် အမှတ်တရ ပန်းချီပစ္စည်းလေးတွေ ဝယ်ပေးပါဦးမယ်"

ဖေမောင့်စကားကြောင့် ပန်းချီဆရာက ပြုံးလိုက်သည်။ သူ့စိတ်ထဲတွင်ဖေမောင့်ကိုနိုင်ငံစုံရောက်နေသောသင်္ဘောသားအဖြစ်မြင်ချင်မိ သလို၊ ပန်းချီရေးတဲ့ ဖေမောင်အနေဖြင့်လည်း မြင်ချင်မိသည်။

မှတ်မိသေးသည်။ ပန်းတနော်မှာတုန်းက အနောက်ပိုင်းရှိ ဆရာ

http://www.cherrythitsar.org



ဟန် မူလတန်းကျောင်းကလေးတွင် အတူတကွ ကျောင်းနေခဲ့ကြစဉ်က၊ ဖေမောင် ကျောက်သင်ပုန်းပေါ်တွင် ရေးပြခဲ့ဖူးသော ပုံလေးတစ်ပုံကို သတိရနေမိသည်။

ပန်းတနော်မြစ်ဆိပ်တွင် တွေ့ရတတ်သော တစ်ယောက်ထိုင် လှေ ကားတစ်စင်း၏ ပုံဖြစ်သည်။

"ဘာပဲဖြစ်ဖြစ်ကွာ၊ အားတဲ့အခါတော့ပန်းချီရေးပါဖေမောင်ရာ"

ကိုဘညဏ်က အားပေးစကားဆိုသည်။

"အေးဗျာ. . . ခင်ဗျားနဲ့တွေ့တော့လည်း စိတ်ထဲမှာ အားတက် မိတယ်၊ အခု ခင်ဗျား လန်ဒန်ကိုသွားမှာ ပန်းချီကိစ္စပဲလား"

"အေး. . . ဟုတ်တယ်၊ ရန်ကုန်ရောက်တော့ ဟိုက်စကူးမှာ လက်ထောက်ပုံဆွဲဆရာလုပ်နေရင်း၊ဆရာကြီးဝပ်ဒ်တို့ဆီမှာပန်းချီသင်ရတယ်။ ဆရာကြီးက ငါ့ကို ဆီဆေးရေးနည်းသင်ပေးတယ်၊ ဆရာကြီးမာတင်ဂျုံးက လူ့ခန္ဓာကိုယ် အချိုးအစားရေးနည်းတွေ သင်ပေးတယ်။ ပထမဆုံး ငါ့ရဲ့ ပန်းချီကားတွေပြတဲ့ပွဲကို မြန်မာအမျိုးသမီးကြီးဒေါ်မြမေ တည်ထောင်တဲ့ အလယ်တန်း ယောကျ်ားကလေးကျောင်းခန်းမမှာ ပြခဲ့တယ်။ ဆရာကြီး ဝပ်ဒ်၊ ကိုစံဝင်း၊ ကိုသာထွန်း၊ ငါ့ညီဘဖန်နဲ့ ငါ့ကားတွေပြခဲ့တယ်။ မဂ္ဂဇင်း ဂျာနယ်တွေမှာလည်း ပုံတွေဝင်ရေးတယ်။ မြန်မာဒီဇိုင်းတွေလည်း ငါ တီထွင်ခဲ့တယ်။ ကျောင်းသုံးစာအုပ် ကော်မီတီက ငါ့ဒီဇိုင်းတွေကို ဝယ်ယူ ခဲ့တယ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပြပွဲကြီးမှာ မိုနိုခရုမ်းလို့ခေါ်တဲ့ အရောင် တစ်ရောင်တည်းရေးချက် ပန်းချီကားနဲ့ ငါ ငွေတံဆိပ်ရတယ်လို့ သိရ တယ်၊ ဆုက မပေးသေးဘူး။ မြန်မာပြည် ပန်းချီအသင်းကြီးက ဆရာကြီး ဝပ်ဒ်တို့က သူတို့စရိတ်နဲ့ ငါ့ကို အင်္ဂလန်ပို့ပြီး ပန်းချီပညာသင်ခိုင်းဖို့ စီစဉ် တာ အင်္ဂလိပ်အစိုးရက သဘောတူလို့ အခု မင်းတို့သင်္ဘောကြီးပေါ် ရောက်လာတာပဲ ဖေမောင်ရေ့. . .။

"လန်ဒန်ရောက်တော့ခင်ဗျား. . . ဘယ်သူနဲ့ ဆက်သွယ်ရမလဲ"

"ဆရာကြီးလုစ် ဆိုတာရှိတယ်လေ"

"ဘယ်ကျောင်းမှာ တက်ရမလဲ ကိုဘညဏ်"

"တော်ဝင်ပန်းချီကျောင်းတဲ့ကွ၊ ဝင်ခွင့်ရဖို့တောင်မှ၊ ကိုယ်တိုင် ရေးထားတဲ့ ပန်းချီကား (၃)ကား၊ ပညာအရည်အချင်းနဲ့ ကိုယ်ရေးမှတ်

http://www.cherrythitsar.org



တမ်းပေးပြီး အရည်အချင်းစစ် စာမေးပွဲအောင်မှ ဝင်ခွင့်ရမှာတဲ့ကွ"

"ကြိုးစားပေါ့ ကိုဘညဏ်ရာ၊ တကယ်လို့ ဝင်ခွင့်ရရင်၊ ဘယ်လောက် ထောက်ပံ့ကြေးရမလဲ"

"လောလောဆယ်အခြေအနေမှာ ငါတို့ မြန်မာပြည်က လွတ်လပ်ရေး မရသေးတော့၊ အိန္ဒိယပြည်ရဲ့ လက်အောက်ခံဖြစ်နေတယ်။ တကယ် လို့ တော်ဝင်ပန်းချီကျောင်းမှာ ဝင်ခွင့်ရခဲ့ရင် လန်ဒန်မှာရှိတဲ့ အိန္ဒိယ ရုံးကြီးမှာ (၁)နှစ်စာ ထောက်ပံ့ကြေး ပေါင် ၃၀၀ ထုတ်ယူရမယ်လို့ ဆရာကြီးဝပ်ဒ်တို့ကမှာလိုက်တယ်။ တောင်ဝင်ပန်းချီကျောင်းကလည်းကွာ၊ တစ်နှစ်မှာ ကျောင်းသားသစ်က တစ်ရာထက် ပိုလက်မခံတဲ့ ကျောင်းတဲ့ကွ၊ စည်းကမ်းကြီးတယ်၊ အဆင့်မြင့်တယ်တဲ့၊ ကျောင်းအုပ်ကြီးက စတိန်းဆိုလား၊ ဟိုကျမှ တွေ့ရမှာပဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့ကိုဘညဏ်ရာ ရောက်တဲ့နေရာကနေ အကျိုးအကြောင်းတော့၊ ကျွန်တော်နဲ့စာရေး အဆက်အသွယ်လည်း မပြတ်စေနဲ့ဗျာ၊ ကျွန်တော်တို့ သင်္ဘောကုမ္ပဏီလိပ်စာနဲ့ စာရေးဗျာ၊ ကျွန်တော်လည်း တတ်နိုင်သမျှ ကူညီမယ်။ ကျွန်တော်က ပင်လယ်သမုဒ္ဒရာကြီးထဲ စွန့်စားရသလို ခင်ဗျားရဲ့ဘဝကလည်း ပန်းချီခရီးလမ်း စွန့်စားခန်းတစ်မျိုးပဲဗျ၊ ကျွန်တော်လည်း ခင်ဗျားရှိတဲ့နေရာကို ရောက်ရာမြို့က စာလှမ်းလှမ်းရေးမယ်၊ အဆက်အသွယ် မပြတ်စေနဲ့နော် ကိုဘညဏ်"

ကိုဘညဏ်က ဖေမောင့်မျက်နှာကို စူးရှသောမျက်လုံးများဖြင့် အံ့အားတသင့်ကြည့်လိုက်ပြီး

"မင်းပြောလိုက်တဲ့စကားက ငါ့ဘဝနဲ့တိုက်ရိုက်ပဲ ဖေမောင် ဟုတ် တယ်. . . ငါ့စိတ်ထဲမှာ ပန်းချီကလွဲပြီး ဘာမှမရှိသေးဘူး၊ ဒါပေမဲ့ အဲဒီစိတ် အတွက် ငါသွားနေတဲ့လမ်းဟာ ခရီးကြမ်းပဲစွန့်စားရတာပေါ့ကွာ"

ငယ်ပေါင်းနှစ်ယောက် စကားကောင်းနေကြဆဲတွင် ရန်ကုန်မြစ်ရေ၏ ရေတက်နှုန်းက တစ်စထက်တစ်စ မြင့်မားလာပြီဖြစ်သည်။ ညနေ (၃)နာရီခွဲ။

အက်စ်အက်စ်အမရပူရသင်္ဘောကြီး၏ စ က် သံ ‌ တေ ွ မြည်ဟီးတုန် ခါလာသည်။ မကြာမီ ရန်ကုန်မှ သင်္ဘောခွာတော့မည်။ ရေကြောင်းပြ အရာရှိရောက်ရှိကြောင်း အလံကလေး ရွက်တိုင်ထိပ်ဖျားသို့

http://www.cherrythitsar.org



တင်လိုက် သည်ကို တွေ့ကြရ၏။ ကုန်ပစ္စည်းလည်းစုံပြီ။ ခရီးသည်တွေလည်း ရောက် ကုန်ကြပြီ။ သင်္ဘောသားတချို့က ရေယာဉ်ထွက်ခွာရန် မိမိတို့သက်ဆိုင် ရာ နေရာအသီးသီးတွင် နေရာယူလိုက်ကြသည်။ ကျောက်ဆူးနုတ်ရမည့် ကျောက်ကြိုးတင်ရမည့် သင်္ဘောသားများ၊ ဦးကြိုး၊ အလယ်ကြိုး၊ ပဲ့ပိုင်း ကြိုးဖြုတ်ရမည့် သင်္ဘောသားများသည် ကုန်းပတ်အသီးသီးတွင် နေရာယူ ထားကြပြီဖြစ်သည်။ ပဲ့စင်ပေါ်တွင် သင်္ဘောကက်ပ်တန် ရေယာဉ်မှူးနှင့် ပဲ့ကိုင်သင်္ဘောသားများ၊ အရာရှိများ ရောက်နေကြပြီ။ ရေကြောင်းပြ အရာရှိက ကျန်းမာရေးဆိပ်ကမ်းမှတစ်ဆင့် ရန်ကုန်မြစ်ဝ ဖယ်ရားဝေး မီးပြရောက်သည်အထိ သောင်မငြိဘဲ လမ်းကြောင်း ကောင်းမွန်ချောမော အောင် သင်္ဘောကြီးကို ယူဆောင်မောင်းနှင်ပေးသွားမည် ဖြစ်သည်။

သင်္ဘောကက်ပ်တန် မာလိန်မှူးကြီးနှင့်တကွ အရာရှိများ၊ သင်္ဘော သားများသည် ရေကြောင်းပြအရာရှိ၏ အမိန့်ကိုနာခံ၍ လုပ်ဆောင်နေ ကြရသည်။ ပင်လယ်ဝရောက်သည့်အခါကျမှ ခရီးစဉ်အတိုင်း ဆက်လက် ခုတ်မောင်းရန်၊ သက်ဆိုင်ရာ ကက်ပ်တန် မာလိန်မှူးကြီးလက်သို့ သင်္ဘော ကို ပြန်လည်အပ်နှံပြီး သူ့ကိုလာကြိုသည့် ပိုင်းလော့ဘုတ်ခေါ် ရေကြောင်း ပြ သင်္ဘောကလေးပေါ် ပြန်ဆင်းကာ ရန်ကုန်ဆိပ်ကမ်းသို့ ပြန်လာခဲ့ရမည် ဖြစ်သည်။

မကြာမီမှာပင် အက်စ်အက်စ် အမရပူရသင်္ဘောကြီးသည် ခရီး သည်များ၊ ကုန်ပစ္စည်းများကိုတင်ဆောင်ကာ ကမ္ဘာ့ရေပြင်ကြီးဆီသို့ ဦးတည်ထွက်ခွာလာခဲ့ပါ၏။

* * *

http://www.cherrythitsar.org



"ဟေ့ ထွန်းကြိုင်နဲ့ မောင်ကျော် ခရီးသည်အိပ်ခန်း ကေဘင်နံပါတ် (၅)မှာ ပန်းတနော်က ငါ့မိတ်ဆွေပန်းချီဆရာ ကိုဘညဏ်ဆိုတာပါလာတယ်။ စက်ခန်းထဲမှာ ငါဂျူတီဝင်နေတုန်း သူ့ကို ဘာလိုအပ်လဲဆိုပြီး အကူအညီသွားပေးလိုက်ပါဦးကွာ"

ဖေမောင်က သူစက်ခန်းသို့အဝင် စက်ခန်းမှာ (၄)နာရီ တာဝန်ယူပြီး ပြန်တက်လာကြသည့် သင်္ဘောသားတွေထဲမှ မြန်မာနှစ်ယောက်ဖြစ်သည့် မောင်ကျော်နှင့် ထွန်းကြိုင်တို့အား လှမ်းပြောလိုက်သည်။

"ဟုတ်လား. . . ပန်းချီကိုဘညဏ်ဆိုတဲ့နာမည် ငါတို့လည်းကြားဖူး တယ်. . . သူက ပန်းတနော်သားကိုး. . . စိတ်ချဖေမောင် ငါတို့သူ့ကို သွားတွေ့လိုက်မယ်"

မောင်ကျော်က ပြောပြောဆိုဆိုဖြင့်၊ ထွန်းကြိုင်ကိုခေါ်ကာ ကေဘင် အမှတ် (၅)ဆီသို့ ထွက်လာခဲ့ကြသည်။

သူတို့ ရောက်သွားသောအခါ ကိုဘညဏ် လှိုင်းအနည်းငယ်တောက်ချင်သလို ဖြစ်နေသည်ကို တွေ့ရသည်။

ကိုဘညဏ်၏ နဖူးပြင်တွင် ချွေးစေးလေးတွေ ပျံနေ၏။ လှိုင်းသိပ် မူးလာလျှင် မျက်နှာပါ ဖြူဖပ်ဖြူလျော် ဖြစ်သွားနိုင်သည်။

သင်္ဘောကြီးကား ပင်လယ်ဝကို ကျော်ခဲ့လေပြီ။

မိုးရာသီကာလ ဩဂုတ်လမို့ ပြီးခဲ့သည့် ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်လ

http://www.cherrythitsar.org



လောက်ကတည်းက လှိုင်းထစေခဲ့သော ပင်လယ်သည် ပိုမို၍ ဂယက်ထနေကြ၏။ ညနေသည်လည်း မှောင်ရိပ်သိပ်သည်းပေပြီ။

"အန်သေးလား ကိုဘညာဏ်"

ကိုဘညာဏ်က မော်ကျော်၏အမေးကို ခေါင်းခါပြရင်း. . .

"နဖူးမှာချွေးတွေစို့လာပြီး ရင်ထဲက လှပ်လှပ်လှပ်လှပ်နဲ့ ပျို့တက် လာတယ်ဗျ. . . မြစ်ထဲချောင်းထဲ ကြီးပြင်းလာခဲ့ရပေမဲ့ ပင်လယ်ခရီးက အခုမှ ပိုလှိုင်းကြီးတာ ကြုံရဖူးတော့ လှိုင်းနည်းနည်းမူးချင်တယ်" ဟု ပြောသည်။

"တစ်လလောက် ကြာမယ့်ခရီးပဲဗျာ၊ နောက်ရက်တွေမှာ ကျင့်သားရသွားမှာပါ. . . ညနေစာ ထမင်းဆင်းစားတော့လေ ကိုဘညာဏ် . . . ထမင်းစားခန်းမှာ ခင်ဗျားတို့ခရီးသည်တွေအတွက် အဆင်သင့်ပါပဲ"

ထွန်းကြိုင်က ပြောပြသည်။

"ရင်ထဲပျို့တက်နေတော့ စားချင်စိတ်တောင် သိပ်မရှိသလိုပဲ"

ကိုဘညာဏ်က ပြောပြသည်။

"လှိုင်းမူးတာက အရက်မူးတာတို့၊ ကွမ်းမူးတာတို့နဲ့ မတူဘူး ကိုဘညာဏ်ရဲ့၊ ရင်ထဲမှာအစာရှိမှ သက်သာတယ်။ လှိုင်းမူးလို့အန်တဲ့သူတွေ အစာမစားဘဲနေရင် ပိုပြီး ကတုန်ကယင်ဖြစ်ကြတာပေါ့ဗျာ။ လှိုင်းသိပ်မူးလို့ အော့အန်မိရင်တောင်မှ ဝမ်းထဲမှာအစာရှိထားတော့ အစာခံရှိထားရင်ခံသာတာပေါ့. . . ထမင်းမစားချင်ရင်လည်း ဖီးကြမ်းငှက်ပျောသီးဖြစ်ဖြစ် သဘော်သီးမှည့်ဖြစ်ဖြစ် ရင်အေးအောင် အဝစားထားဗျာ. . . အစာလည်းကြေလွယ်တယ်၊ ဝမ်းလည်းမှန်တယ်. . . ဝမ်းချုပ်ရင်လည်း လှိုင်းမူးတတ်တယ်ဗျ. . . ကဲ. . . မောင်ကျော်ရေ. . . ကိုဘညာဏ်အတွက် အသီးအနှံတစ်ခုခု ပြေးယူချေကွာ"

ထွန်းကြိုင်စကားကြောင့် မောင်ကျော်လည်း ပင်ထရီခေါ် စားသောက်ဖွယ်ရာများထားသည့် အခန်းသို့သွားကာ အစားအစာ တာဝန်ယူရသည့် သဘော်သား၊ ချန်ဒရာအား အကျိုးအကြောင်းပြောပြပြီး နာနတ်သီးစိတ်နှစ်စိတ်နှင့် သဘော်သီးမှည့်တစ်ခြမ်းတို့ကို ယူလာခဲ့ပြီး ကိုဘညာဏ်ကို ကျွေးလိုက်သည်။

"အိပ်ခန်းထဲမှာ. . . ခေါင်းအုံးမြင့်မြင့်လေးထားပြီး တုံးလုံးလှဲနေ

http://www.cherrythitsar.org



လိုက်ပေ့ါ ကိုဘညာဏ်. . . အိပ်ပျော်သွားရင်လည်း လှိုင်းမူးသက်သာသွားမှာပါ”

မောင်ကျော်က ကိုဘညာဏ်အတွက် သောက်ရေတစ်ခွက်နှင့် လက်သုတ်ပဝါလှမ်းပေးရင်းက ပြောလိုက်သည်။

“ကဲ. . . မနက်မှ တွေ့ကြသေးတာပေ့ါ၊ အကြောင်းရှိရင် သဘော်ာ သား နားနေခန်းဆီမှာ ကျွန်တော်တို့ရှိတယ် ချက်ချင်းအကြောင်းကြား နော်။ ကိုဘညာဏ် ကျွန်တော်တို့ ရေမိုးချိုး ထမင်းစားလိုက်ဦးမယ်”

သူတို့နှစ်ယောက် နှုတ်ဆက်၍ ကုန်းပတ်အလယ်ပိုင်းပေါ် တက်ခဲ့ကြသည်။

သူတို့တက်သွားတော့ အိပ်ခန်းထဲမှာ ကိုဘညာဏ်တစ်ယောက်တည်း လဲလျောင်းရင်း ကျန်ရစ်ခဲ့သည်။

မိဝေးဖဝေး၊ သားချင်းဝေး၊ ဆရာသမားဝေး ထွက်လာရသော ခရီး စဉ်တွင် ယခုလို မိတ်ဆွေကောင်းများနှင့် တွေ့ရသည့်အတွက် သူ့မှာ စိတ်သက်သာရာရမိသည်။

ရပ်ဝေးပန်းတနော်မြို့ကလေးတွင် ကျန်ရစ်ခဲ့သည့် ဖခင် ဦးဘအို နှင့် မိခင် ဒေါ်ညိုတို့ကိုလည်း သတိရနေမိသည်။

မော်လမြိုင်မှ ဆရာကြီးမတ်၊ ဆရာကြီးကင့်ချ်နှင့် ရန်ကုန်မှ ဆရာကြီးဝပ်ဒ်တို့ကိုလည်း သတိရနေမိသည်။ သြော်. . . ပြည်ပခရီး၏ အစပါတကား. . .။

* * *

http://www.cherrythitsar.org



ကျင့်သားရ၍လားတော့မသိ။ နောက်ရက်များတွင် ကိုဘညာဏ် တစ်ယောက် လှိုင်းသိပ်မမူးတော့ပေ။ မနက်စာ၊ နေ့လယ်စာ၊ ညစာလည်း စားနိုင်လာသည်။

မိုးသက်လေမဖေ့ဘဲ. . . ကောင်းကင်ကြည်လင်သော နေ့များတွင် ကုန်းပတ်တစ်နေရာ၌ ကိုဘညာဏ် ပင်လယ်ရှုခင်းပန်းချီတွေ ထိုင်ရေးနေ တတ်သည်။

မိတ်ဆွေသူငယ်ချင်း သင်္ဘောသားများဖြစ်သော ဖေမောင်၊ ထွန်း ကြိုင်နှင့် မောင်ကျော်တို့ကလည်း သူတို့ပုံတူကားချပ်လေးတွေ အမှတ်တရ ရေးခိုင်းသဖြင့် ကိုဘညာဏ်က ရေးပေးလိုက်သည်။

သီဟိုဠ်၊ ပင်လယ်နီ၊ အာဖရိက. . . ပို့ဆူဒန် ပို့ဆက်တို့သို့ရောက် သည့်အခါ ဆိပ်ကမ်းအလုပ်သမားပုံတွေ ရေးရပေဦးမည်။ ဆိပ်ကမ်းရှုခင်း တွေကို ရေးရပေဦးမည်။

"ပြင်သစ်ဟာဆေးနားကိုရောက်လို့ သင်္ဘော ကုန်တွေခဏဝင်ချ နေတုန်း မြို့ထဲထွက်လည်ပေါ့ ကိုဘညာဏ်. . . ပြင်သစ်ဟာ. . ကမ္ဘာ့ ပန်းချီလောကရဲ့ ထင်ရှားတဲ့တစ်နိုင်ငံပဲ"

ဖေမောင်က အကြံပေးသည်။

"ဟုတ်တယ်. . . ငါလည်း ရည်ရွယ်ထားပါတယ်"

ကိုဘညာဏ်က သူ့စိတ်ကူးကို ပြောပြသည်။

"သင်္ဘောသားတွေက လူမျိုးစုံလို့လားမသိဘူး၊ စရိုက်အမျိုးမျိုး ပဲနော်. . . "

ကိုဘညာဏ်က ထိုင်ခုံတစ်ခုတွင် ခပ်ပြေပြေထိုင်နေရာမှ ဖေမောင့် ကို ပြောလိုက်သည်။

"သင်္ဘောအရာရှိတွေရော၊သင်္ဘောသားတွေရော၊ ခရီးသည်တွေ ရော. . . စရိုက်တွေကအမျိုးမျိုးပဲပေါ့ ကိုဘညာဏ်ရာ. . . မကြာသေးခင် က နှစ်စေ့လို့ပြောင်းသွားတဲ့ ကတ်ပီတန် ဒီကားကိုစ်ဆိုတဲ့သူဆိုရင် အင်မ တန် အဆဲပက်စက်တဲ့လူကြီး. . . အရပ်က ခုနစ်ပေလောက်ရှိတယ်။ ပထမအရာရှိ ဆယ်လန်ဆိုတဲ့အဘိုးကြီးကျတော့ မျက်စိက တောင်တစ် လုံး၊ မြောက်တစ်လုံး၊ ကမ်ဆိုတဲ့ ဂျာမန်ကြီးကျတော့ အစားအသောက် အင်မတန်ကြမ်းတာပဲ. . . နိုသ်ဝယ်လင်တန်ဆိုတဲ့ အလုပ်သမားခေါင်း

http://www.cherrythitsar.org



ကြီးကျတော့ မိန်းမမြင်ရင် ငမ်းငမ်းတက်. . .၊ အော်ဂန်ဆိုတဲ့ ဒုတိယ အရာရှိကြီးကျတော့ အာဖရိကတိုက်က လူရိုင်းတွေရဲ့ဓလေ့ သစ်ရွက်ပေဒင်ကို အရမ်းယုံကြည်တဲ့လူကြီး။

မောင်ကျော် တစ်နေ့က ပြောပြခဲ့ဖူးတာကို အမှတ်ရသဖြင့် ကိုဘညဏ်က ဖေမောင့်ကို ပြောမိခြင်းဖြစ်သည်။

"သင်္ဘောသားစရိုက်ဆိုလို့ မင်းကိုပြောရဦးမယ် ဖေမောင်"

"ဘာများလဲ ကိုဘညဏ်"

"မင်းမှတ်မိသေးလား. . . ပန်းတနော်ဟိုဘက် ဇရပ်လှရွာက မောင်ဘရီဆိုတဲ့ကောင်လေးဟာ မွေးကတည်းက သူ့မွေးချင်းတွေနဲ့မတူဘဲ၊ ကျန်တဲ့ညီအစ်ကိုမောင်နှမတွေက အသားဖြူပြီး သူ့ကျတော့ ကုလားဆင်ဖြစ်နေတာလေကွာ. . . သူက မျက်နှာပေါက်ကအစ ကုလားနဲ့ဆင်တယ်လေကွာ၊ အသားကလည်းညိုတယ်. . . ခြေလက်ဆင်းတာအစ ကုလားတွေနဲ့ တူတဲ့အပြင်. . . သူက လူဝင်စားဆိုပြီး သူ့မိဘတွေကို ပြန်ပြီးပြောပြတာ မင်းကြားဖူးမှာပေါ့"

"ဟာဟုတ်သားပဲကိုဘညဏ်ပြောမှ အဲ့ဒီ မောင်ဘရီကိစ္စ သတိရ တယ်၊ ဟုတ်တယ်ဗျ သူပြောသလိုဆို သူက လူဝင်စားပဲ၊ ဟိုးတုန်းက ဧရာဝတီမြစ်ထဲ အင်္ဂလိပ်တွေပိုင်တဲ့ ခရီးသည်တင်သင်္ဘောတွေ ဆွဲနေ တော့ မနှင်းဆီဆိုတဲ့သင်္ဘောဟာ နာမည်ကြီးတယ်လေဗျာ၊ မောင်ဘရီ ဟာ အဲ့ဒီသင်္ဘောက သင်္ဘောသားကုလားကြီး ဝင်စားတာဗျ၊ ကုလားကြီး က သူရတဲ့လခကို သင်္ဘောစာရေးလက်ထဲ အပ်အပ်ထားသတဲ့၊ တစ်နေ့ တော့ အိန္ဒိယကိုခွင့်ပြန်မယ်ဆိုပြီး စာရေးဆီမှာအပ်ထားတဲ့ လစာပိုက်ဆံတွေလည်း ပြန်တောင်းရော. . . သင်္ဘောစာရေးက ပြန်မပေးချင်တဲ့လောဘနဲ့ အကောက်ကြံပြီး ကုလားကြီးကို ဘွိုင်လာမီးအိုးထဲ တွန်းချလိုက်တယ်တဲ့. . . ပြီးတော့ မတော်တဆ လိမ့်ကျသေသလိုမျိုး သတင်းလွှင့်တယ်ပေါ့ဗျာ၊ ဒါကြောင့် မောင်ဘရီလေးဟာ မွေးကတည်းက ဧရာဝတီမြစ်ထဲ သင်္ဘောခုတ်သံ၊ ဥသြဆွဲသံကြားရင် လန့်လန့်ပြီးငိုတာတဲ့ဗျ. . . သင်္ဘောကြောက်တဲ့ စိတ္တဇပေါ့ဗျာ၊ သူကလူဝင်စားပေကိုး. . ."

"အေး မင်းတို့ မောင်ကျော်တို့ ထွန်းကြိုင်တို့ကိုလည်း ခရီးသွား

http://www.cherrythitsar.org



ဟန်လွှဲ ကြုံတုန်း ငါမှာခဲ့ရဦးမယ်. . . အခုလို နိုင်ငံခြားသား သင်္ဘောသားတွေကြားမှာ အလုပ်လုပ်တဲ့အခါ မြန်မာလူမျိုးအချင်းချင်း ဘယ်တော့မှ စိတ်ဝမ်းမကွဲကြနဲ့ ကြားလား. . . အစစအရာရာ သတိရှိပစေ. . . ”

“စိတ်ချပါ ကိုဘညဏ်”

ဖေမောင်က. . . ကိုဘညဏ်၏ မိတ်ဆွေကောင်းပီသစွာ ပြောဆို သည့် သတိပေးစကားကို အမှန်တကယ်ပင် ရင်ထဲတွင် လေးစားသွား မိ၏။

***

http://www.cherrythitsar.org



၁၅. ၃. ၁၉၂၂ ခု

သူငယ်ချင်းဖေမောင်

မောင်ကျော်

ထွန်းကြိုင်. . .

မင်းတို့ကို သတိရစွာနဲ့ ငါစာရေးလိုက်ပါတယ်။ အက်စ်အက်စ် အမရပူရ သင်္ဘောကြီးပေါ် မှာတုန်းက ငါ့ကို အစစအရာရာ ကူညီစောင့်ရှောက်ခဲ့တဲ့ မင်းတို့ရဲ့ စေတနာကို ငါ အမြဲသတိရလျက်ပါ။

လန်ဒန်ဆိပ်ကမ်းကိုမင်းတို့သင်္ဘောကြီးဆိုက်တော့ သင်္ဘောပေါ် မှာ ငါ့ကိုလာကြိုတဲ့ အင်္ဂလိပ်ကြီးတစ်ယောက်နဲ့ မြန်မာတစ်ယောက်ကို မင်းတို့ သတိထားမိမှာပေါ့။

သူတို့ဟာ ဆရာကြီးလုစ်နဲ့ ကိုအောင်လှတို့ပါပဲ။ ကိုအောင်လှက သင်္ချာဘာသာရပ် ပညာတော်သင်အဖြစ်နဲ့ လန်ဒန်ရောက်နေတဲ့သူပါ။

ဆရာကြီးလုစ်က ငါ့ကို ဖူးလ်ဟမ်းရပ်ကွက် အိမ်နံပါတ် (၃၁)က ဆာဂျေအေမောင်ကြီးရဲ့မိန်းမ ပိုင်တဲ့အိမ်မှာ အခန်းခ တစ်ပတ်ကို အင်္ဂလိပ်ငွေ (၁)ပေါင်နှုန်းနဲ့ နေရာချပေးလို့ အဲဒီအိမ်မှာ နေခဲ့ရတယ်။

သတ်မှတ်တဲ့အဆင့် မီလို့ဆိုပြီး တော်ဝင်ပန်းချီကျောင်းကြီးက ငါ့ကို ကျောင်းဝင်ခွင့်ပြုခဲ့ပါတယ်။ ပန်းချီ၊ ပန်းပု စုံအောင်သင်ပေးတဲ့ ကျောင်းကြီးပေါ့ကွာ။

http://www.cherrythitsar.org



အသေးစိတ်သင်တဲ့ကျောင်းဆိုတော့ငါ့မှာ ခဲပန်းချီကကို မတက်ရသေးဘူး။တစ်နေ့လာလည်းခဲပန်းချီ၊တစ်နေ့လာလည်း ခဲပန်းချီနဲ့ ငြီးငွေ့လှပြီ။ ရေဆေး ဆီဆေးများလည်း ရေးချင်သေးသပေါ့ကွာ. . . ။

တစ်ခု စိတ်ဝင်စားဖို့ကောင်းတာကတော့ အက်ချင်းလို့ခေါ်တဲ့ ပုံသွန်းကြေးပြား ထွင်းထုတဲ့ပညာကို သင်ရတာပါပဲ။

ငါလည်း ရန်ကုန်က ဆရာကြီးဝပ်ဒ်ဆီ အကျိုးအကြောင်း စာရေး ပါသေးတယ်။ ဆရာကြီးကတော့ အားမလျှော့နဲ့လို့ ဆိုပါတယ်။ ကျောင်းအားရက်တွေမှာတော့ကိုအောင်လှအဖော်ကောင်းတာနဲ့ ငါလည်း နာမည်ကြီး ပါရီမြို့တော်ကြီးကို ရောက်ဖူးသွားတယ်။ ပါရီမြို့က ကမ္ဘာကျော် ဆလွန်းပန်းချီပြတိုက်ကြီးမှာ ပန်းချီကားတွေ တဝကြည့်ခဲ့ရတယ်။

ကဖေး အော်ဒွန်းဆိုတဲ့ လက်ဖက်ရည်ဆိုင်ကြီးမှာတော့ ပြင်သစ်၊ ဟော်လန်၊ အီတလီ ပန်းချီဆရာတွေဟာ ဆူညံငြင်းခုံနေကြတာပေါ့ကွာ။

စိန့်ပီတာစကွဲယားမှာရှိတဲ့ မြန်မာပြည် အသင်းတိုက်ကိုလည်း ကိုသာထွန်းဆိုတဲ့ မိတ်ဆွေခေါ်လို့ ငါရောက်သွားသေးတယ်။ မြန်မာပညာတော်သင်တွေ တော်တော်များများနဲ့ တွေ့ရတယ်။

မြန်မာအသင်းတိုက်အတွက် အသင်းတံဆိပ်တစ်ခုလည်း မန္တလေး မြို့ရိုးပုံ နောက်ခံထားပြီး ငါရေးပေးလိုက်ရသေးတယ်။

ဒီမှာတော့ ပန်းချီပြပွဲတွေကလည်း အားရစရာကြီးပါကွာ။ ပန်းချီကား တွေကြားထဲမှာ နေရသလိုပါပဲ။

မင်းတို့လည်း သတိရတဲ့အခါ ငါ့ဆီစာရေးကြပေါ့ကွာ. . . ။ ဖေမောင်ကလည်း အားတဲ့အခါ ပန်းချီရေးပေါ့. . . ။ မင်းက ပန်းချီအခံ ရှိပါတယ်။

သတိရလျက်

ဘညဏ်

ကိုဘညဏ်ရေးလိုက်သည့်စာကို. . . သဘော်ကြီး လစ်ဗာပူဆိပ်ကမ်းမှာ ခေတ္တခဏ ကုန်တင်နေခိုက် ဖေမောင်တို့ သူငယ်ချင်းသုံးယောက် ဖတ်လိုက်ရသည်။

* * *

http://www.cherrythitsar.org



နွေဦးပေါက်ခဲ့လေပြီ။ ပန်းတနော်မြို့ကလေး၏ ဝန်းကျင်တွင် ရိတ် သိမ်းပြီးစ စပါးခင်းများ အဝါရင့်ရောင်လွှမ်းနေသည်။ သစ်ပင်စိမ်းစိမ်းတို့ လည်း အရောင်မွဲသူက မွဲသွားကြကာ တချို့မှာ ပို၍ပင် စိမ်းသူက စိမ်းမြ ၍နေသည်။

တချို့ကတော့လည်း ရိုးတံကျဲကျဲ. . .။

ဆရာတော် ရွှေကျင်ဦးသုမန၏ ကျောင်းပရဝုဏ်ထဲရှိ. . . ကုက္ကိုပင်အောက် ဝါးကွပ်ပျစ်လေးတွင် ဆရာတော်ထိုင်နေသည်။

ဦးဘအိုကဆရာတော်ကွပ်ပျစ်နံဘေးရှိ အုတ်ခဲကျိုးတစ်ပိုင်းကိုခု ကာ ငုတ်တုတ်လေးထိုင်နေသည်။

"ဒကာကြီးသား ဘညာဏ်က ဒကာကြီးပြောသလိုဆိုရင်. . . လန်ဒန်မှာ နောက်ထပ် ပန်းချီကျောင်းတစ်ကျောင်း ပြောင်းတက်နေ တယ်ပေါ့"

"တင်ပါ့ဘုရား. . . သူ့ဆီက ကြားရသလိုဆိုရင်တော့. . . တော်ဝင်ဆိုတဲ့ကျောင်းမှာ သူက ဆက်မသင်ချင်တော့ဘူး။ ကျောင်းက ကောင်းတယ်၊ ဒါပေမဲ့ သူက အချိန်မပေးနိုင်တော့တဲ့အတွက် သူ့သဘောနဲ့ သူ ကျောင်းပြောင်းတာလို့ ကြားရပါတယ်ဘုရား. . . "

"ဘုန်းကြီးကြားဖူးတာတော့. . . တော်ဝင်ပန်းချီကျောင်းဟာ ကျောင်းသားတစ်ယောက်နှစ်မစေ့ဘဲ အခုလိုကျောင်းပြောင်းလို့ မရနိုင်ဘူး

http://www.cherrythitsar.org



လို့ ကြားဖူးတယ်”

“တင်ပါ့ဘုရား. . . အခုလိုအဆင်ပြေသွားတာကလည်းရန်ကုန်က သူ့ဆရာကြီး ဝပ်ဒ်ဆိုတာ လန်ဒန်ကိုရောက်သွားပါတယ်။ သူ့ဆရာကြီးက လိုက်ပြီးတောင်းပန်ဆောင်ရွက်ပေးလို့ သူ ကျောင်းပြောင်းခွင့်ရတာလို့ ဆိုပါတယ်”

“အခု သူပြောင်းတဲ့ကျောင်းနာမည်က ဘာတဲ့တုံး”

“တံခါးဝါပန်းချီကျောင်းတဲ့ပါဘုရား”

“အင်းလေ. . . ကိုယ့်နယ်သားထဲကမားမားမတ်မတ် ထွန်းထွန်းပေါက်ပေါက်ဖြစ်ရင် ဘုန်းကြီးတို့ ပီတိဖြစ်ရတာပေါ့၊ ဒကာကြီးတို့ ဆေးလိပ်ခုံလုပ်ငန်းရော. . . အရောင်းအဝယ်တွေရော. . . ရောင်းရေးဝယ်တာ အဆင်ပြေကြရဲ့လား. . . ”

“သင့်ပါတယ်ဘုရား”

“ဒါနဲ့ မောင်ဘဉာဏ်က သောကြာသားနော်”

“တင်ပါ့ဘုရား အခု လန်ဒန်မှာ ပန်းချီကျောင်းတက်တော့ အင်္ဂလိပ်လို မွေးသက္ကရာဇ် ၁၈၉၇၊ ဒီဇင်ဘာ (၃)လို့ စာရင်းပေးရတယ်လို့ ဆိုပါတယ်ဘုရား”

“ဘိုးကျန်တို့၊ ဘဟန်၊ ဘစံတို့၊ မေမြတို့ မောင်နှမတစ်တွေရော နေကောင်းကြရဲ့လား၊ သူတို့လည်း ဘဉာဏ်ကို သတိရကြမှာပေါ့၊ ဘဉာဏ်အင်္ဂလန်သွားတော့ သူ့ညီဘဖန်က ရန်ကုန်မှာ ကျန်ရစ်ခဲ့မှာပေါ့”

“တင်ပါ့ဘုရား ဘဖန်က ရန်ကုန်မှာပဲ ပန်းချီရေးနေပါတယ်။ တပည့်တော် သားသမီးတွေထဲမှာ ဘိုးကျန်နဲ့ ဘဟန်တို့ ညီအစ်ကိုက အစိုးရအမှုထမ်းဖို့ ဝါသနာပါပုံရကြပါတယ်။ ဘစံနဲ့ သမီးမေမြတို့ကတော့ ဘမျိုးဘိုးတူ ကုန်ရောင်းကုန်ဝယ် ဝါသနာပါပုံရကြပါတယ် ဘုရား”

“လိမ္မာရေးခြားရှိကြရင် ကောင်းတာပါပဲ။ ဒကာကြီးတို့ မောင်ဘဉာဏ်နဲ့ စာအဆက်အသွယ်ရှိခဲ့ရင် စားသတိ၊ သွားသတိ၊ လာသတိရှိဖို့နဲ့ ကျန်းမာရေး၊ ပညာရေး ဂရုစိုက်ဖို့ ဘုန်းကြီးမှာတယ်လို့ ထည့်ရေးလိုက်ပါ”

“တင်ပါ့ဘုရား”

ဆရာတော်အား ဦးချကန်တော့၍ ဦးဘအို ကျောင်းဝင်းထဲမှပြန်

http://www.cherrythitsar.org



ထွက်လာခဲ့သည်။ ပန်းတနော်မြို့ကလေးကား အေးချမ်းတိတ်ဆိတ်လျက်။

* * *

http://www.cherrythitsar.org



(၁၈. ၇. ၂၄)နေ့တွင် တော်ဝင်ပန်းချီကျောင်းကြီးမှ ကိုဘညဏ်အား ကြေးပြားထွင်းပန်းချီ အောင်လက်မှတ်တစ်ခု ချီးမြှင့်ခဲ့သည်။

တံခါးဝါသို့ သူပြောင်းလာပြီးမှ ရခဲ့သည့်လက်မှတ်ဖြစ်သည်။

တံခါးဝါကျောင်းမှာပန်းချီစတူဒီယိုကြီးကိုဆေးဝါရောင်သုတ်ထား၍ တံခါးဝါဟု ခေါ်နေကြခြင်းဖြစ်သည်။

တံခါးဝါမှ ဆရာကြီးစပင်းလတ်က ကိုဘညဏ်အား ဆရာကြီးရုံး ခန်းသို့ခေါ်သဖြင့် ကိုဘညဏ်ရောက်သွားရသည်။

"လန်ဒန်မှာရှိတဲ့ အိန္ဒိယရုံးကြီးအတွက် လန်ဒန် ဝင်ဘလေပြပွဲကြီးရှိတယ်။ မြန်မာပြည်ကဏ္ဍအတွက် ခြောက်ပေငါးပေ ပန်းချီကားကြီး နှစ်ချပ် ရေးပေးဖို့ မင်းကိုခေါ်တာပါ၊ မင်း ဘယ်လိုစိတ်ကူးရှိလဲ"

ဆရာကြီးစပင်းလတ်မှာ ဆံပင်ဖြူဖြူ နှုတ်ခမ်းမွေးဖြူဖြူ။

"ကျွန်တော် ပုံကြမ်းထုတ်ပြီး ဆရာကြီးကိုပြပါ့မယ်"

ကိုဘညဏ်က ဆရာကြီးကိုနှုတ်ဆက်၍ အခန်းထဲမှ ထွက်လာခဲ့သည်။ တံခါးဝါကျောင်းဝင်းထဲတွင် မေပယ်လ်ခေါ် သစ်ပင်များ ဝေဆာစွာ စိမ်းလန်းလို့နေသည်။ ဝက်သစ်ချ တောအုပ်ငယ်တစ်ခုကလည်း ကျောင်းဝန်းကျင်တွင် ရှိနေသည်။ ငှက်ရောင်စုံလေးများ ထိုတောအုပ်အတွင်းမှ ဘွားခနဲ ပြေးထွက်လာတတ်ကြသည်။

http://www.cherrythitsar.org



ကိုဘညာဏ်က သစ်ပင်ရိပ်အောက်ရှိ ခုံတန်းလျားငယ်တစ်ခုတွင် ညင်သာစွာဝင်ထိုင်ရင်း စဉ်းစားနေသည်။

"ရှင့်ကိုကြည့်ရတာ တစ်ခုခုတွေးနေရသလိုပဲ"

အသံကြား၍မော့ကြည့်လိုက်တော့ မိတ်ဆွေ ပန်းချီသင်တန်းသူလေး ဆယ်လီ၏ ပြုံးစစမျက်နှာနုနုကို တွေ့ရသည်။

"ဟုတ်တယ် တွေးစရာရှိလာလို့ပါ"

ကိုဘညာဏ်က ဆရာကြီးစပင်းလတ် ရေးခိုင်းသည့် မြန်မာပြည်အကြောင်း ပန်းချီကားကြီးနှစ်ချပ်ကိစ္စ ဆယ်လီ့ကို ပြောပြလိုက်သည်။ ဆယ်လီလည်း စိတ်ဝင်စားဟန်တူသည်။ ခုံတန်းလျားလေးတွင် ဝင်ထိုင်လိုက်သည်။

"ခြောက်ပေငါးပေဆိုတော့ပန်းချီကားအကြီးစားပဲ. . . အကြောင်းအရာ ဘယ်လိုစဉ်းစားနိုင်ပြီလဲ"

ဆယ်လီကမေးသည်။

"ကျွန်တော်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံက လယ်ယာကိုင်းကျွန်းလုပ်ငန်း သရုပ်ဖော်ပုံနဲ့ မြန်မာ့ထွက်ကုန်တွေကို အကြောင်းအရာ စဉ်းစားထားတယ်"

"မြန်မာပြည်က သာယာတယ်လို့ ကြားဖူးတယ်"

"ဟုတ်တယ် ဧရာဝတီမြစ်ကြီးရော တောင်တန်းတွေရော ကျွန်တော့်စိတ်ထဲမှာတော့ အားလုံး ပန်းချီကားတွေပါပဲ"

"ဘယ်လိုရေးမယ် စဉ်းစားလဲ၊ ကျွန်မလည်း ကိုဘညာဏ်ရေးတဲ့ အခါ အနားကလာကြည့်ချင်လို့ပါ"

"တံခါးဝါကိုရောက်မှ ကိုဘညာဏ် ပန်းချီရေးရတာ ပိုလွတ်လပ်မှုရှိ လာတယ်လို့ ထင်မိလား"

"ဒီမှာတော့ ဒီဇိုင်းပိုစတာရေးနည်းတွေပါ သင်ရတဲ့အပြင် ဆေးရောင်တွေပါ ကိုင်ခွင့်ရတာကိုး. . . ဒါတွေကလည်း ဆရာကြီးစပင်းလတ်ရဲ့ ကျေးဇူးကြောင့်ပါ"

"ဆရာကြီးစပင်းလတ်က ကိုဘညာဏ်ကို သားတစ်ယောက်လို တူတစ်ယောက်လို တပည့်ရင်းတစ်ယောက်လို ဂရုစိုက်တာ ကျွန်မ သတိထားမိတယ်"

http://www.cherrythitsar.org



"ကျွန်တော်ကလည်း ဆရာကြီးကို မိဘတစ်ယောက်လို အစစ ဂါရဝထားပါတယ်။ ဆရာကြီး ပန်းချီရေးပြီးရင် စုတ်တံတွေ ဆေးစပ်ပြားတွေကအစ ကျွန်တော် သေသေချာချာ ဆေးပေးပါတယ်"

"အဲဒါ ကောင်းတဲ့အတိတ်နိမိတ်ပဲ"

"ဘယ်လို ပြောပါဦး ကောင်းတဲ့အတိတ်နိမိတ် ဟုတ်လား"

ကိုဘဉာဏ်က အံ့အားတသင့် မေးလိုက်သည်။

"ကိုဘဉာဏ် လန်ဒန်ရောက်နေတာ ကြာပြီပဲ တချို့ပန်းချီဆရာကြီးတွေဟာ သူတို့ ဆေးစပ်ပြားကို တော်ရုံတန်ရုံ ဘယ်သူ့ကိုမှ ပေးကိုင်တတ်ကြတာ မဟုတ်ဘူးလေ။ ဆရာကြီးနားမှာ ကိုဘဉာဏ် အခုလို အနီးကပ်နေခွင့် ပြုစုစောင့်ရှောက်ခွင့်ရတာ နည်းတဲ့အခွင့်အရေး မဟုတ်ဘူး။ ဒါကြောင့် ကောင်းတဲ့နိမိတ်လို့ ကျွန်မပြောတာပါ"

ဆယ်လီက စကားပြောရင်း ခံတွင်းချဉ်လာဟန်ဖြင့် ပီကေတစ်ခုကို ထုတ်ဝါးနေသည်။ ဆံပင်မှာ ရွှေရောင်။ ဆံပင်ကလည်း ကုပ်သားဖြူဖြူပေါ်မှာ အိကျနေသည်။ ဆယ်လီ့မျက်ဝန်းများမှာ ဝန်းစက်လို့နေသည်။ ယာဘက်ပါး မိုးတွင် ဆောင်းဦးလက်ကျန် မှဲ့ခြောက်အစက်အပြောက်ကလေး အနည်းငယ်ရှိသေးသည်။ မည်သို့ပင်ဖြစ်စေ သူ့အလှနှင့်သူ ကြည့်ကောင်းနေသည်။

အထူးသဖြင့် ဆယ်လီ့ကိုယ်လုံး ကိုယ်ဟန်မှာ ဖွံ့ထွားစိုပြည်လွန်းနေသည်။ ထိုနေ့ကဝတ်လာသော ခပ်ပွပွ ဂါဝန်မိုးပြာရောင်ကိုပင် ဆယ်လီ့အသားစိုင်တချို့က ပွင့်အန်လုနီးနီး တွန်းကန်နေသလို မှတ်ထင်ရသည်။

"ဆရာကြီးက ကိုဘဉာဏ်ရဲ့ ကျောင်းလခကိုတောင် မယူတော့ဘူးနော်"

"သူက မြန်မာပညာတော်သင်တစ်ယောက် ထောက်ပံ့ကြေးနှစ်ဆယ့်ငါးပေါင်နဲ့ မလောက်မငှဖြစ်မှာစိုးလို့ ကျွန်တော့်ဆီက မယူတော့တာပါ"

"ဆရာကြီးပြောတဲ့ ပန်းချီကားနှစ်ချပ် ဘယ်တော့ ပုံကြမ်းထုတ်မလဲ ကိုဘဉာဏ်"

"မနက်ဖြန် ကျွန်တော်တို့ ထုတ်ကြရအောင်"

"ကောင်းသားပဲ ဒီနေ့ ကျောင်းချိန်ပြီးရင် ကိုဘဉာဏ်တို့ မြန်မာ

http://www.cherrythitsar.org



ပြည်မှာလာပြီး၊ ပန်းချီရေးဖူးတဲ့ ဆရာကြီးကယ်လီဆီ သွားလည်ကြရအောင်”

“ဩော် တော်ဝင်ပန်းချီပြပွဲကြီးမှာ မြန်မာ့ဓလေ့ ပန်းချီကားတွေနဲ့ အာရ်အေ ဂုဏ်ထူးဆောင်ဘွဲ့ရသွားတဲ့ ဆရာကြီးကယ်လီလား”

“ဟုတ်ကဲ့ကျွန်မက ဆရာကြီးကယ်လီကို ကိုဘဉာဏ်အကြောင်း ပြောပြတော့ သူက တွေ့ချင်နေတယ်။ သူက မြန်မာပန်းချီဆရာတွေကို ချစ်ခင်တတ်တဲ့ ဆရာကြီးပါ”

သူတို့နှစ်ယောက် ကျောင်းနှစ်ချိန်တက်လိုက်ကြသည်။ ကျောင်းဆင်းတော့ ဓာတ်ရထားစီးကာ ဆရာကြီးကယ်လီအိမ် သွားကြသည်။

ဆရာကြီးက ဝမ်းသာအားရ ဆီးကြိုသည်။ ကော်ဖီတိုက်သည်။ ပုဂံ ရှေးဘုရားတွေရဲ့ ရှုခင်းအကြောင်း၊ ပုသိမ်မြို့ မြစ်ကမ်းခြေ၏ အလှတို့ကို ဆရာကြီးက တမ်းတလွမ်းဆွတ်စွာ ပြန်ပြောနေသည်။

ဆရာကြီး၏ ပန်းချီကားတွေကို ဆယ်လီနှင့်သူ အားပါးတရ ကြည့် ကြသည်။

“ဆရာကြီးရဲ့ အနုစိတ်နည်းတွေကို ကျွန်တော် သတိထားမိပါတယ်”

ဟု ပြန်ခါနီး နှုတ်ဆက်စဉ်တွင် ကိုဘဉာဏ်က ပြောခဲ့သည်။ အပြန်ကျတော့ လမ်းမှာ ဆယ်လီနှင့်သူ ဖရင့်ခ်ဘရန်းဝိုင်း၏ နံရံပန်းချီတွေအကြောင်း၊ အာရုံမြင်ပန်းချီစနစ်များအကြောင်း ပြောလာခဲ့ကြသည်။

“တခါးဝါမှာကိုဘဉာဏ် ပန်းချီကား ဘယ်လောက်ရေးဖြစ်ပြီလဲ”

ဆယ်လီက ပြုံး၍မေးသည်။

“မြန်မာပြည်ပြန်ရင် ပန်းချီကားသုံးရာလောက် သယ်သွားနိုင်ဖို့ ကျွန်တော် ကြိုးစားနေပါတယ်”

“အို ဘယ်တော့ပြန်မှာလဲ”

“၁၉၂၅ ခုနှစ်ထဲမှာ တစ်ရက်ရက်ပေါ့”

“ဒီမှာရှိတုန်း ကျွန်မနဲ့အတူထိုင်ခဲ့တဲ့ ချယ်ဆီရပ်ကွက်ထဲက လက်ဖက် ရည်ဆိုင်လေးကို မေ့သွားတော့မှာပေါ့နော်”

ဆယ်လီက ညှိုးလျလျ မျက်နှာလေးဖြင့် မေးလိုက်သည်။

“ကျွန်တော်မမေ့တတ်ပါဘူး။တခါးဝါမှာ အတူကျောင်းတက်ရင်း

http://www.cherrythitsar.org



ဆယ်လီကူညီလို့ စီးပွားရေးလုပ်ငန်းရှင်တွေဆီက ဒီဇိုင်းအလုပ်တွေ ဆယ် သွယ်မိပြီး၊ အသုံးစရိတ်ရခဲ့တာ ဆယ်လီ့ကို ကျေးဇူးတင်သလို ပန်းချီရပ် ကွက်တွေက ပန်းချီဆရာတွေနဲ့ မိတ်ဖွဲ့ပေးခဲ့လို့လည်း ဆယ်လီ့ကို ကျေးဇူး တင်ပါတယ်”

“ဘယ်တော့ပြန်လာမှာလဲ ကိုဘညာဏ်”

“ဧည့်သည်ဆိုတာ အချိန်တန်အိမ်ပြန်ကြရစမြဲပါပဲ ဆယ်လီ၊ ကျွန် တော့် ပညာတော်သင်နှစ်ကလည်း စေ့ပြီမဟုတ်လား”

“ကိုဘညာဏ် မြန်မာပြည် ရောက်သွားရင်. . . ဆယ်လီ အမှတ် တရ ပန်းချီစာအုပ်တွေကို ပို့ပေးနေမှာပါ။ လိုအပ်တဲ့ ပန်းချီပစ္စည်းတွေ လည်း ပို့ပေးနေမှာပါ. . . ကဲ. . . ပြောပါဦး. . . ရန်ကုန်မှာ ဘာအလုပ် တွေ လုပ်မယ်စိတ်ကူးထားလဲ”

“ကျွန်တော့်ဆရာကောင်း. . . ဆရာကြီးကင့်ချ်အိမ်မှာခဏတည်း ခိုမယ်လို့ စိတ်ကူးထားပါတယ်၊ သူက ဟိုမှာ ကင်းထောက်မင်းကြီးတာဝန် ထမ်းဆောင်ရင်း ပန်းချီရေးနေတယ်လေ။ ကျွန်တော်ကတော့ ရန်ကုန် ကောလိပ်မှာ ပန်းချီနည်းပြဆရာဝင်လုပ်မယ်၊ မြန်မာပြည်ပန်းချီအသင်းမှာ အာရုံမြင်နဲ့ ခံစားမှုပန်းချီတွေအကြောင်း ဟောပြောသင့်တဲ့အခါ ဟော ပြောမယ်။ ဆွေးနွေးမယ်၊ ပန်းချီပြပွဲတွေလည်းပြမယ်၊ ကျွန်တော့်ဇာတိ ပန်းတနော်မြို့ကလေးက မိဘသားချင်းတွေနဲ့ တွေ့ရမယ်။ ကျေးရွာဆရာ တော်ကြီးတွေကို ကန်တော့ရမယ်။ ကျွန်တော့်ကို ပန်းချီရေးနည်း စသင် ပေးခဲ့တဲ့ ဆရာဦးဖိုးမောင်ကို ကန်တော့ရမယ်”

“ခရီးရောက်မဆိုက်များလိုက်တဲ့ခရီးစဉ်တွေပါလား ကိုဘညာဏ်”

“ဟုတ်တယ်ဆယ်လီ မော်လမြိုင်မှာလည်း ကျွန်တော့်ဆရာ ဦးဘိုး စိန်တို့၊ ဦးဘလွင်တို့ကို သွားကန်တော့ရဦးမှာ”

“ဆယ်လီကတော့အက်စ်အက်စ် အမရပူရသင်္ဘောကြီး လန်ဒန် ကိုဆိုက်တိုင်း ကိုဘညာဏ်ရဲ့ အရိပ်အရောင်တစ်ခုခု ပြန်တွေ့ရမလားလို့ မျှော်နေမိမှာပါ”

“ကျွန်တော်တို့ မြန်မာစကားမှာ ကံကြုံရင် ပြန်ဆုံတတ်တယ်လို့ ရှိပါတယ် ဆယ်လီ”

“ဆုံစည်းခြင်းနဲ့ ကြုံကြိုက်ချင်ပါတယ် ကိုဘညာဏ်ရယ်”

http://www.cherrythitsar.org



မိတ်ဆွေမလေးက ဟိုးအဝေး မြက်ခင်းပြင်စိမ်းစိမ်းကြီးဆီသို့ လှမ်း ငေးနေရှာသည်။ မြက်ခင်းကြီး၏ ထိစပ်မျဉ်းမှာတော့ ပြာလွင်သောကောင်း ကင်၏ အစ။

* * *

http://www.cherrythitsar.org



အကယ်၍သာ ဗြိတိသျှ ကုန်သည်ရောင်းဝယ်ရေး အဖွဲ့ကြီးက ပိုစတာပြိုင်ပွဲကြီးသာ မကျင်းပခဲ့ပါလျှင် ကိုဘညာဏ်တစ်ယောက် ရန်ကုန်မှာ ဘယ်ကာလအထိ နေရလိမ့်ဦးမည်မသိ။

ခုတော့ မွေးရပ်မြေသို့ ပြန်ရောက်ပြီးတာမှ သိပ်မကြာလှသေးမီ၊ ပန်းချီ ပိုစတာပြိုင်ပွဲကြီးတစ်ခုက ကောက်ကာငင်ကာ ပေါ်ပေါက်လာသည်။

မြစ်ဝကျွန်းပေါ် သားပေပဲ။ မြန်မာ့လယ်ယာရှုခင်း ရေးကွက်တွေက ကိုဘညာဏ်အတွက် သွက်လက်စူးရဲလွန်းလှစွာ ပေါ်ပေါက်လာနိုင်ခဲ့သည်။

လယ်ယာမောင်နှံနှစ်ဦးလှည်းကလေးပေါ် ကောက်ရိုးတွေတင်နေသည့် ပုံလေးက ကြွရွလှပလွန်းသည်။

မြစ်ဆိပ်ကမ်းနားတွင် တာစူနေသော စပါးတင်လှေကြီးကလည်း ခံ့ညားလှပါပေ့။

ရိုးမ၏အသက်သွေးကြောကျွန်းသစ်တွေကို ဆင်ကြီးတစ်ကောင်က ဦးကင်းဖြင့် တွန်းတင်နေပုံကလည်း မာန်ပါလှပါဘိ။

ပန်းချီလောကတစ်ခုလုံး ပိုစတာပြိုင်ပွဲဆု ကြေညာသည့်နေ့က ရင်ခုန်နေကြသည်။

http://www.cherrythitsar.org



ရေဒီယိုနှင့် နေ့စဉ်ထုတ်သတင်းစာများမှ ဆုကြေညာလိုက်သည့် နံနက်ခင်းတွင်တော့ ဆရာကြီးကင့်ချ်ကိုယ်တိုင် ကိုဘညာဏ်ကို လက်ဆွဲနှုတ်ဆက် မျက်ရည်တွေ ရစ်ဝဲနေသည်။

"ဥရောပနဲ့ မင်းနဲ့ ရေစက်မကုန်သေးပါလား ဘညာဏ်" တဲ့။

ကိုဘညာဏ် ကိုယ်တိုင်လည်း ရင်တွေခုန်နေသည်။ ပထမဆုရ ပိုစတာနှစ်ချပ်ကို၊ တစ်ချပ်လျှင် အင်္ဂလိပ်ငွေ ပေါင် ၆၀ နှင့် ဝယ်ယူခြင်းခံရသည့်အပြင် ဥရောပတိုက်တစ်ခွင် ခရီးလှည့်လည် သွားလာနေထိုင်ခွင့်ကာလ (၁)နှစ် (၆)လ အပါအဝင်၊ အသွားအပြန် ခရီးစရိတ်လက်မှတ်ခ အပြီးအငြိမ်း။

ရေဒီယိုသတင်းကိုနားထောင်ရသလို၊သတင်းစာတွေဖတ်လိုက်ရသော ဖေမောင်၊ ထွန်းကြိုင်နှင့် မောင်ကျော်တို့ သင်္ဘောသားသုံးယောက်က ကိုဘညာဏ်အတွက် အကောင်းဆုံးအိပ်ခန်းတစ်ခန်းကို အက်စ်အက်စ် အမရပူရ သင်္ဘောကြီးပေါ်တွင် စီစဉ်ထားပြီး ပြုံးပြုံးကြီး စောင့်ကြိုနေကြသည်။

ပန်းချီမိတ်ဆွေ သူငယ်ချင်းမလေး ဆယ်လီထံမှ ကြေးနန်းတစ်စောင်က ကောက်ကာငင်ကာ ရောက်လာသေးသည်။

"စောင့်ကြိုလျက်ပါ. . . ဗြိတိသျှ ပန်းချီဆရာများအသင်း၊ ဆီဆေး ရေးသူများ အဖွဲ့တွေနဲ့ မိတ်ဆက်ပေးဖို့ စီစဉ်ထားတယ်။ ကိုလိုနီရုံးကြီး အတွက် မြန်မာပြည် ရှုခင်းကားကြီးတစ်ကား ရေးဖို့ရှိတယ်"

ဆယ်လီ

သူ့ရင်ထဲတွင်တော့ ဆယ်လီကို ကြိုတင်ကျေးဇူးတင်နေမိသည်။ အက်စ်အက်စ် အမရပူရသင်္ဘောကြီးကား၊ ပထမအခေါက်တုန်းကလို သူ့အတွက် မစိမ်းတော့။

"ထွန်းကြိုင်တစ်ယောက်ကော"

ကိုဘညာဏ်က ဖေမောင်နှင့် မောင်ကျော်ကိုမေးတော့ သူတို့ ဖြေ ရမှာ တုံ့ဆိုင်းနေကြသည်။ ခဏကြာမှ မောင်ကျော်က. . .

"သူ့အိမ်ထောင်ရေး အခြေအနေမကောင်းလို့၊ ဒီတစ်ခေါက် သင်္ဘောထွက်ခါနီးကျမှ၊ လူစားထိုးပြီး သင်္ဘောပေါ်က ဆင်းကျန်နေရစ်တယ်" ဟု ပြောသည်။

http://www.cherrythitsar.org



"ဘယ်လိုဖြစ်တာလဲကွာ"

ကိုဘညာဏ်က စိတ်မချမ်းမြေ့စွာဖြင့် မေးသည်။

"ကျွန်တော်တို့သူငယ်ချင်း သုံးယောက်ထဲမှာ ဒီကောင်က လူပျော်ဗျ၊အပေါင်းအသင်းလည်းသိပ်များတယ်၊ကျွန်တော်နဲ့မောင်ကျော်က သဘောမှာ လူတိုင်းနဲ့မပေါင်းဘူး၊ ခေါ်ထူးမေးပြော၊ ကိုယ့်အလုပ်ကိုယ် လုပ်ပဲ၊ ထွန်းကြိုင်ကတော့ ကုလား၊ တရုတ်၊ အင်္ဂလိပ်၊ ကပ္ပလီ သဘော်သားတိုင်းနဲ့ ပေါင်းတယ်၊ အသုံးအစွဲကလည်း ကြမ်းတယ်၊ သူများမှာရှိတာ လည်း အားမနာတတ်ဘူး၊ သူ့မှာရှိရင်လည်း မနှမြောတတ်ဘူး၊ ခက်တာက ဒီကောင်က ကျွန်တော်တို့လို လူလွတ်မဟုတ်ဘူး၊ အိမ်ထောင်သည် သမီး လေးနှစ်ယောက်၊ သားအကြီးဆုံးလေး တစ်ယောက်ရှိတယ်။ မိန်းမက လည်း ရိုးရိုးအေးအေးတောသူကြီး ကိုဘညာဏ် ကြားဖူးမှာပေါ့။ ဒေးဒရဲ သည်ဘက် လက်ခိုက်ရွာဘက်က ထွန်းကြိုင်တို့က ကြည့်မြင်တိုင် ဆေးရိုး တန်းမှာ အိမ်ကလေးငှားနေကြတယ်၊ သူ့မိန်းမက ထီးတန်းဈေးမှာ၊ အုန်း၊ ငှက်ပျောဆိုင်ရောင်းတယ်၊ သဘော်မှာ ဒီကောင်ပေါင်းနေတဲ့ လူတွေ တော်တော်များများထဲက ဂျာလာရန်ဆိုတဲ့ သဘော်သားက ရောက်တဲ့မြို့ မှာ မိန်းမပွေတယ်၊ ကာဗီဆိုတဲ့လူကျတော့ ဖဲသမား၊ ထွန်းကြိုင်က အညာ လွယ်တယ်။ ဂျာလာရန်နဲ့ကြုံရင် ဂျာလာရန်ဘာလုပ်လဲ လိုက်လုပ်တယ်၊ ကာဗီနဲ့ အလျှဉ်းသင့်ရင် သူပါရောယောင်ပြီး ဖဲဝိုင်းဝင်ထိုင်တာပဲ။ ဘယ် လိုမှ နားဝင်အောင်ပြောလို့မရဘူး။ ပိုဆိုးလာတာက၊ ဘယ်သူ့လက်ချက် လဲတော့ မသိဘူး၊ ဒီကောင် ဘိန်းမည်းအဆီကို ငုံတတ် မျိုတတ်လာတယ်၊ ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်ပြီး လူကချုံးကျလာတယ်၊ စွဲလာတယ်ပေါ့ဗျာ၊ ရသမျှ ပိုက်ဆံလည်း လုံးပါးပါးတာပဲ။ ထွန်းကြိုင်က ကျွန်တော်တို့ထက် အသက် အများကြီးကြီးတာ ကိုဘညာဏ် ခန့်မှန်းမိမှာပေါ့၊ သူ့သားအကြီးကောင်ဆို လူပျိုပေါက်လေးဖြစ်နေပြီ၊ ပင်လယ်ကူး သဘော်သားဗျာ၊ ဒီလောက် ပင်ပန်းပြီးရလာတဲ့ ပိုက်ဆံကျပြန်တော့လည်း အိမ်က မိန်းမလက်ထဲ မရောက်၊ သားသမီးလည်း ဝအောင်မစားရ၊ အကြွေးပတ်လည်ဝိုင်းနဲ့ဆို တော့ အိမ်ထောင်ရေး ကတောက်ကဆဖြစ်ကြတာပေါ့၊ မိသားစုလည်း စိတ်ဆင်းရဲကြတာပေါ့။ ကျွန်တော်တို့က ဘိန်းမည်းမျိုတာ ရပ်တန်းက ရပ်ဖို့ သူ့ကိုပြောတယ်၊ သဘော်ကပ္ပတိန်သိသွားရင် ဒီကောင် အလုပ်ပြုတ်

http://www.cherrythitsar.org



တော့မှာကိုး၊ ဖုံးဖုံးဖိဖိနဲ့ပေ့ါဗျာ၊ ဒီကောင်ကလည်း ကျွန်တော်တို့ကို ဝန်ခံတယ်၊ ငါစွဲနေပြီကွာတဲ့၊ ဟောင်ကောင်ရောက်တော့ သင်္ဘောကုန်တင်ကုန်ချလုပ်နေတုန်း၊ ပုဂ္ဂလိက ဆေးရုံတစ်ရုံမှာ ဒီကောင့်ကို ဘိန်းတက်ဖြတ်ပေးဖို့ ကျွန်တော်တို့ စီစဉ်ကြသေးတယ်။ ဒီကောင်ကိုယ်တိုင်က ပျာပျာသလဲငြင်းဆန်တယ်။ မဖြတ်ပါရစေနဲ့ပေ့ါ။ မိသားစု ထိခိုက်ဖန်များလာတော့သူ့သား အကြီးကောင်လေးက အရွဲ့တိုက်ပြီး ပညာတစ်ပိုင်းတစ်စနဲ့ တိတ်တိတ်ပုန်းဘိန်းခန်းတွေဝင်ပြီး ဘိန်းမည်းမျိုပါလေရော၊ ဆိုင်ရာကသိသွားရင် သားအဖနှစ်ယောက်လုံး အဖမ်းခံရမှာ၊ ခုကျမှ သူမှားမှန်းသိတယ်၊ ခေါင်ကမှ မိုးမလုံတော့ ဘယ်လိုလုပ် ကိုယ့်သားသမီးကိုယ် ဆုံးမလို့ရပါတော့မလဲ၊ အခုတော့ သင်္ဘောတစ်ခေါက် လူစားထိုးခွင့်ယူပြီး၊ နီးစပ်ရာဆရာဝန်ဆီမှာ ဘိန်းဖြတ်မယ်ဆိုပြီး နေရစ်ခဲ့တာပဲ ကိုဘဉာဏ်ရေ”

မောင်ကျော်က စီကာစဉ်ကာ ပြောပြသည်။

“ဒုက္ခပါပဲကွာ သူ့သားလေးကိစ္စကျ ဘယ်လိုလုပ်မတဲ့လဲ”

“သူအရင်ဆုံးဘိန်းဖြတ်ပြီးမှသူ့သားလေးကိုချော့မော့တောင်းပန်ပြီး ဖြတ်ခိုင်းရတော့မတဲ့”

“မိဘ အနေအထိုင်မတတ်တော့ သားသမီးက မခန့်လေးစားလုပ်လာတာပေ့ါကွာ၊ ကိုယ့်သားသမီးကိုယ် ပြန်တောင်းပန်ရတဲ့နောက်ဘယ်အချိုးကျပါတော့မလဲကွာ” သားသမီးကလည်း မိဘအပေါ်မှာ ဒီလိုပမာမခန့် မလုပ်သင့်ဘူး၊ လုပ်ရိုးထုံးစံမရှိဘူး”

“ဒီကောင်ဗျာ ကျွန်တော်တို့ ဒီလောက်တားနေတဲ့ကြားက”

“သူများချည်းပဲလည်း အပြစ်ဖို့မနေနဲ့ဦး၊ မင်းတို့လည်း၊ ဒီသင်္ဘော ကြီးနဲ့ သင်္ဘောသားတွေကြားမှာ အတူအိပ် အတူစားသွားလာနေရတာ။အကြောင်းကြောင်းကြောင့် အိမ်ထောင်ရက်သားကျရင်ပိုပြီးဆင်ခြင်ရမှာ ဆိုတာလည်း စဉ်းစားထားဦး”

“စိတ်ချပါ ကိုဘဉာဏ်ရာ၊ ဒါနဲ့ ခင်ဗျားကော အိမ်ထောင်ပြုဖို့များ မစဉ်းစားသေးဘူးလား”

“ဟာ ငါ မစဉ်းစားချင်သေးပါဘူးကွာ”

“တွေ့ထားတာများရောဗျာ မရှိသေးဘူးလား”

ဖေမောင်ကရင်းနှီးစွာမေးသည်။ကိုဘဉာဏ်က ခေါင်းခါပြသည်။

http://www.cherrythitsar.org



"ဟုတ်ပ့ါမလားဗျာ၊လန်ဒန်က ဆယ်လီဆိုတဲ့ ပန်းချီဆရာမလေး ကဖြင့်၊ ကျွန်တော်တို့နဲ့ သင်္ဘောပတ်ကြိုတိုင်း ခင်ဗျားအတွက် လက်ဆောင်ပို့လိုက်ရတဲ့ ပစ္စည်း၊ ပို့လိုက်ရတာ စာ"

"ဟာ ဖေမောင်ကလည်းကွာ ငါ့မိတ်ဆွေပါကွ"

"မိတ်ဆွေတော့ မိတ်ဆွေပေ့ါ ကိုဘညာဏ်ရယ် အနေနီးစပ်မှုရယ် အနုပညာ ဝါသနာတူတာရယ်၊ ပေါင်းစပ်လိုက်တော့ သံယောဇဉ်ဆိုတာ ဖြစ်မလာနိုင်ပေဘူးလားဗျာ"

သည်တစ်ခါတော့ ညီရင်းအစ်ကိုလို ရင်းနှီးနေကြပြီမို့၊ မောင်ကျော် ကပင် ဝင်၍စကားထောက်လေသည်။

"အေးကွာ မင်းတို့မေးမယ်ဆိုရင်လည်း မေးလောက်ပါတယ်၊ ဒါပေမဲ့ ငါ့စိတ်ကို ငါသိပါတယ်၊ ငါသူ့ကို ပန်းချီကျောင်းတက်ဖက် သူငယ်ချင်းတစ်ယောက်လို၊ အလုပ်အတူလုပ်ဖက် ခရီးသွားဖော် မိတ်ဆွေ တစ်ယောက်လိုပဲ ခင်မင်နေတာပါ။ ဘာသာ၊ သဘာဝချင်းကအစ သူနဲ့ မတူကြဘူးလေကွာ၊ ပြီးတော့ လန်ဒန်လို မြို့ကြီးပြကြီးကို ငါသွားတာဟာ ပညာသင်ချင်လို့ သွားတာကိုးကွ၊ တခြားကိစ္စစဉ်းစားဖို့ ငါ့မှာ ဘာမှ အကြောင်းမရှိဘူး၊ ငါ့ဆရာသမားတွေက အစစတာဝန်ယူပြီး ငါ့ကိုလွှတ်လိုက်တာ မိန်းမရှုပ်ဖို့မှမဟုတ်တာကွာ။ ပညာသင်ဖို့ လွှတ်လိုက်တာပဲ။ အရေးကြီးတာက ဇာတိကို မမေ့ဖို့ပါပဲကွ၊ ငါက တောသားလေကွာ။ ပန်းတနော်သားလေကွာ၊ စိတ်က အဓိကပဲကွ၊ စိတ်ထဲမှာ နယ်မကျော်ရင်၊ ရုပ်ခန္ဓာကြီးကလည်း ဘယ်လိုမှ နယ်မကျော်နိုင်ပါဘူး။ စိတ်က စေ့ဆော်မှသာ ရုပ်ခန္ဓာကြီးက နယ်ကျော်မှာပါ"

"အင်းခင်ဗျားကတော့ကျုပ်တို့ထက် ပညာဉာဏ်ဝင်စားနိုင်တော့ ဒီစကားပြောနိုင်တာပေ့ါ။ ဒါပေမဲ့ စိတ်ကိုနိုင်ဖို့ဆိုတာ အတော်ခက်လိမ့်မယ် ထင်တယ် ကိုဘညာဏ်"

"ဒီမှာမောင်ကျော်မင်းကိုငါတစ်ခုပြောပြမယ်၊ ပူပူလောင်လောင်နဲ့ မီးတရဲရဲနဲ့ ဘွိုင်လာအိုးကြီးတွေကြားထဲမှာ၊ မင်းဆင်းပြီး သင်္ဘောအလုပ်လုပ်နေတုန်းမှာ မင်းစိတ်က ပူတာအိုက်တာ ပင်ပန်းတာပဲ သိနေတယ် မဟုတ်လား၊ အေး ငါလည်း ဒီလိုပဲပေ့ါကွာ ငါ့စိတ်က ငါပန်းချီဆရာဖြစ်ရမယ်ဆိုတဲ့ စိတ်ပဲ ရှိတယ်။ ငါပြောတတ်တဲ့ အဓိပ္ပာယ်ကဒါပဲ"

http://www.cherrythitsar.org



"ခင်ဗျားပြောပုံဆိုရင်တစ်သက်လုံးအိမ်ထောင်မပြုတော့ဘူးပေါ့၊ ဒီလိုလား"

"ဒါကတော့ မင်းက စကားကို ကတ်ဖဲ့ပြောတာပဲ ဖေမောင်ရ၊ အိမ်ထောင်ပြုသင့်တဲ့ အခါကျတော့လည်း ပြုရမှာပေါ့ကွာ၊ ဒါပေမဲ့ ငါ့မှာ၊ မိဘ ဆရာသမား ရှိသေးတယ်မဟုတ်လား၊ အနန္တောအနန္တငါးပါးက ငါ့ရှေ့မှာ ရှိနေသေးတယ်လေကွာ၊ မိဘဆရာသမားများက သင့်တော်တယ်ထင်တဲ့အခါမျိုး၊ ငါက မိဘဆရာသမားများကို တိုင်ပင်သင့်တဲ့ အခါမျိုးကျရင်တော့ သူ့အချိန်အခါနဲ့ သူပေါ့ကွာ"

* * *

http://www.cherrythitsar.org



လန်ဒန်။ ခရစ်စမတ်နီးပေပြီ။ နှင်းတွေ အခဲလိုက်ကျနေ၏။ တံခါးဝါသည် နှင်းတောထဲမှ ဘွားခနဲ သူ့ကို ဆီးကြိုပေသည်။

ချစ်တပည့် ပြန်ရောက်လာသည့်အတွက် တံခါးဝါ၏ ဆရာကြီး စပင်းလတ်က ဝမ်းသာလှိုက်လှဲ မျက်ရည်တွေပင် ဝေ့ဝဲနေ၏။

ဆရာကြီးအနီးမှာပင်သူအတူနေသည်။ ဥရောပ ခရီးသွားလက် မှတ်ကလည်း သူ့မှာ စရိတ်ငြိမ်းပါလာခဲ့ပြီမို့ ဆရာကြီးကို ခွင့်တောင်းကာ ၁၉၂၆ ခု နှစ်ဦးပိုင်းတွင် ပန်းချီလေ့လာရေးခရီး စတင်ရန် သူပြင်ဆင် တော့သည်။

သူ့အတွက် မိတ်ဆွေမလေး ဆယ်လီက အစစအရာရာ ကူညီ ဆောင်ရွက်ပေးသည်။

“ဘယ်ဂျီယံနဲ့ ဘရတ်ဆဲလ်မှာ ခဏနေပြီးရင် အန်တွပ်မှာ တစ် ပတ်တော့နေမယ်လို့ စိတ်ကူးတယ် ဆယ်လီ”

နှင်းငွေ့တွေ ဝေသီနေသည့်ကြားထဲမှာပင် သူနှင့် ဆယ်လီတို့ ချယ်ဆီရပ်ကွက်ထဲက ပန်းချီလက်ဖက်ရည် ဆိုင်လေးထဲမှာ အတူထိုင် နေမိကြသည်။

“ဟော်လန်အမ်စတာဒမ်ရောက်ရင်တော့ဒတ်ချ် ပန်းချီကျော် တွေရဲ့ လက်ရာနဲ့ ကိုဘညဏ်ဆုံတွေ့ရဦးမှာပါ။ ဟော်လန်ဟာ ကမ္ဘာကျော် ပန်းချီဆရာ ရင်းဗရန့်ရဲ့ နိုင်ငံတော်အစစ်ပဲလေ”

ဆယ်လီက ဝမ်းသာအားရ ပြောပြနေသည်။ သူ့အတွက်တော့ ယခုသွားမည့် ခရီးစဉ်သည် အိပ်မက်သစ်များ။ လတ်ဆတ်စိမ်းလဲ့သော အိပ်မက်သစ်တွေလေ။

“ဟော်လန်ကတစ်ဆင့် ပါရီကို ရောက်တဲ့အခါကျရင်တော့ ကိုဘညဏ်ဆီက တယ်လီဖုန်းကို ကျွန်မမျှော်နေမယ်. . . ကျွန်မအတွက် တော့ လန်ဒန်နဲ့ ပါရီဟာ အိမ်ဦးနဲ့ ကြမ်းပြင်ပါ. . . ”

“ပါရီမှာ ဆုံမိကြရင်. . . ကျွန်တော့်ပန်းချီကား သုံးကားကို ပါရီ ဆလွန်းပြတိုက်ကြီးမှာ သွင်းကြည့်ချင်တယ်. . . ပွဲတိုးကြည့်တာပေါ့ ဆယ်လီ”

“အကောင်းဆုံး မျှော်လင့်ထားရမှာပေါ့ ကိုဘညဏ်”

http://www.cherrythitsar.org



" ကျွန်တော် ပါရီကတစ်ဆင့် ဂျာမနီ ဘာလင်မြို့ကို ရွှေ့တဲ့အခါ ကျရင် ဆယ်လီက လန်ဒန်ပြန်မှာပေါ့ ဟုတ်လား"

"ဟုတ်တယ်. . . တံခါးဝါကို ကျွန်မပြန်လာခဲ့မယ်လေ. . . အဲဒီကပဲ . . . ကိုဘညာဏ်ပြန်အလာကို သတင်းစောင့်နေမယ်"

"ဘာလင်မှာဘယ်လိုမျိုးလက်ရာတွေနဲ့ ကျွန်တော်တွေ့နိုင်မလဲ"

"အဲဒ့ီမှာ အမျိုးသား ပန်းချီခန်းမဆိုတာ ရှိတယ်။ ၂၀ ရာစု ပြတိုက်နဲ့ လူမျိုးရေးရာပြတိုက်တွေမှာလည်း ပန်းချီကားတွေက စုံမှစုံ၊ ပန်းချီကျော် အိုစကာကိုကိုရှာကာရဲ့ ခေတ်သစ်ရေးချက်တွေ ပန်းချီဆရာ ရူဗင်နဲ့ ဖန်ဒိုက်တို့ရဲ့ လက်ရာတွေကို တအံ့တသြ ရှင်တွေ့ရမှာ သေချာ တယ် ကိုဘညာဏ်၊ ကိုဘညာဏ်ရဲ့ ခရီးစဉ်ကို အချိန်မရနိုင်လွန်းလို့ ရေဆုံး ရေဖျား ကျွန်မ မလိုက်နိုင်တော့တာပါ။ ပါရီဟာ ကျွန်မအတွက် အခုလော လောဆယ် ခရီးဆုံးပဲ၊ အထူးသဖြင့် ဆွစ်ဇာလန်ရောက်ရင် ရှုခင်းတွေက အရမ်းလှတာ၊ ရေးချင်စရာတွေချည်းပဲပေါ့ ကိုဘညာဏ်၊ ပန်းချီပန်းပုမြို့ တော်ကြီးလို့ ပြောရမယ်၊ အီတလီ၊ ရောမနဲ့ ဗင်းနစ်စ် ဖလောရင့် မြို့တွေ ရောက်ရင်. . . ကိုဘညာဏ် အချိန်ယူပြီးလေ့လာဖို့တော့ ပိုပြီး လိုအပ် လိမ့်မယ်"

"ကျွန်တော်လည်း အဲဒ့ီမှာ တစ်လစီတော့ အချိန်ယူပြီးနေဖို့ စဉ်း စားထားတယ် ဆယ်လီ"

"ကျွန်မကတော့ ကိုဘညာဏ်ရဲ့ လက်ရာတွေကို ယုံကြည်တယ်၊ ခရီးရှည်က ပြန်ရောက်ပြီးရင် ဗာလင်တန်ပြတိုက်အတွက်လည်း ပန်းချီ ကားတွေ တင်ခွင့်ရအောင် ရေးလာခဲ့ပါဦး"

"ရေးရမှာပေါ့။ကျွန်တော့်စိတ်ထဲမှာ ဗာလင်တန်ပြတိုက်ကိုလည်း စိတ်ဝင်စားနေတယ်"

"ကိုဘညာဏ်ကနံရံပန်းချီကားကြီးတွေလည်း တအားစိတ်ဝင်စား တတ်တာပဲနော်"

ကိုဘညာဏ်က ပြုံးလိုက်သည်။

"ဟိုတစ်နေ့က တံခါးဝါမှာ ဆရာကြီးစပင်းလတ် ကျွန်တော့်ကို ပြောနေတဲ့စကား ဆယ်လီ ကြားလိုက်တယ်ထင်တယ်"

ဆယ်လီကလည်း ပြုံးနေသည်။

http://www.cherrythitsar.org



"ဟုတ်ပါရဲ့၊ ဆရာကြီးစပင်းလတ်က၊ ကိုယ်ပိုင်လက်ရာ ပီပြင်ဖို့အတွက် ပန်းချီကျော်ဗရင်းဂွင်းရဲ့ နံရံပန်းချီအရိပ်တွေ ကိုဘညာဏ်ကို အာရုံဖုံးလွှမ်းသွားမှာ စိုးရိမ်မိဟန်တူပါရဲ့"

"ဒါကတော့ ကျွန်တော့်ဆရာကြီးရဲ့ တပည့်အပေါ် ကောင်းမြတ် တဲ့ စိုးရိမ်မှုတစ်ခုပါ"

"ဒါနဲ့ ဟိုတစ်လောဆီက သေတ္တာကြီးသုံးလုံးနဲ့ ပန်းချီကားအချပ်လေးရာထည့်ပြီး၊ မြန်မာပြည်ကို သင်္ဘောနဲ့တင်ပို့လိုက်တဲ့ အခြေအနေဘာများကြားရသေးလဲ ကိုဘညာဏ်"

"ဩော် ဟုတ်ပါရဲ့၊ အဲဒီအခြေအနေ ဆယ်လီ့ကို ကျွန်တော် စကားမစပ်မိလို့ မပြောဖြစ်ခဲ့ဘူး၊ အဲဒီ ပန်းချီကားတွေကို ရန်ကုန်ကောလိပ်ကျောင်းဟောင်းမှာ ကျွန်တော့်ညီ မောင်ဘဖန်နဲ့ ပန်းချီမိတ်ဆွေတစ်စုက ပြပွဲလုပ်ပေးတယ်လို့ စာရောက်လာတယ်လေ"

"ကိုဘညာဏ်တို့ မြန်မာပြည်မှာ ပန်းချီစိတ်ဝင်စားတဲ့ အမျိုးသမီးတွေ ရှိနေမှာပဲနော်"

"ကျွန်တော့်ညီရဲ့ စာထဲမှာ မြန်မာပန်းချီအသင်းကြီး ဖွဲ့တယ်ဆိုတဲ့ အကြောင်း ပါလာတယ်။ ဒေါ်မမခင်၊ မမြကြွယ်ဆိုတဲ့ အမျိုးသမီးတွေ လည်း အဖွဲ့ဝင်တွေ ဖြစ်လာကြတယ်တဲ့၊ တစ်နေ့ကျရင် မြန်မာပန်းချီ ဆရာမတွေ အများကြီး တိုးပွားလာပါလိမ့်မယ် ဆယ်လီ"

* * *

http://www.cherrythitsar.org



ကြာသာပတေးနေ့နံနက်ခင်း . . .။

သူငယ်ချင်းမလေး ဆယ်လီနှင့်အတူ ရှုခင်းကားတစ်ချပ်ရေးရန် လန်ဒန် သိမ်းမြစ်ကမ်းခြေသို့ ဓာတ်ရထားစီး၍ ထွက်လာခဲ့ကြသည်။ လမ်းခုလတ်ရောက်မှ ဆယ်လီက သူ့ကင်မရာလေး စားပွဲပေါ်တွင် မေ့ကျန်ရစ်ခဲ့သည်ဆို၍ ဓာတ်ရထားပေါ်မှ ခဏဆင်းကာ နောက်ကြောင်းပြန်လှည့်လာကြသည်။

ဆယ်လီတို့အိမ်သို့ ပထမဦးဆုံးအကြိမ် မမျှော်လင့်ဘဲ အလည်ရောက်ဖူးခဲ့ခြင်းပင်ဖြစ်သည်။ သန့်ရှင်းသော ခြံဝင်းတစ်ဝင်းအလယ်မှ တစ်ထပ်တိုက်လေးပင်ဖြစ်သည်။ အိမ်ဝန်းကျင်တွင် ဒေလီယာပန်းခင်းက တစ်မျိုးလှနေသည်။

အချမ်းပြေမီးလှုံဖို့ မီးလင်းဖိုထားသော အိမ်ဖြစ်သည့်အတိုင်းတိုက် အိမ်၏ ခေါင်မိုးတစ်နေရာမှ မီးခိုးခေါင်းတိုင်က သေသပ်စွာပြူထွက်နေ သည်။

ဆယ်လီတို့အိမ်မှ ခွေးဖြူပုကလေးမှာ အတော်ပင် ချစ်စရာကောင်းသည်။ အမွေးထူ ခွေးဖြူပုကလေးဖြစ်သည်။ တယ်ရီယာ အမျိုးအစားဖြစ်သည်။

ဆယ်လီ့မိခင်ကြီးကဖော်ရွေပျူငှာလှသည်။ ဧည့်ဝတ်ကျေသည်။

http://www.cherrythitsar.org



ဥပမိသန့်စင်သည်။ အသက် '၆၀' ပြည့်ပြီးစဟု သိရ၏။ ဆယ်လီမှာ ဖခင် တိမ်းပါးခဲ့ရှာပြီဖြစ်ကြောင်း ထိုနေ့ကမှ သိခွင့်ရခဲ့သည်။

ဖန်ချိုင့်ဖြင့်ထည့်ထားသောကော်ဖီခါးခါးကို အချမ်းပြေသောက်ရသည်။

ဆယ်လီ မေ့ကျန်ရစ်သော ကင်မရာအမျိုးအစားမှာ 'ရီဝပ်ဒ်'။ ဖလင်အသင့်ထည့်ပြီးသား။ သိမ်းမြစ်ကမ်း၏ အလှကို ဓာတ်ပုံအမှတ်တရ ရိုက်ဖို့ဟု ဆယ်လီကဆိုသည်။ ဆယ်လီက သူ့အတွက် မြစ်ကမ်းသို့ အရောက် ခရီးဖင့်ခဲ့ရခြင်းအတွက် စိတ်အနှောင့်အယှက်မဖြစ်ဖို့ တဖွဖွ တောင်းပန်နေသည်။ ကိုဘညဏ်က မစိုးရိမ်ဖို့ပြောပြီး၊ ဓာတ်ရထားစီး၍ မြစ်ကမ်းခြေသို့ ခရီးဆက်ခဲ့ကြသည်။

အင်္ဂလန်တွင် မာစီမြစ်၏ အလှကတစ်မျိုး။ သိမ်းမြစ်ကမ်း၏ ပသာဒကတစ်မျိုး။ တစ်မျိုးစီ ရှုခင်းအေးမြလှပနေသည်။

ဆယ်လီကမြစ်ထဲမှ လှေသင်္ဘောတချို့ကို ဓာတ်ပုံရိုက်နေသည်။ ကိုဘညဏ်က၊ ကားချပ်ကို ဒေါက်ပေါ်တင်ကာ စိမ်ပြေနပြေ၊ အေးဆေး တည်ငြိမ်စွာ ပန်းချီရေးနေသည်။ ပန်းချီကားထဲတွင် ကောင်းကင်၏ အရောင်ကို အပြာနှင့် အဖြူရောင် နှစ်ရောင်စပ်ရေးလိုက်ပြီး၊ ရိုးပြတ်ဝါ ရင့်ရောင်လေး ထည့်မွေခဲ့သည်။ ထို့ပြင် အုတ်နီရောင်ကို အနည်းငယ်မျှ စုတ်တံထိပ်ဖျားနှင့် တို့၍ အရောင်ပြေးစေခဲ့သည်။

ပန်းချီကားထဲတွင် အာရုံဝင်စားနေတုန်း ဆယ်လီတစ်ယောက် အမောတကော ပြေးလာသည်။

"ကိုဘညဏ် ကယ်နိုင်ရင် ကယ်ပါဦး၊ ဟိုမှာ လူတစ်ယောက် ငါးမျှားရင်း ရေထဲကို အားလွန်ကျသွားတာ ရေကူးတတ်ရှာဟန်မတူဘူး"

လက်ထဲမှစုတ်တံကို ကမန်းကတန်းလွှတ်ချရင်း၊ ဆယ်လီ့နောက်မှ အပြေးအလွှား လိုက်ခဲ့ရသည်။

သိမ်းမြစ်၏အကွေ့တစ်ကွေ့တွင်လူတစ်ယောက် ဝရုန်းသုန်းကား မြုပ်တော့မလို ဖြစ်နေသည်။

ကိုဘညဏ်က စီးထားသော ဟာပ်ဖ်ရှူးဖိနပ်ကို ကတိုက်ကရိုက် ချွတ်ချခဲ့ကာ ရေနစ်သူထံ ကူးခပ်သွားသည်။

"စိတ်အေးအေးထားပါ၊ ရုန်းကန်ပြီး တွန်းမပစ်လိုက်ပါနဲ့၊ ရှင့်ကို

http://www.cherrythitsar.org

ဆယ်မယ့်သူ လာနေပြီ”

ဆယ်လီက ရေနစ်နေသော အမျိုးသားကို အသံကုန်အော်၍ သတိပေးနေသည်။ သတိရှိပုံရသည်။ သူ့ထံသို့ ကိုဘညာဏ် ကူးခပ်လာနေသည်ကို ဖွတ်အတင်း ရုန်းကန်ခြင်းမပြုသလို၊ ကမူးရှူးထိုး ဖက်တွယ်ခြင်းလည်းမပြုဘဲ အလိုက်သင့်ပင် ဆယ်ယူခြင်းခံယူခဲ့ပြီး ကမ်းစပ်သို့ရောက်လာသည်။

ကမ်းစပ်ရောက်မှ မောဟိုက်နေသည်။ သူ့မျက်လုံးတွေက ကျေးဇူး တင်ခြင်းကို ညွှန်းဆိုနေသည်။

“ကဲ အိမ်မြန်မြန်ပြန်ပြီး၊ နွေးနွေးထွေးထွေး နေလိုက်ပါ”

“ကျေးဇူးပါပဲဗျာ၊ ကျွန်တော့်နာမည် အန်ထော်နီပါ၊ ခင်ဗျားကယ်တဲ့ အသက်ပါပဲ၊ ခင်ဗျား ရေကူး တော်တော်ကျွမ်းကျင်တာပဲ ဘယ်နိုင်ငံကလဲ”

“ကျွန်တော် မြန်မာပြည်က ဘညာဏ်ပါ၊ တံခါးဝါကျောင်းမှာ ပန်းချီ ရေးနေပါတယ်”

“ဪ မြန်မာပြည်ကပါလား၊ လေးစားပါတယ်ဗျာ၊ မိတ်ဆွေလည်း အဝတ်တွေစိုကုန်ပြီ”

“ဟုတ်ကဲ့ ကျွန်တော်လည်း တံခါးဝါကိုပြန်ပြီး အနားယူရတော့မယ်”

ဆယ်လီက၊ ပန်းချီပစ္စည်းများကို အလျင်အမြန် ဝိုင်းကူသိမ်းဆည်းပေးသည်။ အန်ထော်နီရော ကိုဘညာဏ်ပါ ခိုက်ခိုက်တုန်နေကြသည်။

“ဆရာတို့ ဘာနဲ့လာကြတာပါလဲ”

အန်ထော်နီက မေးတော့၊ ဓာတ်ရထားနှင့်လာကြောင်း ကိုဘညာဏ် က ပြောလိုက်သည်။

“တစ်ကိုယ်လုံး စိုရွှဲနေတော့၊ အမြန်ဆုံး ကျွန်တော်လိုက်ပို့ပါ့မယ်၊ ကျွန်တော်မှာ ကားပါပါတယ်”

“ကျေးဇူးပါပဲဗျာ”

မကြာမီ အန်ထော်နီ၏ မေဖလားဝါးကားလေးနှင့် တံခါးဝါသို့ သူတို့ ပြန်ရောက်ခဲ့ကြသည်။ အန်ထော်နီက တံခါးဝါကျောင်းရှေ့တွင်

http://www.cherrythitsar.org



နှုတ်ဆက်ကာ၊ ကားမောင်းထွက်သွားသည်။

နောက်တစ်နေ့၊ နေ့လယ်ခင်းတွင် မမျှော်လင့်ဘဲ ထူးခြားသော ဖိတ်စာတစ်စောင် တံခါးဝါကျောင်းသို့ ရောက်လာခဲ့သည်။

"မောင်ဘညဏ်၊ သိမ်းမြစ်ကမ်းစပ်မှာ မင်းကယ်ဆယ်လိုက်တဲ့ အန်ထော်နီဟာ ပဋ္ဌမမြောက်ဂျော့ဘုရင်ရဲ့ ဆွေတော်မျိုးတော်ထဲက တစ်ယောက်ဖြစ်နေတယ်။ လူလူချင်းယိုင်းပင်းကူညီမှု ဂုဏ်ပြုလက်မှတ်ကို ချီးမြှင့်တဲ့ပွဲကို မင်းအတွက် ကျင်းပလိမ့်မယ်၊ မင်းနဲ့အတူ ဆရာ့ကိုပါ ဖိတ်ကြားခြင်းခံရတယ်၊ ဘုရင်မင်းမြတ်ရဲ့ နေ့လယ်လက်ဖက်ရည်ပွဲပေါ့"

ဆရာကြီးစပင်းလတ်၏ စကားကြောင့် တံခါးဝါ ပန်းချီကျောင်းသူ ကျောင်းသားများအားလုံး ကိုဘညဏ်အတွက် ဂုဏ်ယူဝမ်းသာသွား ကြသည်။

* * *

http://www.cherrythitsar.org



၇။ ၉။ ၁၉၉၀ ပြည့်
ရန်ကုန်မြို့

သူငယ်ချင်း မေမောင်နဲ့ မောင်ကျော်

လုပ်ငန်းတွေ အဆင်ပြေပါစေလို့ ဆုတောင်းရင်း၊ စာရေးလိုက်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လထဲမှာ ရန်ကုန်ကို ငါပြန်ရောက်ပါတယ်။ ဒီတစ်ခါ လန်ဒန်ဆိပ်ကမ်းကပြန်ရတော့ မင်းတို့သင်္ဘောပတ်နဲ့ မကြုံခဲ့ရဘူး။ အကျစ်အကျစ် မရှိန်းနား သင်္ဘောကြီးနဲ့ ပြန်ခဲ့ရတယ်။

ခါတိုင်းလို မင်းတို့သင်္ဘောနဲ့ မဟုတ်တော့ စကားပြောဖော်တော့ မည်မည်ရရ မရှိခဲ့ဘူးပေါ့ကွာ။

ဒါနဲ့ တို့သူငယ်ချင်း ထွန်းကြိုင်တို့မိသားစု အခြေအနေရော အဆင်ပြေသွားကြပြီလား၊ သူ့သားလေးနဲ့ သူရော ဘိန်းစွဲတာ ပြတ်သွားကြပြီလား။ မင်းတို့သင်္ဘောမှာ ထွန်းကြိုင် ပြန်ရောက်နေပြီလား။ သူ့တွေ့ရင်လည်း ပြောပါကွာ။ ငါက သတိရတဲ့အကြောင်း။

ဥရောပခရီးစဉ်အပြီးပြီးခဲ့တဲ့(၂)နှစ်က လန်ဒန်ကို ငါပြန်ရောက်တော့ငါ့ကိုပထမဆုံးလန်ဒန်ကိုပညာတော်သင်ပို့ပေးခဲ့ပြီး၊ တော်ဝင်ကျောင်းကိုကျောင်းအပ်ပေးခဲ့သလို၊ တော်ဝင်ကျောင်းကတစ်ဆင့် တံခါးဝါပန်းချီကျောင်းကို ကျောင်းအပ်ပေးခဲ့တဲ့ ကျေးဇူးရှင် ပါမောက္ခဆရာကြီး

http://www.cherrythitsar.org



ဝပ်ဒ် နေထိုင်မကောင်းဖြစ်ပြီး၊ ဆုံးပြီဆိုတာ ခရီးရောက်မဆိုက် ဝမ်းနည်းသတင်း ကြားလိုက်ရတယ်။

ဒီဆရာကြီးတွေရဲ့ ကျေးဇူးဟာ ကြီးမားလှပါတယ်ကွာ။ တံခါးဝါကျောင်းက ဆရာကြီး စပင်းလက်ဆိုရင်လည်း အခုတစ်ခေါက် ငါ ရန်ကုန်ကို ပြန်လာတော့ တပည့်ရင်းကို ခွဲရတော့မယ်ဆိုပြီး အတော်ဝမ်းနည်းနေရှာတယ်။ ဆရာကြီးက မှန်းလွဲပိုင်းလို့ အမည်ရတဲ့ ဆီဆေးပန်းချီကားတစ်ချပ် အမှတ်တရ ငါ့အတွက် လက်ဆောင်ပေးလိုက်တယ်။

ငါ့ရဲ့မိတ်ဆွေသူငယ်ချင်းမလေး ဆယ်လီနဲ့ ငါနဲ့ ပန်းချီခန်းတစ်ခုကို အရောက်မှာ၊ ဂျိမ်းစ်ဒဗ်ခ်ဆင်ဆိုတဲ့ ပန်းချီကားကို နှစ်သက်လို့၊ ရန်ကုန်အပြန်မှာ ငါဝယ်လာခဲ့ပါတယ်။

ဆယ်လီကတော့လန်ဒန်မှာ ပန်းချီတွေ ဒီဇိုင်းတွေ ဆက်ရေးရင်းကျန်ရစ်ခဲ့ရှာတာပေါ့ကွာ။

သူငယ်ချင်းဖေမောင်မင်းကပန်းချီအခြေခံရှိတော့ သဘောလိုက်လည်း လိုက်တာပေါ့ကွာ၊ အားတဲ့အခါ ရင်ထဲမှာ ခံစားမှုရှိရင် ပန်းချီရေးစေချင်တယ်။ ပန်းချီရေးတာဟာ လူ့ရဲ့ စိတ်နှလုံးသားကို အမှန်တရားတွေဆီ ပို့ဆောင်ပေးတတ်တယ်။

မင်းတို့သဘော ရန်ကုန်မှာနားတဲ့အခါ ငါ့ဆီကိုလာလည်ကြပါ။ မင်းရေးချင်တဲ့ ပန်းချီကားတွေ ရေးပါ။ ငါ အားပေးကူညီပါ့မယ်။

ရန်ကုန်ကို ငါပြန်ရောက်တဲ့အခါ မောရစ်ကောလစ်က ခရိုင်ရာဇဝတ် တရားသူကြီးဖြစ်နေတယ်။ လန်ဒန်မှာတုန်းက ငါနဲ့သိခဲ့တဲ့ မိတ်ဆွေပါ။ ဆရာကြီးကင့်ချ်တို့ ဆရာမာတင်ဂျူးတို့လည်း ရှိနေကြတယ်။ ငါ့ဆရာကြီးဝပ်ဒ် မရှိတော့ပေမဲ့ ဒီဆရာကြီးတွေက ငါ့ကို အကူအညီပေးကြပါတယ်။

တက္ကသိုလ်ကျောင်းအုပ်ကြီး စလေ့ခ်ရဲ့ ခွင့်ပြုချက်နဲ့ သထုံဆောင် ပထမထပ် နည်းပြဆရာအခန်းမှာ နေရတယ်။ မင်းတို့ရန်ကုန်ရောက်ရင် ဝင်ခဲ့နော်။

အဆောင်မှူးက ဦးလူဖေဝင်း၊ သူကလည်း ကူညီပါတယ်။ ကထိကပေါ့။ ငါ့လိုပဲ လန်ဒန်ကိုရောက်ဖူးတဲ့ ဦးသာထွန်းက မြန်မာပန်းချီကာလပ်မှာ ဥက္ကဋ္ဌ၊ ဟို့ မြန်မာလူမျိုးတွေထဲက ပထမဆုံး ဥက္ကဋ္ဌ။

http://www.cherrythitsar.org



တက္ကသိုလ်ကျောင်းအုပ်ကြီးရဲ့ ခွင့်ပြုချက်ကြောင့် ကိုစံဝင်းနဲ့ တိုင် ပင်ပြီး တက္ကသိုလ်နယ်မြေမှာ ငါတို့ ပန်းချီသင်တန်းဖွင့်ကြတယ်။

ဘီအိုစီကောလိပ်မှာ အခန်းတစ်ခန်းရတယ်။ တနင်္ဂနွေနေ့ သင် တန်းပေါ့ကွာ။ ဦးချမ်းသာတို့၊ စာရေးဆရာဇဝန၊ ကာတွန်း ဦးဟိန်စွန်းနဲ့ မိတ်ဆွေသင်္ဂဟ အမျိုးသမီးတချို့ပါလာပြီး သင်တန်းတက်ကြတယ်။

ဗြိတိသျှလူမျိုးဘုရင်ခံ ဆာချားလ်စ်အင်းနစ်က ခွင့်ယူသွားတော့ တို့မြန်မာလူမျိုးတွေထဲက ဆာဂျေအေမောင်ကြီး ဘုရင်ခံအဖြစ် ခန့်အပ်ခံ ရတယ်။ အိမ်တော်မှာ သံဃာတော်တွေကို ဆွမ်းဆက်ကပ်လှူဒါန်းတယ်။ ဆာဂျေအေမောင်ကြီးက ပန်းချီအနုပညာဝါသနာပါတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ အိမ်တော်မှာ ပန်းချီပြပွဲ ဖွင့်လှစ်ပေးတယ်။

သူငယ်ချင်းတို့ရေ။ ငါ့ရဲ့ တစ်ကိုယ်တော် ပြပွဲပါပဲ။ ဘုရင်ခံက အင်္ဂလိပ် မြန်မာ နှစ်ဘာသာ မိန့်ခွန်းပြောပြီး ပြပွဲကိုဖွင့်ပေးခဲ့တယ်။ ပရိသတ် စည်ကားသိုက်မြိုက်တဲ့ ပန်းချီပြပွဲတစ်ပွဲပေါ့ကွာ။

ပန်းချီကားတွေ တော်တော်များများ ရောင်းလိုက်ရပါတယ်။

ရန်ကုန်ဂေဇက်၊ရန်ကုန်တိုင်းမ်၊ သူရိယ၊ ဒီးဒုတ် စတဲ့စာနယ်ဇင်း တွေမှာ ပန်းချီပြပွဲသတင်းဟာ ဝေဝေဆာဆာ လှုပ်ခါသွားတယ်။

မင်းတို့ကို သတိရနေတဲ့
ဘညာဏ်

* * *

http://www.cherrythitsar.org



ဧရာဝတီတိုင်း၊ပန်းတနော်မြို့နယ်၊ ရွာတစ်ရွာတွင် သူကြီးဖြစ်နေသော ဦးဘဟန်က ညီဖြစ်သူ ကိုဘညာဏ်ထံသို့ တူမလေးနှစ်ယောက်ကို စောင့်ရှောက်ပါရန်နှင့် ညီငယ်အား အနီးကပ် ကျွေးမွေးပြုစုနိုင်ရန် သမီးနှစ်ယောက်ဖြစ်ကြသည့် မခင်တင့်နှင့် မခင်မြင့်တို့ကို ရန်ကုန်ပို့လိုက်သည်။

တစ်ကိုယ်ရေ တစ်ကာယသမား ကိုဘညာဏ်မှာလည်း အားကိုးစရာ တူမလေးတွေ ရောက်လာကြပြီမို့ နေရာထိုင်ခင်း ပြောင်းရွှေ့ရန် စီစဉ်ရသည်။

ရန်ကုန်တက္ကသိုလ်ဝင်းသထုံဆောင်မှာနေခဲ့သမျှ (၄)လအတွင်း စိတ်ချမ်းမြေ့ခဲ့ပါ၏။ ထပ်တူထပ်မျှ စိတ်အေးအေးဖြင့် ပန်းချီရေးရမည့် နေရာတစ်နေရာ ငှားနေဖို့ စဉ်းစားမိသည်။

“ဘတ်လမ်းနဲ့ နယူးလင်းလမ်းထောင့်က အိမ်ကြီးဆိုရင် ကိုဘညာဏ် ပန်းချီရေးရတာ အဆင်ပြေပါလိမ့်မယ်”

တစ်နေ့ ကိုဘညာဏ်ဆီသို့လာလည်သော မေဘာဆိုသည့်မိန်းကလေးက ပြောလာသည်။ တရားသူကြီးဦးဘ၏ သမီးဖြစ်သည်။ ပန်းချီရေးသော မိန်းကလေး။ ကိုဘညာဏ်က တစ်နာရီ ငွေ ၄/-နှုန်းဖြင့် ပန်းချီသင်ပေးနေသော မိန်းကလေး။ မြန်မာအမျိုးသမီးများထဲမှ ဒေါ်ငွေခိုင်လည်း

http://www.cherrythitsar.org



ကိုဘညာဏ်ဆီမှာ ပန်းချီလာသင်နေသည်။ အင်ဂျင်နီယာ ဦးကာ၏ ဇနီးဖြစ်သည်။

"မမေဘပြောတဲ့အိမ်ကို ကျွန်တော် သွားကြည့်လိုက်ပါဦးမယ်"

ဟု ဆိုကာ အားလပ်သည့်တစ်နေ့တွင် အိမ်ကြီးကို သွားကြည့်သည်။ ခြံဝင်းကျယ်သည်။ ကြက်တူရွေးတံဆိပ် အငှားကားများ အသင်းပိုင်ခြံဝင်းထဲမှ နှစ်ထပ်အိမ်ကြီးဖြစ်သည်။

ကိုဘညာဏ်က အိမ်အနေအထားကို သဘောကျ၍ ငှားလိုက်သည်။

တူမလေး မခင်တင့်၊ မခင်မြင့်တို့နှင့်အတူ တက္ကသိုလ်ဝင်းထဲမှ ပြောင်းရွှေ့လာခဲ့ကြသည်။

အိမ်ပြောင်းပြီးနောက်တစ်နေ့ညနေပိုင်းတွင် အင်္ဂလိပ်လူမျိုးတစ်ယောက် ကိုဘညာဏ်အိမ်သို့ ရောက်လာသည်။

ကိုဘညာဏ်က အိမ်မှာမရှိ။ အပြင်ခဏသွားနေသည်။ အင်္ဂလိပ်လူမျိုးက သတင်းစာဖတ်ရင်း ဧည့်ခန်းမှာ ထိုင်စောင့်နေသည်။

ခဏကြာတော့ကိုဘညာဏ်ပြန်ရောက်လာသည်။ အင်္ဂလိပ်လူမျိုးက ကိုဘညာဏ်ကို တစ်ခါမှ မတွေ့ဖူး မမြင်ဖူးသူဖြစ်သည်။

ဥရောပနိုင်ငံများမှာ အကြာကြီးနေဖူးသော ပန်းချီဆရာ ကိုဘညာဏ်သည် ဘယ်လိုပုံသဏ္ဌာန်မျိုးလဲဟု မှန်းဆရခက်နေသည်။

"လေးလေးရေ အင်္ဂလိပ်ဧည့်သည်တစ်ယောက် စောင့်နေတယ်"

တူမအငယ် မခင်မြင့်က ဦးလေးထံမှ အိမ်တော်ရာထီးကို ဆီးကြို လှမ်းယူရင်း ပြောပြသည်။

ကိုဘညာဏ်သည် ဥရောပနိုင်ငံများမှ ပြန်ရောက်လာပြီးကတည်းက အိမ်တော်ရာထီးကိုဆောင်းသည်။ ပန်းနုရောင်ခေါင်းပေါင်း ပေါင်းသည်။ နံသာရောင် ပိုးတိုက်ပုံအင်္ကျီကို ဝတ်သည်။ ရွှေတောင်ပိုးလုံချည်ကိုသာ ဝတ်သည်။ ရှပ်အင်္ကျီအဖြူကိုသာ ဝတ်သည်။

ဧည့်ခန်းထဲမှာ ထိုင်စောင့်နေသော အင်္ဂလိပ်က ဥရောပပြန် မြန်မာပန်းချီဆရာ၏ ပုံသဏ္ဌာန်ကို တစ်ချက်လှမ်းကြည့်ရင်း. . .

"ကိုဘညာဏ်ဆိုတာ ခင်ဗျားလား" ဟု မေးလိုက်သည်။

"ဟုတ်ပါတယ်. . . ဘာကိစ္စများရှိလို့ပါလဲ"

http://www.cherrythitsar.org



စီးကရက်တစ်လိပ်ကိုမီးညှိရင်းထိုင်ခုံမှာဝင်ထိုင်ကာ ပန်းချီဆရာက မေးလိုက်သည်။

"ဆယ်မိနစ်လောက်နဲ့ ကျွန်တော့်ပုံတူကို ရေးပေးနိုင်မလား၊ ကျွန်တော်က အချိန်သိပ်မရဘူး၊ နောက် တစ်နာရီလောက်မှာ ခရီးထွက်စရာရှိလို့ပါ"

မြန်မာ့ အနုပညာသည်တစ်ယောက်၏ စိတ်ကို လာလှုပ်ခြင်းပေလား။ ဘာပဲဖြစ်စေ ဧည့်သည်ကို အိမ်ရှင်က ဧည့်ဝတ်ကျေရပေမည်။

ကိုဘညဏ်က. . . ကားချပ်တစ်ခုတွင် ခဲကောက်ကြောင်းကို တိကျသေသပ်စွာ ဖော်လိုက်သည်။ ပြီးတော့မှ စီပီယာရေဆေးဖြင့် မိုနိုခရုမ်းခေါ် တစ်ရောင်ခြယ် စုတ်ချက်သွက်သွက်များဖြင့် အင်္ဂလိပ်၏ မျက်နှာကို အမိဖမ်းလိုက်သည်။

"ကျေနပ်လောက်နိုင်ပါတယ်နော်"

အင်္ဂလိပ်ကိုလှမ်းပေးရင်း စူးရှတောက်ပသော မျက်လုံးများဖြင့် ကြည့်နေသည်။

"ကျွန်တော့်မိသားစုကိုပြန်ပြရင်သိပ်အံ့ဩသွားကြမယ့် လက်ရာကောင်းပါပဲ"

အင်္ဂလိပ်ကဝမ်းသာအားရပြောကာ၊ညဏ်ပူဇော်ခငွေ တစ်ရာ့ငါးဆယ်ကျပ်ပေးပြီး၊ ပန်းချီကားကိုယူကာ၊ ကားမောင်း၍ ထွက်သွားသည်။

"မခင်တင့် ဘယ်သွားမလို့လဲ"

တောင်းတစ်တောင်းဖြင့် အိမ်အပြင်ထွက်မည့် တူမဖြစ်သူအားကိုဘညဏ်က လှမ်းမေးလိုက်သည်။

"အမှိုက်ပုံးထဲ အမှိုက်တွေထွက်သွန်မလို့ပါ လေးလေး၊ ဘာများခိုင်းစရာ ရှိလို့ပါလဲ"

"မရှိပါဘူးကွာ. . . အမှိုက်တောင်းထဲမှာလည်း. . . လေးလေး စီးကရက် ဘူးခွံတွေချည်းပါပဲလား"

ကိုဘညဏ်က သူ့စီးကရက်ဘူးခွံလွတ်တွေကို ကြည့်ပြီး သူ့ကိုယ်သူ လှော့ဖို့ သတိရလိုက်သည်။ စီးကရက်လေးဖွာရင်း ပန်းချီရေးရတာ ပိုအတွေးကောင်းသလို မှတ်ထင်မိသည်။

သူ့ထံမှာပန်းချီလာသင်နေသောမြန်မာအမျိုးသမီးများထဲမှ ဆရာ

http://www.cherrythitsar.org



ဝန် မခင်မြိုင်ဝေက. . .

"ဆရာ စီးကရက်လျှော့သောက်ပါ. . . ကြာရင် ကျန်းမာရေး ထိခိုက်နိုင်ပါတယ်" ဟု မကြာခဏ သတိပေးဖူးသည်။

ပန်းတနော်မှာ ရဲအရာရှိငယ်ဖြစ်နေသော အစ်ကိုကြီး ကိုဘိုးကျန် ကတော့ ရန်ကုန်လာလည်ရင်း. . .

"ဘညာဏ်. . . စီးကရက်ဖြတ်မယ်ဆိုရင်. . . ဆေးပြင်းလိပ် ဖွာကြည့်ပါလား၊ ဆေးပြင်းလိပ်က စီးကရက်ထက်စာရင်၊ လူသိပ်မထိဘူးလို့ ဆိုကြတာပဲ"

ဟု ဆိုဖူးသဖြင့် ကိုဘိုးကျန်ဆီက ဆေးပြင်းလိပ် ယူခဲကြည့်မိဖူးသည်။ ဆေးစပ်ပြင်းသည်မို့၊ ဦးနှောက်များ မူးဝေမလားဟု သူ စိုးရိမ်မိသေးသည်။ သို့သော်လည်း ဆေးပြင်းလိပ် တစ်ခါနှစ်ခါ ဖွာကြည့်တော့ သူနှင့် တည့်မှန်းသိသည်။

ပန်းတနော်က ရွှေကျင်ဦးသုမန ရန်ကုန်ကြွလာတုန်းကလည်း. . .

"ဘညာဏ်မင်းက အမဲသားဟင်းသိပ်စားတယ်ဆို" ဟု မေးဖူး၏။

"တင်ပ့ါဘုရား. . . ငယ်ငယ်လေးကတည်းကတပည့်တော်ကြိုက်တဲ့ ဟင်းမို့ပါဘုရား"

ဟု တင်လျှောက်တော့. . . တော်သူတောင်သားများ သားသမီး ဖြစ်သည့်အတိုင်း လယ်ယာ၏ကျေးဇူးရှင် နွားများကို သူ့အသား မစားသင့် မစားအပ်ကြောင်း ဆရာတော်က ဆိုဆုံးမဖူးသည်။

"မခင်မြင့်ရေ. . . လေးလေးအတွက် အမဲသားဟင်း မချက်နဲ့တော့"

ဟု ဆရာတော် ပြန်ကြွသွားပြီးကတည်းက တူမလေးတွေကို မှာထားရသည်။ ခုလည်း စီးကရက်ဘူးခွံတွေကို ငေးကြည့်ရင်း၊ ဆေးပြင်းလိပ်ဘက်ကူးပြောင်းဖို့ စိတ်ကူးရမိသည်။

* * *

http://www.cherrythitsar.org



သည်နေ့ နံနက်ခင်းတွင်တော့ ကိုဘညာဏ်တစ်ယောက် အလုပ်လက်ခံထားတာလေးတွေကို လက်စသတ်နေသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏သမီး ဒေါ်မြစိန် ဆက်သွယ်ပေး၍ ကိုဘညာဏ် အလုပ်တော်တော်များများ လက်ခံခဲ့ရသည်။ ရေဝန်ရုံးကြီး၏ အုတ်နံရံတွင်ချိတ်ဆွဲရန် မြန်မာ့သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ သရုပ်ဖော်ကားတစ်ကား၊ ရန်ကုန်ဆိပ်ကမ်း ရှုခင်းတို့ကို ပိုစတာဆေးဖြင့် ရေးပေးခဲ့ရသည်။

ရန်ကုန်တက္ကသိုလ် အဆောက်အအုံးအတွက်လည်း ပန်ချီကားနှစ်ကား ရေးပေးခဲ့ရသည်။ ဆီဆေးကားများဖြစ်သည်။

အလုပ်တွေကို လက်စသတ်ပြီးနောက်၊ တူမလေးတွေ ခူးခပ်ကျွေး မွေးသော နံနက်စာကို စားနေတုန်း၊ စာတစ်စောင်နှင့် ကောင်လေးတစ် ယောက် ရောက်လာသည်။

စာမှာ ပဲခူးမြို့ အမျိုးသားကျောင်းတွင် ပုံဆွဲဆရာလုပ်နေသော ညီဖြစ်သူ ကိုဘဖန်ထံမှ စာဖြစ်သည်။

http://www.cherrythitsar.org



*အစ်ကိုဘညာ*

*ကျွန်တော် ပဲခူးက ဦးဘရဲ့ သမီးတစ်ယောက်နဲ့ အိမ်ထောင်ပြု လိုက်ပါတယ်။ အခုလာသူဟာ ကျွန်တော့်ယောက်ဖ ဒေအးမောင်လို့ ခေါ်ပါတယ်။*

*သူက. . . အစ်ကိုတို့ကျွန်တော်တို့ငယ်ငယ်ကလိုပဲ ပန်းချီအရမ်း ဝါသနာပါတဲ့ ကောင်လေးပါ။ သူ့မိဘတွေကလည်း အစ်ကို့ဆီမှာ တပည့်ရင်းလို ပညာသင်ဖို့ အပ်ချင်တယ်ဆိုတာနဲ့ ကျွန်တော် အစ်ကို့ဆီ လွှတ်လိုက်တာပါ။ လိမ်မာရေးခြားရှိပါတယ်။ ရိုးသားမှုအပိုင်းကိုလည်း ကျွန်တော် တာဝန်ယူပါတယ်။*

*ဆုံးမစရာရှိတာ ဆုံးမပါအစ်ကို၊ ခိုင်းစရာရှိတာ ဘာမဆို ခိုင်းလို့ ရပါတယ်။*

*ကျန်းမာပါစေ*<br>*ညီ*<br>*ဘဖန်*

"တစ်ခါတည်း ထမင်းဝင်စားဟေ့. . . အေးမောင်"

ကိုဘညာက. . . အေးမောင်ကို ထမင်းဝင်စားခိုင်းသည်။ အေး မောင်မှာ အသားမည်းမည်း၊ အရပ်က ခပ်ပုပု။

"မင်းရောက်လာတာနဲ့ အတော်ပဲ။ ငါလည်း ရှမ်းပြည်နယ်ဘက် ခရီးထွက်ပြီး ပန်းချီရေးမလို့၊ မင်းကိုပဲ အဖော်ခေါ်သွားရမှာပဲ"

အေးမောင်မှာ ထမင်းပင် ဖြောင့်အောင်မစားနိုင်။ ဝမ်းသာသည့် မျက်နှာရိပ် မျက်နှာကဲက ပေါ်လွင်နေသည်။

"ထမင်းစားနေလား အစ်ကို. . . "

ညော့်သည်တစ်ယောက် ဝင်လာပြီး အားတုံ့အားနာဖြင့်ပြော၍၊ လှမ်းကြည့်လိုက်တော့ ပန်းချီရေးသည့် ကိုငွေကိုင် ဖြစ်နေသည်။

"မစားရသေးရင်အားမနာနဲ့နော်ကိုငွေကိုင်၊ တစ်ခါတည်းဝင်စား ဗျာ" ကိုဘညာက လှိုက်လှဲစွာခေါ်သည်။

"အခုပဲ. . . အေဝမ်းခြံထဲကပန်းချီဆရာကိုသန်းစိန်နဲ့၊ ရေကျော် က လမ်းဘေးထမင်းဆိုင်လေးတစ်ဆိုင်ဝင်စားလာခဲ့ပြီးပြီအစ်ကို"

http://www.cherrythitsar.org



"ဒါဆိုလည်း ထိုင်ချေဦးဗျာ. . . "

ကိုဘညာဏ်ကထမင်းကိုပြီးအောင်စား၊ လက်ဆေးပြီး ဧည့်ခန်းထဲ ထွက်လာခဲ့သည်။

"ဘယ့်နှယ်လဲ အောဝမ်းရုပ်ရှင်ခြံထဲမှာ အလုပ်အကိုင်ကောင်း ရဲ့လား"

ကိုဘညာဏ်က. . . ဆေးပြင်းလိပ် မီးညှိဖွာရင်းက မေးသည်။

"ရုပ်ရှင် ဆက်တင်တွေရော၊ ပိုစတာတွေရော. . . တော်တော် ရေးရပါတယ် အစ်ကို"

"အောဝမ်း ဦးတင်နွယ်တို့ရော. . . နေကောင်းကြရဲ့လား"

"ကောင်းပါတယ် အစ်ကို. . . ကျွန်တော်လည်း မိသားစုနဲ့ ပန်းဆိုးတန်းမှာ အခန်းတစ်ခန်းငှားပြီး ရုပ်ရှင်ပိုစတာကြီးတွေ လက်ခံရေး မလားလို့"

"ကောင်းသားပဲ၊ပန်းဆိုးတန်းဆိုတော့အလုပ်အပ်တဲ့လူတွေလည်း ဆက်သွယ်ရတာလွယ်တာပေါ့၊ အလုပ်များလာတော့ ခင်ဗျားတစ်ယောက် တည်းနဲ့ မနိုင်မနင်းတော့ ဖြစ်မှာပဲ"

"ဟုတ်ကဲ့. . . တပည့်လေးသုံးယောက်တော့ ခေါ်ထားပါတယ်"

တူမ မခင်တင့်က၊ ကိုငွေကိုင်အတွက် ကော်ဖီလာချပေးသည်။

"သီပေါစော်ဘွားစောအုံကြာဖိတ်လို့ သီပေါကို အစ်ကိုခရီးထွက် မယ်လို့၊ ဒဂုံမဂ္ဂဇင်းမှာ ပန်းချီဦးဘလုံတို့ ပြောနေသံကြားခဲ့လို့"

"ဟုတ်တယ်ဗျစောအုံကြာနဲ့ကျွန်တော်နဲ့ကလန်ဒန်မှာ မိတ်ဆွေ ဖြစ်ခဲ့ကြတာပါ။မြန်မာပြည်ပြန်ရောက်ပြီးသီပေါမှာ ဟော်နန်းသိမ်းပွဲ ကျင်းပတော့မဟာဒေဝီနဲ့ ရန်ကုန်ဆင်းလာခဲ့ကြသေးတယ်။ ရွှေတိဂုံ စေတီတော်ကြီးကို လာဖူးကြတာလေ၊ ကျွန်တော့်ကို ဝင်နှုတ်ဆက်ရင်း ပုံတူပန်းချီကားကြီးအပ်လို့ ရေးပေးလိုက်ရတယ်၊ ပန်းချီကားထဲမှာ မြို့ဝန်၊ အမတ်ချုပ်၊ ဟိန်၊ ထမုံ၊ ကျော့၊ အကြီးအကဲ အမှုထမ်းတွေပါ ပါအောင် ရေးပေးပါဆိုလို့ တော်တော်ပြည့်ပြည့်စုံစုံ ရေးပေးလိုက်ရတယ်။

"ပန်းချီရေးခ ဘယ်လောက်ချီးမြှင့်ခဲ့လဲ အစ်ကို"

"သုံးသောင်းပေးသွားတယ်"

"အခု သူတို့ပြန်သွားတော့ အစ်ကို့ကို ဖိတ်သွားကြတာပေါ့"

http://www.cherrythitsar.org



"အေးဗျ၊ တောင်ပိုင်းစော်ဘွားကြီးကလည်း ကျွန်တော့်ကို ဖိတ်ထားတယ်၊ ဟိုမှာတော့ နေကြာပန်းခင်း ရှုခင်းတွေ၊ လက်ဖက်ခင်းတွေ၊ တောရိပ်တောင်ရိပ်တွေ အများကြီးရေးဖြစ်ခဲ့လိမ့်မယ် ထင်တယ်"

"ကောင်းတာပေါ့အစ်ကိုရာ. . . ကျွန်တော်က ရုပ်ရှင်ပိုစတာတွေနဲ့မို့ အချိန်မရလို့သာ၊ နို့မို့ဆို အစ်ကိုတို့နဲ့ လိုက်ခဲ့ချင်တာ"

"ဒါနဲ့ မဂ္ဂဇင်းတွေမှာ. . . ကိုဘလုံတို့ ကိုထွန်းကြွယ်တို့ ကိုစောမောင်တို့၊ ဆရာမြစ်တို့၊ ကိုမောင်မောင်တင်တို့ရော အလုပ်အကိုင်တွေ ကောင်းကြရဲ့လား"

"ကဝိမျက်မှန်နဲ့ ဒဂုံမဂ္ဂဇင်းက ပန်းချီပုံတွေ လှိုင်လှိုင်သုံးတော့ သူတို့ တော်တော်ရေးကြရပါတယ်"

ခဏကြာတော့ ပန်းချီကိုငွေကိုင် နှုတ်ဆက်ပြီး ပြန်သွားသည်။ သူက ထားဝယ်သား၊ မဂ္ဂဇင်းပန်းချီရေးဖို့ ရန်ကုန်ဆင်းလာတော့ သည်မှာက တစ်ပုံစနှစ်ပုံစသာ ရေးရသဖြင့် ပိုစတာရေးရန် စိတ်ကူးမိသည်။ ဆရာရင်း ဦးဘိုးအောင်က ပိုစတာရေးနည်းသင်ဖို့ ဦးဘစိန်ဆီလမ်းညွှန်သဖြင့် ဦးဘစိန်ဆီမှာ နည်းယူပြီး ထားဝယ်တစ်ခေါက် ပြန်သွားသေးသည်။ ထားဝယ်မှာက ပိုစတာလုပ်ငန်း အရှိန်နည်းနေသေးသဖြင့် ရန်ကုန်ပြန်ဆင်းလာပြန်သည်။ ကိုဘညာဏ်ဆီမှာ ပိုစတာရေးနည်း လာသင်သည်။ သူက ကိုဘညာဏ် တစ်ခါက မြန်မာအဆွေရုပ်ရှင်ကုမ္ပဏီမှ ရိုက်ကူးသည့် မှိုင်းဝေဝေ ရုပ်ရှင်ပိုစတာကြီးကို အရောင်တွေ စူးစူးရှရှ ရေးချက်အသစ် ရဲရဲရင့်ရင့်ဖြင့်ရေးတာ အဝေးမှငေးကြည့်ရင်း အားကျခဲ့ဖူးသည်။ ထို့ကြောင့် ကိုဘညာဏ်က ကိုငွေကိုင်ကို ပိုစတာရေးနည်း တော်တော်လေး စုံအောင် သင်ပေးပြီး အေဝမ်းခြိနှင့် ဆက်သွယ်ပေးခဲ့ခြင်းဖြစ်သည်။ ခုတော့ ရုပ်ရှင်ပိုစတာလောကမှာ ကိုငွေကိုင် လက်မလည်အောင် ရေးနေရပေပြီ။

"သြော်. . . ကိုငွေကိုင်လာလည်တုန်း. . . သူ့တပည့် မြတ်ကျော် အခြေအနေတောင် မမေးလိုက်ရဘူး။ "

ဟု ကိုဘညာဏ် သတိပေါ်သည်။ မြတ်ကျော်ဆိုတာ ပန်းပုဆရာ ဦးရွှေတောင်ရဲ့ မြေး။ ပန်းပုဆရာခင်ရဲ့ သား၊ သူ့အဖေက သူ့သားကို ပန်းချီသင်ဖို့ ကိုဘညာဏ်ဆီ လာအပ်ဖူးသည်။

http://www.cherrythitsar.org



ဗာဒံရွက်တစ်ရွက်ကိုခူးပြီးနေ့တိုင်းကြည့်ရေးခိုင်းတော့မြတ်ကျော် စိတ်ရှည်ဟန်မတူ။ သူ့အဖေ ဆရာခင်ကို ပြန်ပြောဟန်တူသည်။

ဆရာခင်က— ကိုဘညာဏ်ဆီရောက်လာပြီး သူ့သားကို မြန်မြန် သင်ပေးဖို့ နားပူသည်။

"မြတ်ကျော်ကို ဗာဒံရွက် အကြာကြီးရေးခိုင်းနေတာ သက်သက် ညှဉ်းပန်းနေတာမဟုတ်ဘူး ဆရာခင်ရဲ့၊ အသေးစိတ်သိအောင်လို့ လေ့ ကျင့်ခိုင်းနေတာပါ။ ကျွန်တော် လန်ဒန်တော်ဝင် ပန်းချီကျောင်းမှာ ကျောင်းတက်တုန်းက ကျောင်းကပွဲအတွက် နောက်ခံရှုခင်းကားတွေကို ကျောင်းသားတွေ စုပေါင်းရေးကြရတယ်။ အုန်းပင်ပုံကို အသေးစိတ်ပန်းချီ ရေးတဲ့ ကျောင်းသားတွေထဲမှာ ဂျာဗားကျွန်းက ပန်းချီလာသင်တဲ့ ကျောင်း သားတွေဟာ လက်ရာ ထူးထူးခြားခြားကောင်းကြတယ်။ သူတို့က ဇွဲရှိရှိနဲ့ မခိုမကပ် အသေးစိတ်ရေးတာကိုး။ သူတို့ ရေးတဲ့အုန်းပင်မှာ ပင်စည်က ပိုးထိုးပေါက်လေးတွေပါ တွေ့ရတော့ ကျောင်းအုပ်ကြီးကိုယ်တိုင် သိပ် သဘောကျခဲ့ရဖူးတယ်။ ဆရာခင့်သား. . . ကျွန်တော့်ဆီမှာ ပန်းချီရေး ရတာ ကြာတယ်ထင်ရင် ကိုငွေကိုင် ပိုစတာရေးတဲ့ဆီ ပို့ပေးလိုက်မယ်၊ ကိုငွေကိုင်ဆီ ကျွန်တော် စာတစ်စောင်ရေးပေးလိုက်မယ် "

ဟုဆိုကာ ဆရာခင့်သား မြတ်ကျော်ကို ပိုစတာရေးဖို့ အပ်ပေး လိုက်တာ ကိုဘညာဏ် ပြန်သတိရမိခြင်းကြောင့်ဖြစ်၏။

ဟိုတစ်လောဆီကတော့ကိုဘညာဏ်၊ ကိုငွေကိုင်တို့ ပန်းချီအလုပ် ခန်းဘက် ခဏရောက်သွားခဲ့သေးသည်။

ရုပ်ရှင်မင်းသား ဘချစ်၊ မင်းသမီး ခင်တင့်ပုံတွေ မြတ်ကျော် ရေးနေသည်ကို တွေ့ရသည်။ ဒါရိုက်တာဦးမောင်ကြီး ရိုက်ကူးသည့် "ဝတ္တရား" ဇာတ်ကားအတွက် ပိုစတာကြီးဖြစ်၏။

"ပိုစတာ ရှိုးကပ်ဆေးမှာ အရောင် ဘယ်နှမျိုးရှိလဲ မြတ်ကျော်" ဟု ကိုဘညာဏ်က မြတ်ကျော်ကို မေးခဲ့သည်။

"၄၈ — ရောင်ရှိပါတယ် ဆရာ" ဟု မြတ်ကျော်က ပြောသည်။

"ရုပ်ရှင်ပိုစတာရေးတဲ့နေရာမှာဥပမာ မင်းက မင်းသားရဲ့ အင်္ကျီ အရောင်ကိုရေးနေတယ်ဆိုပါတော့ကွာ၊အဲဒီအရောင်၄၈ ရောင်လုံး ပါအောင်ရေးနိုင်ရင်ပိုစတာဟာ ပိုပြီးကြွလာလိမ့်မယ်. . . အရောင်ရဲ့

http://www.cherrythitsar.org



သဘောက အဲဒီလိုရှိတယ်”

ဟု ကိုဘညာဏ်က သင်ပေးခဲ့ဖူးသည်။ လန်ဒန်မှာတုန်းက မိတ်ဆွေမလေး ဆယ်လီနှင့်အတူ ရုပ်ရှင်ပိုစတာကြီးများကို သွားလေ့လာကြရာ၊ လန်ဒန်မှ ရုပ်ရှင်ပိုစတာရေးသည့် ပန်းချီဆရာများ ရှိုးကပ်အရောင် ၄၈ ရောင်ကို ဂရုတစိုက် နိုင်နိုင်နင်းနင်း ရေးနေကြတာ ကိုဘညာဏ် မြင်ခဲ့ဖူး၍ဖြစ်သည်။

သူ့ဆီမှာ မြတ်ကျော် ပန်းချီလာသင်နေတုန်းက ဗာဒံရွက်ကို အသေးစိတ်ရေးခိုင်းခဲ့ရခြင်း အကြောင်းရင်းကိုလည်း ကိုဘညာဏ် ကြုံကြိုက်သည့်အခိုက် ရှင်းပြခဲ့သေးသည်။

“ငါတို့တော်ဝင်ပန်းချီကျောင်းနဲ့ တံခါးဝါကျောင်းမှာ နေခဲ့ရတုန်းကဆိုရင်၊ သစ်ပင်တစ်ပင်ကို ရေးတော့မယ်ဆိုတဲ့အခါ၊ ပင်စည်ဆိုရင် ပင်စည်ချည်းပဲ ပုံပေါင်းများစွာ ရေးခဲ့ရတာကွ၊ အနေအထားအမျိုးမျိုးနဲ့ ရေးရတာ၊ အရွက်ဆိုရင် အရွက်သက်သက်၊ အကိုင်းဆိုရင်လည်း ဒီအတိုင်းပဲ၊ အဲဒီတုန်းက လေ့ကျင့်ရေးခဲ့ရတဲ့ ပုံတွေဆိုတာ အရေအတွက် ဘယ်လောက်ရှိလိမ့်မယ်ထင်လဲ”

ကိုဘညာဏ်မေးဖူးသည်။

“မသိဘူးဆရာ”

“အရေအတွက်. . . ရာ. . . ထောင်မကရှိခဲ့တယ်၊ အဲဒါ ငါအမှန် ပြောတာ”

ကိုဘညာဏ်စကားကြောင့်မြတ်ကျော် မျက်လုံးလေးတွေဝိုင်းသွားသည်။

* * *

http://www.cherrythitsar.org



မန္တလေးသည်ပင်လျှင်အဝေးတွင်မှုန်ပျပျကျန်ရစ်ခဲ့ပေပြီ။ရထား က တော်ပေါ်ဒေသသို့ တရွေ့ရွေ့တက်ခဲ့၏။ ရထားတွဲတွင် ပတ်ဝန်းကျင် ကို စိတ်ဝင်စားစွာ အေးမောင် လှမ်းကြည့်နေသည်။ သူက. . . ပဲခူးမှလွဲ၍ သိပ်ဝေးဝေးလံလံ မရောက်ဖူးသေးသော လူငယ်လေးတစ်ဦးဖြစ်သည်။ ကံထူးသူဟု ဆိုရမည်။ ပန်းချီဆရာ၏ လက်ရင်းတပည့်အဖြစ် ယခုလို ခရီးအတူထွက်ခွင့်ရခြင်းက အခွင့်အရေးကောင်းတစ်ရပ် မဟုတ်ပါလား။

ရထားတွဲပေါ်တွင်လူမျိုးဘာသာစုံလှသည်။အေးမောင်ကမိမိရှေ့ ထိုင်ခုံတွင် ထိုင်နေသော လူကြီးတစ်ယောက်အား. . .

"ဘဘ ဒီရထားက ဘယ်အချိန်လောက် သီပေါရောက်မလဲ"

ဟုမေးမိသည်။နံဘေးချင်း ယှဉ်လျက်ထိုင်ခုံမှ ရှမ်းမလေးတွေက

"မပြောရဘူး၊ မမေးကောင်းဘူး"

ဟု လှမ်းပြောကြသည်။ ထိုင်ခုံရှေ့မှ အဘိုးကြီးက ပြုံးနေသည်။ အေးမောင်လန့်သွားသည်။

"ဟုတ်တယ်ကလေးရဲ့ တောင်ပေါ်ဒေသက တိုင်းရင်းသူတွေမှာ အယူအဆရှိတတ်ကြတယ်။ ခရီးတစ်ခု ထွက်လာပြီဆိုရင် ဘယ်အချိန် ရောက်မလဲ၊ ဘယ်တော့လဲ၊ ဘယ်မှာလဲဆိုတာ ကြိုပြီးမမေးတတ်ကြဘူး၊ မမေးကောင်းဘူးလို့ သူတို့ အယူအဆရှိကြတယ်၊ ကလေးတို့က ရန်ကုန်က ထင်တယ် ဟုတ်လား"

http://www.cherrythitsar.org



အဘိုးကြီးက အေးမောင်ကိုရှင်းပြမှ သဘောပေါက်တော့သည်။ အေးမောင်က နံဘေးမှ သူ့ဆရာကိုဘညာဏ်များ သူ့ကို ဆူလေမလားဟု အကဲခတ်သည်။ ကိုဘညာဏ်က ဘာမှစိတ်မဝင်စား။ ဆေးပြင်းလိပ်ကိုခဲကာ. . . အမေရိကန် ပန်းချီဆရာကြီး ဗွန်အားဂါးဘတ်ခ် . . . ရေးသည့် ပန်းချီနိဿယ စာအုပ်ငယ်တစ်အုပ်ကို သရုပ်ပြအရုပ်များ ဖွင့်ကြည့်ရင်း လိုက်ပါလာခဲ့သည်။ ထိုစာအုပ်ထဲမှ သရုပ်ပြပုံများကို စိတ်ဝင်စားနေသည်။

သို့သော်တပည့်အေးမောင်နှင့် အဘိုးကြီးတို့ ပြောဆိုနေသည်ကိုတော့ ကြားနေရသည့်အတွက် စာအုပ်ကိုခဏပိတ်၍ ပေါင်ပေါ်တင်ကာ . . .

"ကျွန်တော်တို့က သီပေါအထိသွားမှာပါ ဦးလေးက. . . "

ဟု စကားစလိုက်မိသည်။

"ဦးက. . . လားရှိုးမှာနေပါတယ်၊ ကျောင်းဆရာကြီးဦးအောင်ဘဆို မြို့မှာ သိကြပါတယ်။ တူမောင်တို့က အရောင်းအဝယ်ပဲလား"

ဦးကြီးက မေးသည်။

"ကျွန်တော် ပန်းချီရေးပါတယ်. . . ဘညာဏ်လို့ခေါ်ပါတယ်။ ဒါက အေးမောင်တဲ့၊ ဆရာတပည့်နှစ်ယောက် သီပေါကို ပန်းချီရေးဖို့ ခရီးထွက်လာကြတာပါ"

"ငါ့တူကို ခုမှ မြင်ဖူးတော့တယ်၊ သတင်းစာတွေထဲမှာတော့ နာမည်တွေ့ဖူးနေပါတယ်၊ ပြပွဲတွေ ဘာတွေလုပ်ဆို. . . ဟုတ်လား"

"ဟုတ်ကဲ့"

"ကောင်းပါတယ်ကွယ်. . . ဒါဟာ သမ္မာအာဇီဝအလုပ်တွေပဲ၊ လာရှိုးရောက်ရင်လည်း ဦးလေးတို့အိမ်ဝင်လည်နော်. . . ဘူတာမှာမေးမေး၊ ဈေးထဲမေးမေး၊ ဦးလေးအိမ် သိကြတာများပါတယ်"

ရထားကတောင်တန်းပြာမှိုင်းများကို စမြင်ရချိန်. . . တောင်စွယ်ရိပ် တစ်နေရာမှ စေတီဖြူဖြူလေးကိုတွေ့တော့ ပဲခူးသားအေးမောင်က လက်အုပ်ချီ၍ မှန်းဆ၍ ကန်တော့သည်။

"အဲဒါ ရွှေစာရံဘုရားပေါ့"

ဆရာကြီး ဦးအောင်ဘက အေးမောင်ကို ပြောပြသည်။

http://www.cherrythitsar.org



"ရှမ်းစော်ဘွားသမီး စောမွန်လှတည်ခဲ့တဲ့ ဘုရား၊ ဟောဟိုမှာ လှမ်းမြင်လိုက်ရတဲ့ ချောင်းကလေးက နားမှောင်းကျချောင်း"

"သမိုင်းရှိတဲ့ဘုရားပေါ့နော် ဆရာကြီး၊ ကျွန်တော်က မြစ်ဝကျွန်းပေါ်ဒေသ ပန်းတနော်သားပါ ဒီဒေသနဲ့ စိမ်းပါတယ်"

"ငါ့တူရေ သူ့အရပ် သူ့ဒေသအလျောက်တော့ စောမွန်လှတို့က လည်း ဘာသာရေး၊ အလွန်ကိုင်းရှိုင်းရိုသေခဲ့တဲ့ အမျိုးသမီးတွေပေါ့၊ သူ့ဖခင်က မောကိုးပြည်ထောင်ကို အစိုးရတဲ့ စော်ဘွားကြီး၊ စောမွန်လှဟာ ဒီဒေသတစ်ကြောမှာရှိတဲ့ ညောင်ဦး၊ ညဥ့်၊ ပလင်း၊ လက်ထုပ်၊ ကောင်းစည်၊ တူရွှင်းတောင် ၊ ဝံပတော့၊ မြို့သစ်၊ စခန်းမ၊ ကျွန်တားဆိုတဲ့ ရွာတွေကတစ်ဆင့် ခရီးထွက်လာလိုက်တာ အခု ဘုရားတည်ထားတဲ့ နေရာနားလည်းရောက်ရော နားမှောင်း ကျွတ်ကျခဲ့တယ်။ ရေထဲမှာ နာမှောင်းအရောင်ထင်တဲ့ချောင်းကို နားမှောင်းချောင်းလို့ ခေါ်ပါတယ်။ သူ့နားမှောင်း ရေထဲကျတယ်ထင်ပြီး၊ သူ့ နောက်တော်ပါးတွေကို ရေငုပ်စမ်းခိုင်းကြည့်တော့လည်း ပြန်မရခဲ့ဘူး၊ ကောင်းကင်မှာ စာငှက်ကလေးတွေ ဝန်းရံပြီး နားမှောင်းနဲ့အတူ မြတ်စွာဘုရားရဲ့ ဓာတ်တော် မွေတော်တွေ ကွန့်မြူးရင်း ဆင်းသက်လာပြီး စောမွန်လှရဲ့ လက်ဝဲဘက်နားမှာ ပန်ပြီး သားဖြစ်ခဲ့တယ်။ စောမွန်လှက စာငှက်ကလေးတွေခြံရံပြီး ပြန်လည်ရရှိခဲ့တဲ့ ဓာတ်တော်မွေတော်တွေနဲ့ နားမှောင်းကို အကြောင်းပြုလို့ အမိဌာန်နဲ့ ရွှေစာရံဘုရားကို တည်ထားကိုးကွယ်ခဲ့တာပါ"

ဆရာကြီးဦးအောင်ဘကကိုဘညဏ်တို့ ဆရာတပည့်နှစ်ယောက် ကို စီကာပတ်ကုံး ပြောပြနေသည်။

"ဒီကလေးက ငါ့တူရဲ့တပည့်ဆိုတော့ ပန်းချီတော့ တော်တော်ရေး တတ်နေပြီလား"

ဦးအောင်ဘက အေးမောင်ကို ရည်ရွယ်၍မေးမှန်း ကိုဘညဏ် သိသည်။

"သူက. . . မနေ့တစ်နေ့ကမှ ကျွန်တော့်ဆီရောက်လာတာပါ၊ ပန်းချီပညာက ကျယ်ဝန်းပါတယ်. . . အာရုံစူးစိုက်တတ်မှုရယ်၊ စိတ်ခံစားတတ်မှုရယ်လိုအပ်ပါတယ်၊ ကျွန်တော်ဆိုရင် ငယ်ငယ်တုန်းက ပန်းတနော်မှာနေတော့၊ ပုံဆွဲစာအုပ်တစ်အုပ်၊ ခဲတံတစ်ချောင်းနဲ့ ရေးချင်တဲ့ပုံ ကြည့်

http://www.cherrythitsar.org



ရေးနေတာပဲ၊ အိမ်ပုံ၊ သစ်ပင်ပုံ၊ ကျွဲ၊ နွား၊ မြင်း၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ တိရစ္ဆာန်ပုံ၊ ငါးပုံ၊ ပုစွန်ပုံ၊ ကမ်းနားမှာကုန်ထမ်းနေတဲ့ အလုပ်သမားတွေ၊ သောကြာနေ့တိုင်း ပလီလာတက်တဲ့ မုတ်ဆိတ်ကြီးတွေ၊ ဘုရား၊ စေတီ၊ ကျောင်း၊ ကန်၊ ဇရပ် အကုန် လေ့ကျင့်ရေးဆွဲခဲ့တာပဲ။ အခြေခံပေ့ါလေ။ လူပုံနဲ့တူအောင်လို့ အခု ပဲခူးက အမျိုးသားကျောင်းမှာ ပုံဆွဲဆရာလုပ်နေတဲ့ ကျွန်တော့်ညီလေး ဘဖန်ကို ထိုင်ခိုင်း၊ မတ်တတ်ရပ်ခိုင်း၊ အိပ်ခိုင်း၊ ပက်လက်လှန်ခိုင်း၊ မှောက်အိပ်ခိုင်းပြီး ခဲပန်းချီလေ့ကျင့်ခဲ့ရတယ်။ အခု ဒီကောင်လေးကိုလည်း၊ ပန်းပင်လေးတစ်ပင်ကအစ အသေးစိတ် ခဲတံနဲ့ အထပ်ထပ်အခါခါ ရေးခိုင်းပါတယ်။ အခြေခံကျေညက်မှ အချိုးအစား ကျကျ၊ တိတိကျကျ ပီပီပြင်ပြင် ဘာကိုမဆို ရေးတတ်အောင်သင်ပေးပြီးမှ ခဲပန်းချီကတစ်ဆင့် ရေဆေး၊ ဆီဆေးရေးနည်း၊ ဖယောင်းတောင့်၊ မီးသွေးတောင့်ရေးနည်းတွေ သင်ပေးရမှာပါ။ ပန်းချီအနုပညာဟာ စိတ်ရှည်ဖို့လိုပါတယ်။ ဇွဲရှိရမယ်၊ အပင်ပန်း အနစ်နာခံနိုင်ရမယ်၊ အနုပညာအလုပ်ဆိုတော့ ပိုပြီးကြိုးပမ်းရပါတယ်”

ကိုဘညဏ်က ဆေးပြင်းလိပ်ကို မီးညှိရင်း ပြောပြနေသည်။

“ဦးတို့ ကျောင်းဆရာအလုပ်ကလည်း တပည့်တွေအပေါ် နားလည်မှ သင်ရပြရ အဆင်ပြေတဲ့အလုပ်မျိုးကွဲ့၊ ပမာပြောရရင် မေးခွန်းထုတ်တယ်ဆိုပါတော့။ မေးခွန်းထဲက စကားလုံး အသုံးအနှုန်းတွေဟာ တပည့်တွေ တွေ့ကြုံဖူးတဲ့ စကားအသုံးအနှုန်းတွေ ဖြစ်ရမယ့်အပြင် ရှင်းလင်းလွယ်ကူရမယ်။ ရေ၏ဂုဏ်သတ္တိများကား အဘယ်နည်းဆိုပြီး မေးမယ့်အစား ရေဆိုတာဘာလဲ၊ ဘယ်လိုဟာလဲလို့မေးရင် သူတို့ ပိုနားရှင်းတယ်လေ. . . ထပ်တလဲလဲ မေးခွန်းမျိုးတွေလည်း သူတို့ကို စိတ်အနှောင့်အယှက်ဖြစ်နိုင်တယ်။ မေးခွန်းဆိုတာ လွယ်ရမယ်။ အတိုဆုံး အရှင်းဆုံး ဖြစ်နေရမယ်”

ဦးဘအောင်က သူ့အတွေ့အကြုံကို ပြောပြနေသည်။

“ကျွန်တော့်ပင်ကိုသဘာဝက. . . စကားအလွန်နည်းပါတယ်ဦး၊ ကျွန်တော့်ဆီမှာ ပန်းချီလာသင်တဲ့သူတွေ ရှိလာတဲ့အခါကျတော့မှ၊ သူတို့သဘောပေါက်အောင်ရှင်းပြ လက်တွေ့ရေးပြရင်း စကားပြောမိလာတာပါ။ တစ်ခါတစ်ခါ ပန်းချီအသင်းမှာ ဟောပြောပွဲလုပ်တဲ့ အခါကျတော့

http://www.cherrythitsar.org



လည်း ဝင်ပြောခဲ့ရပါတယ်။ ဦးတို့ ကျောင်းဆရာအလုပ်ကျတော့ နေ့စဉ်နဲ့အမျှ တပည့်တွေကို ပြောရဆိုရနဲ့ မောနေမှာပဲနော်”

“ဒါပေါ့ငါ့တူရယ်. . . ဒါပေမဲ့ ဝါသနာရယ်၊ အနစ်နာရယ်၊ စေတနာရယ် ပေါင်းစပ်လိုက်တော့ တပည့်တွေ အောင်အောင်မြင်မြင် ထွန်းထွန်းပေါက်ပေါက် ဖြစ်သွားရင် ပီတိဖြစ်ရတာပါပဲ”

စကားကောင်းနေကြတုန်း ထမင်းစားချိန်ရောက်သဖြင့် တပည့် အေးမောင် ဆွဲခြင်းကြီးထဲမှ ချိုင့်ကိုထုတ်သည်။ ဟင်းချိုင့်တွေဖြစ်သည်။ ဟင်းမှာ စုံလှသည်။ ရန်ကုန်မှ တူမ မခင်မြင့်နှင့် မခင်တင့်တို့ ချက်ပြုတ်ကြော်လှော်ပေးလိုက်သော၊ ငံပြာရည်ကြော်၊ ကကတစ်ငါးကြော်၊ ငါးခြောက်ဖုတ်၊ ပုစွန်တုပ်ကြော်၊ လက်ဖက်အကြော်စုံ၊ ကြက်သားကြော်တို့ ဖြစ်သည်။ ထမင်းကျတော့ မကြာသေးမီက ရထားဆိုက်ခဲ့သည့် ဝက်ဝံဘူတာ ထမင်းဆိုင်လေးမှ ထမင်းပူပူနွေးနွေးကို အေးမောင်က ဆင်းဝယ်ခဲ့ပြီး ဖြစ်သည်။ ဘူတာလက်ဖက်ရည်ဆိုင်မှ ရေနွေးကြမ်းဓာတ်ဘူး တစ်ဘူးလည်း ဖြည့်ခဲ့သေးသည်။

“ဦးလေး. . . ထမင်းသုံးဆောင်ပါခင်ဗျာ”

ကိုဘညဏ်ကဦးအောင်ဘအတွက်ပါ အေးမောင်ကို ထမင်းပြင်စေသည်။

“ခရီးသွားဖော်ချင်း အားနာရမယ့်သူတွေမှ မဟုတ်တာ” ဆိုပြီး၊ ဆရာ တပည့်နှစ်ယောက်က ကျွေးမွေးသဖြင့် ဦးအောင်ဘလည်း မြိန်ရှက်စွာ စားလေသည်။

ရထားသည် ပြင်ဦးလွင်ကိုပင် လွန်ခဲ့လေပြီ။ မျှားမကြာမီ. . . မောတို့ဌာနေ၏ အလှအပတို့က ပွေ့ဖက်ဆီးကြိုကြလေဦးတော့မည်။

* * *

http://www.cherrythitsar.org



ရှားရှားပါးပါးနေခြည်မျှင်စကဒုဌဝတီမြစ်ရေပြင်ပေါ်သို့ ဖြာကျနေသည်။ သီပေါမြို့ ကမ်းပါးထက်မှတစ်ဆင့် ကိုဘညဏ်က ဒုဌဝတီကို ဆေးစက် စုတ်ချက် ကွန့်မြူးနေသည်။

အေးမောင်ကိုလည်း ပုံရေးစက္ကူချပ်ပေါ်တွင် ခဲခြစ်ကောက်ကြောင်းများဖြင့် ဒုဌဝတီကို သူမြင်သလို ရေးစေသည်။

အလာခရီးတုန်းကလည်း ရထားပေါ်မှတွေ့ရသော ဂုတ်ထိပ်တံတား၏ ပသာဒကို အေးမောင်အား ကိုဘညဏ်က ခဲဖြင့်ရေးခြစ် မှတ်တမ်းတင်စေခဲ့သည်။

"အေးမောင်. . . ခဲရေးချက်တွေကို မင်း များများလေ့ကျင့်ဦး၊ စနစ်ကျပြီဆိုတော့မှ ရေဆေးရေးနည်း မင်းကိုသင်ပေးမယ်"

ဟု ကိုဘညဏ် မကြာခဏ ပြောနေမိသည်။ တပည့်စိတ်ဓာတ်ကျမှာစိုး၍ ဖြစ်သည်။ သီပေါမြို့ကလေးမှာ နံနက်ခင်းတွင် စည်ကားနေသည်။ ဈေးနေ့မို့ ဈေးထဲမှာလည်း သွားသွားလာလာ လှုပ်လှုပ်ရှားရှား။

ကိုဘညဏ်က စောအုံကြာ၏ ဟော်နန်းမှာသာ တည်းခိုသော်လည်း စော်ဘွား၏ဧည့်သည်ဆိုပြီး လူထုကြားထဲသို့ ပေါ်ပေါ်ထင်ထင် မဝင်ဆံ့ခဲ့ပေ။

သာမန်ပန်းချီရေးသူတစ်ယောက်အနေဖြင့်သာ၊ဆရာတပည့်နှစ်

http://www.cherrythitsar.org



ယောက် ပန်းချီပစ္စည်းလေးတွေ သယ်ကာ၊ သာယာသော ရှုခင်းများကို ရေးဖွဲ့နေမိသည်။

ရှမ်းဓလေ့စားသောက်ဖွယ်များကိုလည်း လမ်းဘေးဈေးဆိုင်လေးများတွင် ဆရာတပည့် ဝင်၍ မြည်းစမ်းကြည့်ကြသည်။

မြို့နေလူတန်းစားအသီးသီး၏ဘဝအနေအထားကို ထဲထဲဝင်ဝင် သွားလာလှုပ်ရှားရင်း အကဲခတ်ခဲ့သည်။ ကောက်ကြောင်းပုံကြမ်းတွေ ရေးခြစ်ခဲ့သည်။

စော်ဘွားကရွာနီးချုပ်စပ်ရှိဟိန်၊ ထမုံ၊ ကျော့ အကြီးအကဲများထံ အကြောင်းကြားထားပေး၍ ဆရာတပည့်နှစ်ယောက် ဝ၊ ကိုးကန့် တိုင်းရင်းသား ရွာများဆီသို့လည်း ပန်းချီရေးဖို့ ထွက်ဖြစ်ခဲ့ကြသည်။

မန်းဆမ်ရေတံခွန်၏အလှတောင်ပိုင်းစော်ဘွားကြီး၏ ပုံတူတို့ကိုလည်း ရေးပေးဖြစ်ခဲ့သည်။

"ဆရာဦးဘဉာဏ်. . . သီပေါဟော်နန်းပုံ တစ်ပုံလောက် ချီးမြှင့်ပါဦး"

ဟုစောအုံကြာကတောင်းဆိုသဖြင့် ကိုဘဉာဏ် ဆီဆေးကားကြီး တစ်ချပ် ရေးဖြစ်ခဲ့သည်။ ဆရာတပည့်နှစ်ယောက် သမိုင်းဝင် ဘော်ကြို ဘုရားမှာလည်း ပုံတွေရေးဖြစ်ခဲ့ကြသည်။

"ဆရာရန်ကုန်မှာတုန်းကရေခွေးကြမ်း သိပ်မသောက်လှပါဘူး"

အေးမောင်က မဝံ့မရဲပြောသည်။ ကိုဘဉာဏ်က ပြုံး၍. . .

"လက်ဖက်ခင်းတွေထဲက လက်ဖက်ခြောက်အနံ့လေးတွေ သင်းနေတော့ ငါလည်း ရေနွေးကြမ်းစွဲပြီထင်ပါရဲ့အေးမောင်ရာ" ဟုပြောသည်။

"တို့နှစ်ယောက် ခရီးထွက်မလာခင်တုန်းက. . . ရန်ကုန်မှာ နေ့လယ်ခင်း ပြတင်းပေါက်ကမြင်ရတဲ့ တရုတ်စကားပင်ကို ငါ ပန်းချီကြည့်ရေးတာ မှတ်မိသေးလား အေးမောင်"

"ဟုတ်ကဲ့ ဆရာ"

"အဲဒီတုန်းက ပန်းချီသဘောအရ အပူရောင်တွေကဲနေတယ် အခု ဒီကို ရောက်တော့ ရှမ်းပြည်နယ်ရဲ့ ရာသီဥတု သဘာဝအလျောက် ပန်းချီ ကားထဲမှာ အအေးရောင်က တော်တော်ဖိစီးနေတာ မင်း သတိထားကြည့် မိရဲ့လား၊ ဒီမှာကြည့်"

http://www.cherrythitsar.org



ကိုဘညာဏ်က အေးမောင်ကို ဂရုတစိုက် ရှင်းပြပေးနေသည်။ ပန်းချီကားထဲတွင် ရှမ်းရိုးမက ပြာနေသည်။ စိမ်းစိုသော လွင်ပြင်ကြီးနှင့် ထင်းရှူး ဝက်သစ်ချတို့က အရိပ်တွေ အေးမြစိမ့်စိုလျက်. . .။

"တချို့ဆီဆေးကားတွေ ရေးတဲ့အခါ စုတ်တံမသုံးဘဲ ပန်းချီကား တစ်ကားလုံးကို အချွန်းအပြား၊ သုံးမြှောင့်ဓားပါးလေးနဲ့ ဆေးသွင်းသွား တယ်နော် ဆရာကိုဘညာဏ်"

တစ်ညသီပေါဟော်နန်းကြီး၏အပြင်မောင်းမလည်ခေါ် ဧည့်ခန်း မတွင် လက်ဖက်ရည်သောက်ရင်း စောအုံကြာက သူမြင်တာကို မြင်သလို ပြောခဲ့သည်။

"ဟုတ်ပါတယ်၊ စော်ဘွားကြီး ဘယ်လ်ဂျီယံနိုင်ငံက လုပ်ငန်းရှင် တစ်ယောက်က မြန်မာပြည်ကိုလှမ်းပြီး၊ ကျွန်တော့်ကို အော်ဒါအပ်တဲ့ ပန်းချီကားကြီးကိုရေးတော့ ပန်းချီကားထဲက ခြသေ့်ကြီးတွေပုံမှာ ဆေးသား တွေကို ဓားနဲ့ ကျွန်တော် ရေးချက်ယူခဲ့ဖူးပါတယ်၊ စုတ်တံမသုံးခဲ့ပါဘူး" ကိုဘညာဏ်က စကားအဆုံးတွင် ရေနွေးကြမ်းကို တစိမ့်စိမ့်သောက်နေ လိုက်သည်။ အရက်မသောက်တတ်၊ လန်ဒန်မှာတုန်းကတော့ တစ်ခါတစ် ရံ မိတ်ဆွေပန်းချီဆရာတချို့နှင့် စကားလက်ဆုံကျရင်း ဘီယာအနည်း ငယ် မြည်းစမ်းခဲ့ဖူးသည်။ လောင်းကစားလည်း ဘယ်တိုင်းပြည်ရောက် ရောက် စိတ်မဝင်စားခဲ့။

"ဆရာကိုဘညာဏ်နဲ့ဆုံခဲ့ရဖူးတဲ့ လန်ဒန် ကင်းဗရစ်ချ်တက္ကသိုလ် က လှေပြိုင်ပွဲတွေ သတိရမိသေးတယ်၊ လှေပြိုင်ပွဲက ရွက်လှေကြီးတွေ ကြည့်ပြီး ကိုဘညာဏ်ပန်းချီထိုင်ရေးနေတာ ဓာတ်ပုံတောင် ရိုက်ခဲ့ပါသေး တယ်"

စောအုံကြာက သတိတရ ပြောပြနေသည်။

"ရေလှိုင်းတွေကြားထဲမှာရွက်လှေလေးတွေ စောင်းပြီရွေ့လျား နေတဲ့အလျင်နှုန်းကိုပန်းချီကားထဲမှာအမိအရ လိုက်ရေးရတာ စိတ်ဝင်စား လို့ပါ စော်ဘွားကြီး"

ကိုဘညာဏ်ကလည်း အောက်စဖို့ဒ်နှင့် ကင်းဗရစ်ချ်တက္ကသိုလ် တို့၏ လှေပြိုင်ပွဲကြည်နူးဖွယ်တို့ကို သတိတရရှိနေမိသည်။

* * *

http://www.cherrythitsar.org



ရန်ကုန်ပြန်ရောက်သည့်မနက်ကတူမ မခင်တင့်နှင့် မခင်မြင့်တို့ မျက်နှာတွေ ညှိုးလျှလျှဖြစ်နေကြ၍ ကိုဘညာဏ်က အကျိုးအကြောင်း မေးကြည့်တော့မှ ပန်းတနော်က သူ့အဒေါ်တစ်ယောက် တိမ်းပါးသွားကြောင်း ပြောပြသည်။ တရှောင်ရှောင် ကျန်းမာရေးချူချာနေတာ ကြာပြီကိုး။

"အဘိုးနဲ့ အဖေတို့က. . . ခရီးသွားတဲ့လူ စိတ်အနှောင့်အယှက်ဖြစ်နေပါဦးမယ်ဆိုပြီး လေးလေးဆီကို အကြောင်းမကြားကြတော့ဘူး၊ ပန်းတနော်မှာပဲ သင်္ဂြိုဟ်လိုက်ကြတယ်"

"အေးကွာလေးလေးတို့လည်းဟိုး နယ်စပ်ဒေသအထိ ရောက်နေကြတာကိုး၊ ကဲ ကဲ ဘာမှ စိတ်မကောင်းမဖြစ်ကြနဲ့၊ သူ့အချိန်စေ့ပြီကိုး"

ကိုဘညာဏ်ကတူမလေးတွေကို ဖျောင်းဖျရသည်။ သူ့ရင်ထဲမှာမူ ဒေါ်ကြီးအတွက် နင့်ခနဲ ခံစားလိုက်ရသည်။ မတတ်နိုင်ပြီ။

"လေးလေးခရီးထွက်နေတုန်းဘာတွေများအကြောင်းထူးသေးလဲ"

စိတ်အာရုံပြောင်း၍ တူမလေးမခင်တင့်ကို မေးမိသည်။

"အလုပ်လာအပ်တဲ့သူတွေတော့ ခရီးက ပြန်မလာသေးဘူးလို့ ပြောရတာပေါ့ လေးလေး. . . အိန်အန်တောင် ကျားတံဆိပ် ဆေးဆိုင်ကလည်း ကြော်ငြာဒီဇိုင်းတွေ လာအပ်တယ်၊ လကုန်လောက်မှ တစ်ခေါက်လာခဲ့ဦးမယ်တဲ့၊ ဆန်းလိုက် ဆပ်ပြာကုမ္ပဏီကလည်း ကြော်ငြာဒီဇိုင်းလာယူသွားပြီး၊ ငွေတစ်ထောင် ပေးထားခဲ့ပါတယ်"

တူမ မခင်တင့်က ပြောပြနေသည်။ မခင်မြင့်က. . . "ဩော် လေးလေးဆီကို တပည့်လာအပ်တဲ့သူတွေလည်း ရှိသေးတယ်"

ဟု ပြောပြန်သည်။

"ဘယ်ကတဲ့လဲ"

ဟု ကိုဘညာဏ်ကမေးသည်။

"ဘိုကလေးမြို့က ဆန်စက်ပိုင်ရှင်ရဲ့သား ကိုသိန်းဟန်တဲ့။ ကျောင်းမနေချင်တော့လို့တဲ့။ အားအားနေ ပန်းချီတွေပဲ ရေးရေးနေလို့ မိဘက ဆူဆူပူပူလုပ်တာနဲ့ အိမ်ကထွက်လာပြီး အရှင်အာဒိစ္စဝံသကျောင်းတိုက်က အစ်ကိုဝမ်းကွဲတော် ဦးပဏ္ဍိစဆီမှာ တည်းနေတယ်တဲ့"

"ဘယ်သူ လာအပ်တာလဲ. . . ဦးဇင်းဦးပဏ္ဍိစလား"

http://www.cherrythitsar.org



"ဟုတ်ကဲ့ လေးလေး၊ ခရီးကပြန်ရောက်ရင် လာအပ်မယ်လို့ လေးလေးကို ပြောထားပေးပါတဲ့၊ နောက် ကိုရင်လေးတစ်ပါးကိုလည်း သရက်တောကျောင်းတိုက်က ဆွမ်းခံကိုယ်တော် ခေါ်လာသေးတယ်၊ အဲဒီ ကိုရင်လေးကလည်း လေးလေးဆီမှာ တပည့်ခံချင်လို့တဲ့၊ ကျောင်းမှာ စာဝါ လိုက်တာ ပါဠိမောက်ကကို မတက်တော့လို့တဲ့ ပန်းချီသင်ခွင့်ရရင် လူ ဝတ်လဲချင်တယ်တဲ့"

"ကိုရင်လေး. . . ငယ်နာမည်က ဘယ်သူတဲ့လဲ"

"ဆွမ်းခံကိုယ်တော် ပြောသွားတာတော့ မောင်တိုးလို့လည်းခေါ် တယ်၊ သိန်းတန်လို့လည်း ခေါ်တယ်ဆိုလားပဲ လေးလေး"

"လေးလေးလည်း ကိုယ်ချင်းစာပါတယ်၊ လေးလေးငယ်ငယ်က လည်း၊ မိဘများက အခုလိုပဲ ပန်းတနော်က ဆရာဦးဖိုးမောင်လက်ထဲ လေးလေးကို အပ်နှံပေးလို့ လေးလေး ဒီဘဝရောက်ရတာကိုး၊ အေးလေ ကောင်းကောင်းမွန်မွန် ရိုးရိုးသားသားနဲ့ ပန်းချီကို ရေဆုံးရေဖျားရေးမယ့် တပည့်မျိုးဆိုရင်တော့ သင်ပေးရမှာပေါ့"

ရေမိုးချိုး၊ အဝတ်လဲပြီး၊ ခရီးပန်းလာ၍ အိပ်ရာထဲဝင်ကာ တမှေး မှေးနေတုန်း၊ အေးမောင်က

"ဆရာ နိုးပြီလား"

ဟု ခပ်တိုးတိုးအသံပြု၍ မျက်လုံးဖွင့်ကြည့်ပြီး 'ဘာလဲ' ဟု မေး လိုက်တော့

"အိမ်ပွဲစား ဒေါ်တင်လှိုင် ရောက်နေတယ်ဆရာ. . ." ဟု ပြော သည်။

ဟုတ်ပေသားပဲ။ရှမ်းပြည်နယ်ခရီးမထွက်ခင်က ဒေါ်တင်လှိုင့် ကို ရန်ကုန်အနောက်ပိုင်း ရွှေတောင်တန်းဘက်မှာ (၂)ထပ်တိုက် တစ်လုံး လောက် ငှားလို့ရရင် ငှားချင်တယ်လို့ စကားစခဲ့မိတာကိုး။

ကိုဘညာဏ် အိပ်ရာကထ၍ မျက်နှာသစ်ပြီး ဆေးပြင်းလိပ် ကောက်ဖွာကာ အောက်ထပ်ဆင်းလာခဲ့သည်။ ဒေါ်တင်လှိုင်က သတင်း စာဖတ်ရင်း ထိုင်စောင့်နေသည်။ တူမ မခင်မြင့်က ကော်ဖီနှစ်ခွက် လာချ သည်။

"ရွှေတောင်တန်းလမ်းထဲမှာပဲနှစ်ထပ်တိုက်တစ်လုံးငှားမယ်ဆိုလို့

http://www.cherrythitsar.org



ကိုဘညဏ်ကို လိုက်ကြည့်မလားလို့ လာပြောတာပါ”

ဒေါ်တင်လှိုင်က ကော်ဖီတစ်ငုံသောက်ရင်း ပြောသည်။

“အပေါ်လမ်းလား၊ အောက်လမ်းလား ဒေါ်တင်လှိုင်”

“အောက်လမ်းမှာပါ ကိုဘညဏ်”

“လိုက်ကြည့်မယ်လေ. . . အဆင်ပြေရင်တော့ နောက်နေ့ စရန် သတ်ကြတာပေါ့၊ ကျွန်တော်ကလည်း ဒီတစ်ရက်ပဲ အားနေတာ၊ နောက် နေ့တွေဆို အလုပ်အပ်တဲ့သူတွေ ဧည့်သည်တွေနဲ့ အချိန်သိပ်ရမှာမဟုတ် ဘူး”

ကော်ဖီသောက်ပြီး နှစ်ယောက်သား ခြံဝင်းထဲမှာဂိတ်ထိုးသော ကြက်တူရွေး အငှားကားအသင်းမှ တက္ကစီတစ်စီးငှားပြီး ရွှေတောင်တန်း ဘက် ထွက်လာခဲ့ကြသည်။

နှစ်ထပ်တိုက်၊ ရေမီးအစုံ၊ အလုပ်ခန်းအတွက်ရော လူနေဖို့ရော သွားရေးလာရေးအတွက်ပါ အကွက်အကွင်းမဆိုးလှ။

“အိမ်ရှင်က မြိတ်မှာနေပါတယ်၊ ဒီမှာ သူ့တူတစ်ယောက်နဲ့ ပွဲရုံ ထောင်ထားတော့ တစ်လမှ တစ်ခေါက်လောက်ပဲ ရန်ကုန်လာတတ်ပါ တယ်၊ စပေါ်ကိစ္စနဲ့ အိမ်လခကိစ္စ သူ့တူကို လွှဲထားပါတယ်”

“ဒါဆိုရင် စာချုပ်တော့ သူ့တူနဲ့ပဲ ချုပ်ရမှာပေါ့”

“ဟုတ်ကဲ့. . . ကိုဘညဏ် စရန်ချေမယ်ဆိုရင် မနက်ဖြန် သူ့တူကို စာချုပ်စာတမ်းအပြည့်အစုံနဲ့ ကျွန်မ ခေါ်လာခဲ့ပါ့မယ်”

“ပြောင်းတာတော့ လာမယ့် လဆန်းပိုင်းကျမှ ကျွန်တော် ပြောင်း မှာပါ၊ ပြောင်းတဲ့နေ့ကျတော့ စပေါ်အကျေခြေပြီး၊ စာချုပ် ထပ်ချုပ်ကြ တာပေါ့”

အိမ်ကိစ္စ ပြောဆိုပြီးကြပြီမို့၊ ကိုဘညဏ် ပြန်လာခဲ့သည်။ ဒေါ်တင် လှိုင်က ပွဲရုံမှ အိမ်ရှင့်တူထံ ဆက်သွားနေသည်။

ဘုန်းကြီးလမ်းထိပ် အရောက်တွင် ကိုဘကြည်နှင့် မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

“မောင်ကြည်”

သထုံဆောင်မှာနေကတည်းက သူ့ကို ကိုဘညဏ်ရင်းနှီးပြီးသား ဖြစ်သည်။ ဥပစာ သိပ္ပံဒုတိယနှစ် အောင်ပြီးသား တက္ကသိုလ်ကျောင်းသား

http://www.cherrythitsar.org



ကိုဘကြည်၊ ဇာတိ ကျိုက်ထိုသား၊ ပဲခူးမှာကြီးပြင်းသူ၊ မြို့အုပ်၊ ဝန်ထောက် ရာထူးမမက်ဘဲ၊ ပန်းချီ၊ ကာတွန်းတွေရေးနေတဲ့ ကိုဘကြည်၊ သူက ကိုဘညာဏ်ထက် အသက်ငယ်သည်။ မောင်ကြည်ဟုပင် ခေါ်မိသည်။

"ဆရာ ဘယ်ကလာလဲ"

"လဆန်းရင် ရွှေတောင်တန်း အောက်လမ်းကို ပြောင်းတော့မယ်လေ၊ အိမ်လာကြည့်တာ"

နှစ်ယောက်သား. . . တရုတ်လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ထိုင်ကြသည်။ ဘဲသားပေါက်စီ တစ်လုံးစီနှင့် လက်ဖက်ရည် ခပ်ဆိမ့်ဆိမ့် နှစ်ခွက် မှာလိုက်သည်။

"ဘယ်လိုလဲမောင်ကြည်၊အိမ်က မိဘတွေအလိုကျ ပြန်တမ်းဝင် အရာရှိ အလုပ်လေးဘာလေး မစဉ်းစားသေးဘူးလား"

"ကျွန်တော်တော့ ပန်းချီပဲ ရေးချင်နေတယ်ဆရာရယ်၊ ကာတွန်းတွေလည်း ရေးဖြစ်ပါတယ်၊ ရွှေတောင်တန်းအိမ် ဆရာပြောင်းရင် ကျွန်တော် လာနေလို့ရမလားဆရာ၊ ပန်းချီရေးချင်လို့ပါ"

"အိမ်ခပ်ကျယ်ကျယ် ငှားမိတာနဲ့တော့ အံကိုက်ပဲ၊ လာခဲ့လေ"

* * *

ရွှေတောင်တန်းအိမ်ပြောင်းလာတော့စိုစိုပြည်ပြည်ဖြစ်လာသည်။ မိခင်ကြီး တိမ်းပါးပြီးစမို့ ဖခင်ကြီး ဦးဘအိုကလည်း (၁)လတန်သည် (၂)လတန်သည် စိတ်ပြေလက်ပျောက် လာနေဖို့ ပန်းတနော်က ရောက်လာသည်။

အရှင်အာဒိစ္စဝံသ ကျောင်းတိုက်မှ ဘိုကလေးသား သိန်းဟန်၊ သရက်တောကျောင်းတိုက်မှ ကိုရင်လူထွက် မောင်တိုးတို့ပါ ရောက်လာတော့ ကိုဘညာဏ်အိမ်မှာ တိတ်ဆိတ်မနေတော့ပေ။

မနက်ဆိုတူမမခင်မြင့်၊မခင်တင့်နှင့် အေးမောင်တို့က ဟင်းချက်ကြသည်။ မောင်တိုးက ပန်းကန်ဆေး၊ ထမင်းအိုးတည်၊ ရေခပ်၊ ထင်းခွဲ၊ ကိုဘကြည်က ဈေးဝယ်တာဝန်။ သူတို့ထဲမှာ ဘိုကလေးသား ကိုသိန်းဟန်က အသက်ကြီးသူမို့ ဆွမ်းခံကြွ ကိုယ်တော်များအား နေ့စဉ် ဆွမ်းလောင်းတာဝန်ယူရသည်။

ဂန္ထလောက၊ တက္ကသိုလ်၊ ဗန္ဓုလ၊ ဒဂုံမဂ္ဂဇင်းနှင့် အခြားစာနယ်ဇင်းများမှာ သရုပ်ဖော်ပုံတွေရေးနေသော ဦးဘလုံ၊ ကိုငွေကိုင်နှင့် ကိုအုန်းလွင်တို့လည်း ကိုဘညာဏ်ထံ မကြာမကြာ လာလည်ကြသည်။

ကိုငွေကိုင်က ပန်းဆိုးတန်းတွင် ပန်းချီအလုပ်ခန်း ဖွင့်ထားပြီး ရုပ်ရှင်ပိုစတာကြီးတွေပါ ရေးနေရာမှ တနင်္ဂနွေနေ့တိုင်း ကိုဘညာဏ်တို့အိမ်ကိုလာကာ၊ ဖိုင်းအတ်အနုသယပုံတွေ ရေးတတ်သည်။ သုံးရောင်ခြယ်

http://www.cherrythitsar.org



ဘလောက်တုံးကာလ စတင်ချိန်မှာတော့ ၂ ပဲတန် ၄ ပဲတန် ဝတ္ထုအဖုံး တွေပါ သူတို့တစ်တွေ ရေးပေးလာရသည်။

သည်ကြားထဲကျုံးကြီးလမ်းကပြပွဲမှာ ပန်းချီကားတွေ တော်တော် ဝေဆာခဲ့သေးသည်။

တနင်္ဂနွေတစ်နေ့ ရွှေတောင်တန်းအိမ်မှာ ပန်းချီဆရာတွေ ဆုံမိကြတော့. . . ကိုဘကြည်၏ ကြောက်စရာကောင်းတဲ့ တိမ်ပန်းချီကားကို တွေ့လိုက်ကြရသည်။

"တိုက်ခေါင်းမိုးပေါ်တက်ပြီး ညနေတိုင်း အနောက်ဘက် ကောင်းကင်ကြီးကိုစောင့်ရေးလိုက်ရတာ. . (၇)ရက်ပြည့်တဲ့ ညနေခင်း ကျမှ . . . ဒီပန်းချီကားကို အမိအရ. . . ရေးနိုင်ခဲ့တော့တယ်။ မောင်ကြည်ရဲ့ ဖွဲ့ကို ကျွန်တော်စမ်းပြီး ဒီကားရေးဖို့ တိုက်တွန်းခဲ့တာလေ"

ကိုဘဉာဏ်က မိတ်ဆွေတွေကို ပြောပြနေသည်။ ဟုတ်ပါရဲ့။ ကို ဘကြည်ရဲ့ ပန်းချီကားထဲက ကောင်းကင်ကြီးမှာ ဒေါသသင့်နေသော တိမ် တွေနှင့် ကြောက်မက်ထိတ်လန့်ဖွယ်. . . ။

သည်အိမ်မှာပင်လူဝကြီးကိုကိုဘဉာဏ်ရေးဖြစ်ခဲ့သည်။ ဆီဆေးကား။ ပန်းချီကားထဲက လူဝကြီး၏ ညာဘက်လက်တွင် အုန်းမှုတ်ခွက်ကို ကိုင်ထားသည်။ ရေအိုးထဲမှ ရေကိုသောက်တော့မည့် လူဝကြီး ဘယ်ဘက်လက်က ခပ်ကွေးကွေးလေး ဘယ်ဘက်ဒူးခေါင်းပေါ် ထောက်တင်ထားသည်။ ဝဝဖိုင့်ဖိုင့် အိစက်စက်ကြီး။

* * *

http://www.cherrythitsar.org



ဦးဘအို ကြမ်းပြင်တွင်ထိုင်ကာ ရေနွေးကြမ်းသောက်နေသည်။ ပန်းတနော်မှာ နေကတည်းက ချမ်းအေးသော ရာသီများမှအပ၊ အိမ်မှာ နေလျှင် အပေါ်ပိုင်းအင်္ကျီချွတ်၍ နေတတ်သော ဦးဘအို။

ယခု ရန်ကုန်မှာ ခဏလာနေတော့လည်း အိမ်နေရင်းမို့ အပေါ်ပိုင်း အင်္ကျီချွတ်နှင့်။ ခန္ဓာကိုယ်အပေါ်ပိုင်းတွင် ဆေးမင်ကြောင် အင်းကွက်တချို့ကလည်း အသားထဲ စိမ့်ဝင်တော့မတတ် ခပ်ရဲရဲ။

"အစ်ကို. . . ဒီအတိုင်းခဏထိုင်နေပါ. . . ကျွန်တော် အစ်ကို့ပုံ ပုံတူ ရေးချင်လို့"

သားဖြစ်သူကိုဘညာဏ်ကတောင်းတောင်းပန်ပန် ပြောလာတော့ ဦးဘအို မငြင်းသာ။

မြစ်ဝကျွန်းပေါ် ဒေသ၊ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ် ဆန်း ပန်းတနော်သား ကိုဘညာဏ်က အဖေကို အစ်ကိုဟုခေါ်သလို ကွယ်လွန်သူ မိခင်ကြီးကိုလည်း အစ်မဟုခေါ်ခဲ့သည်။

ဖခင်ကြီး ဦးဘအို၏ ပုံတူကောက်ကြောင်း ပုံကြမ်းချလောင်းနေသည်ကို၊ တပည့်တွေက မလှမ်းမကမ်းမှ ငေးကြည့်နေကြသည်။

တကယ်တော့ကိုဘညာဏ်တွင်ပုံတူရေးအတွေ့အကြုံတော်တော်များခဲ့ပြီဖြစ်သည်။

မိုးညှင်းဆရာတော်ဘုရားကြီး၏ ပုံတူကိုလည်း ရေးဆွဲပူဇော်

ခဲ့ဖူးပြီဖြစ်သည်။ သီပေါမောင်နှံဟု ဆိုရမည့် စောအုံကြာတို့ စော်ဘွား မဟာဒေဝီတို့ ပုံတူလည်း ရေးခဲ့ပြီးပြီ။ ပန်းတနော်ဆရာတော် ဦးသုမန။

တစ်ဆက်တည်းမှာပင် တောင်ပိုင်စော်ဘွားကြီး၏ ယော်နန်း ရောက်ခဲ့စဉ်ကလည်း တောင်ပိုင်မောင်နှံကို ရေးဖွဲ့ခဲ့ဖူးသည်။

ပဲခူးသူဌေးဦးဘိုးလှိုင်၊ပဲခူးသူဌေးဦးစိန်ဝင်း အမေနှင့် ညီမငယ်၏ ပုံတူများ. . .။ ဆာဘိုးသာ၊ ဒေါက်တာဘမော်၊ ဒေါ်မြမေ၊ ဦးအုံးမောင်၊ ဦးလှဖေ၊ သမိုင်းကထိက ဒေါ်မြစိန်၊ ဒေါက်တာဘဦး ကျိုင်းခမ်း မဟာ ဒေဝီ၊ ဦးခင်ဇော်၊ ပညာမင်းကြီး ကွင်လန်၊ တရားရေးဝန်ကြီး ဆာအာသာ ပိတ်ချ်၊ ဘုရင်ခံ မစ္စတာအင်းနစ်၊ ပဋ္ဌမမြောက်ဂျော့ဘုရင်၊ ရန်ကုန်အရေး ပိုင် မောရစ်ကောလစ်၊ ဘုရင်ခံ ဆာဒေါ်မန်စမစ်၊ ဘုရင်ခံ ဆာဟာကုတ် ဘတ်တလာ၊ ဆာအာချီဘောလ်၊ ဒေါက်ကလပ်စ်ကော့ခ်ခရိန်း၊ ရန်ကုန်မြို့ တော်ဝန် ကက်ပွတိန် ရပ်ရှော၊ ဆာဂျောအေမောင်ကြီး၊ ဆာပေါ်ထွန်း၊ ဒေါက်တာ ခရက်ဒီးယား၊ ဆန်းလိုက်ဆပ်ပြာသူဌေး ဂျေအီးဂျာဒင်း၊ ပါမောက္ခလုစ်၏ အစ်မကြီး မစ္စအီသယ်လ်အပါအဝင် တခြား ခရီးသွား ဟန်လွှဲ ပုံတူပန်းချီကား တော်တော်များများကို သူရေးခဲ့ဖူးပြီ။ လူဝကြီး သည်လည်း ပုံတူဆီဆေးကားကြီးပါပဲ။

လွန်ခဲ့သည့်အပတ်သောကြာနေ့ နံနက်ကလည်း ကိုဘကြည်က ကိုအေးမောင်၊ ကိုတိုး၊ ကိုသိန်းဟန်တို့ကို လက်တို့၍ ခေါ်လာပြီး၊ ကိုဘဉာဏ် ဘာလုပ်နေလဲဆိုတာ တိတ်တဆိတ်ပြသည်။

ထိုနေ့က ကိုဘဉာဏ်သည် ပန်းချီရေးသည့် ဒေါက်ခုံရှေ့တွင် စုတ် တံ ဆေးစပ်ပြားတို့ကိုကိုင်ရင်း အနီးတွင်၊ ကြည့်မှန်ချပ်ကြီးတစ်ချပ်ကို ထောင်ထားသည်။

ပြီးတော့. . . ကြည့်မှန်ချပ်ထဲတွင် အရိပ်အရောင်တွေ လွင်နေသည့် သူ့ရုပ်ပုံလွှာကို ကိုယ်တိုင်ရေးပုံတူအဖြစ် ပန်းချီကားချပ် ထဲတွင် စုတ်ချက်ခတ်နေသည်။

ပန်းချီဆရာတစ်ယောက်၏ ကိုယ်တိုင်ရေးရုပ်ပုံလွှာ။ အနှစ်နှစ် အလလက ဆည်းပူးလာခဲ့သော. . . ရေးချက်ရေးကွက် စုတ်ချက်သဘော တရားများက သူ့နှလုံးသည်းပွတ်တွင် စိမ့်ဝင်နေခဲ့ပေပြီ။

ကျေးဇူးရှင်ဖခင်ကြီးဦးဘအိုက. . . အမှတ်တရအဖြစ် သားဖြစ်

http://www.cherrythitsar.org



သူ ပုံတူရေးပေးနေသည်ကို တည်ငြိမ်စွာထိုင်ရင်း. . . သူ့သဘာဝအတိုင်း သမားရိုးကျ နေတတ်သလိုနေကာ ပြတင်းမှတစ်ဆင့် တစ်နေရာသို့ ငေးနေသည်။

တူမဖြစ်သူမခင်မြင့်က၊ကိုဘညဏ်အတွက် အကြမ်းအိုးတစ်အိုး လာချပေးသည်။ လက်ဖက်ခြောက်ရနံ့မှာ သင်းနေသည်။

သီပေါစော်ဘွားမိသားစုကရန်ကုန်အပြန်လက်ဆောင်ပေး လိုက်သော လက်ဖက်ခြောက်ထုပ်ကြီးက မကုန်နိုင်သေး။

ကိုဘညဏ်သည် ရေနွေးတစ်ငုံသောက်လိုက်၊ ဆေးပြင်းလိပ် ကောက်ဖွာလိုက်ဖြင့် ဖခင်ကြီး၏ ကိုယ်ခန္ဓာ၊ အချိုးအစားကို အထိမိဆုံး စုတ်ချက်ခတ်နေသည်။ မူလကောက်ကြောင်းများက ပေါ်လွင်လှသည်။

ဘေးမှာလာထိုင်၍ ကြည့်နေကြသော တပည့်အေးမောင်တို့ လူစု ကိုလည်း ပုံရေးရင်း၊ အသိညဏ် လှမ်းလှမ်းပေးသည်။

"ပန်းချီဆရာဟာ အာရုံဝေဝါးနေလို့ မရဘူး၊ အလင်းအမှောင် ထဲမှာလည်း စိတ်အာရုံကို နှစ်ထားရမယ်။ လန်ဒန် တံခါးဝါကျောင်းမှာ တုန်းက ကိုယ်ဟန်လာပြပေးတဲ့ အမျိုးသား အမျိုးသမီးတစ်ယောက်ကို အင်္ဂလိပ်ငွေနဲ့ တစ်နာရီ (၂)ပေါင်ပေးပြီး ရေးကြရတာ၊ ပုံဏ္ဍာန်ကိုရေး မလား။ သူ့စိတ်ခံစားမှု တစ်ခုခုကိုရေးမလား၊ ဒါလည်း သတိရှိရမယ်။ သက်ရှိပုံတူကို ရေးတဲ့အခါမှာ အရေးခံနေတဲ့သူနဲ့ ရေးတဲ့သူဟာ သိပ်ဝေး လို့မရဘူး။သိပ်နီးဖို့လည်း မလိုဘူး။ မင်းတို့ ငါရေးနေတဲ့ အခုအကွာအဝေး ကိုကြည့်၊ သဘာဝအားဖြင့်တော့ ဦးခေါင်းပိုင်းက ငါ. . . စပြီးရေးခဲ့တယ်။ တံခါးဝါကျောင်းက ဆရာကြီးစပင်းလတ် ကိုယ်တိုင်လည်း ဦးခေါင်းပိုင်းက စခဲ့တယ်။ မိနစ်နှစ်ဆယ် နာရီဝက်ထက်ပိုပြီး ပုံအရေးခံပေးနေတဲ့ သူကို ငြိမ်ငြိမ်ကြီးထိုင်ခိုင်းလို့မရဘူး။ ခဏတော့ သက်သောင့်သက်သာ အနား ပေးရတယ်။ စရေးရေးချင်း နာရီဝက်မတိုင်ခင် အတွင်းမှာ အရေးကြီးတဲ့ ထောင့်တွေကို မိအောင် ကောက်ကြောင်း လောင်းထားနိုင်ဖို့လိုတယ်။

ကိုဘညဏ်က တပည့်တွေကို ပါးစပ်ကပြောရင်း၊ လက်တွေက တော့ ဆေးစုတ်တံတွေနှင့် သွက်လက်ဇယ်ဆက်နေသည်။

"အလေ့အကျင့် ရလာတဲ့အခါကျတော့ ပုံကြမ်းလောင်းတဲ့နေရာ မှာ မိနစ်တွေ လျှော့လာရတာပေါ့. . . ဆယ့်ငါးမိနစ်၊ ဆယ်မိနစ် စသဖြင့်

http://www.cherrythitsar.org



ပေါ့လေ” မြန်မြန်ရေးတဲ့မျဉ်းတွေနဲ့ နှေးနှေးရေးဖို့လိုတဲ့ မျဉ်းတွေကို ပေါင်းစပ်ပြီး အစ်ကို့ပုံကို ငါ ပုံကြမ်းလောင်းခဲ့တာပဲ။ ထောင့်စွန်၊ ထောင့်ကွေး၊ အကောက်အကွေ့တွေကိုတော့ မူသေမျဉ်းတစ်ကြောင်းနဲ့သာ ရေးကြရတယ်။ တော်ဝင်ပန်းချီကျောင်းနဲ့ တံခါးဝါကျောင်းမှာတုန်းကတော့ ပင်မမျဉ်းလိုင်းတွေရဲ့ အခြေခံသဘောတရားကို သင်တဲ့အခါမှာ အင်္ဂလိပ်အက္ခရာ ‘ဒီ’ အကြီးစာလုံးဟာ ပင်မမျဉ်းလိုင်းတွေကို အခြေခံတယ်လို့ သင်ခဲ့ရတယ်။ မျဉ်းဖြောင့်တစ်ကြောင်း မတ်မတ်စိုက်ပြီး မျဉ်းကောက်တစ်ခုက ဆန့်ကျင်ဘက် ဆက်စပ်နေတယ်မဟုတ်လား၊ အရေးကြီးတဲ့ ပင်မမျဉ်းသုံးကြောင်းကို ကောက်ကြောင်းပေး တည်ဆောက်ပြီးပြီဆိုရင် ပုံရဲ့လှုပ်ရှားဟန်က ပေါ်လွင်နေပြီလေ၊ ရုပ်ပုံတစ်ခုမှာ မတူညီတဲ့ ပင်မမျဉ်းတွေနဲ့ ဟော့ဒီလိုဖွဲ့စည်းတာလည်း ရှိသေးတယ်”

ကိုဘဉာဏ်က ဖခင်ဦးဘအို၏ ပုံတူကို လက်တွေ့ရေးပြရင်း တပည့်တွေကို ရှင်းပြနေသည်။ အားလုံးငြိမ်သက်၍ နားထောင်နေကြသည်။

ပန်းချီမရေးတတ်သောမခင်မြင့်နှင့် မခင်တင့်တို့ ညီအစ်မသည် ပင်လျှင် သူတို့အဘိုး၏ပုံတူကို သူတို့ဦးလေးက အမှတ်တရ ရေးနေသည်ကို မကြာခဏ ငေး၍ ကြည့်နေကြရှာသည်။

“ပုံကြမ်းလောင်းတဲ့နေရာမှာဟောသလို အစက်အပြောက်ကလေး တွေနဲ့ မျဉ်းကို ကန့်သတ်တာလည်းရှိတယ်။ ဟော့ဒီနေရာကျတော့ သုံးမြှောင့်မျဉ်းထဲမှာတည်ဖွဲ့ထားတယ်။ ပုံသဏ္ဍာန်ကို စက်ဝိုင်းနဲ့ တည်ဖွဲ့ရတာက ဒီနေရာမျိုးပေါ့၊ စက်ဝိုင်းတွေ ကြက်ဥပုံတွေနဲ့ အခြေပြုရတဲ့ ကောက်ကြောင်းတွေကလည်း သူ့နေရာနဲ့သူ၊ အတုံးအခဲ ထုထည် ပုံသဏ္ဍာန်တွေနဲ့ အကွက်ချရတဲ့နေရာတွေက ဒီမှာ ကြွက်သားအဖုအထစ်နေရာလေးတွေပေါ်လာအောင် စတုရန်းကွက်တွေကို ငါဘယ်လို အကွက်ချတယ်ဆိုတာ သေသေချာချာကြည့်ကြ၊ ဒီနေရာမှာကတော့ ပုံဖော် ထောင့်ခုံး၊ ထောင့်ချိုးတွေကတစ်မျိုး၊ လက်နေရာကျတော့ လက်အချိုးအဆပြေပြစ်ဖို့ ဒီလိုအရေးကြီးတဲ့ မျဉ်းတွေနဲ့ ကောက်ကြောင်းချရတယ်။ မူသေ ကောက်ကြောင်းမျဉ်းတွေကို မင်းတို့တွေ့ကြလား၊ လက်ချောင်းရိုးရယ်၊ အရိုးကြားထဲမှာရှိတဲ့ ကြွက်သားရယ်၊ ခြေထောက်မှာကျတော့လည်း

http://www.cherrythitsar.org



ခြေဖျံ့ရိုးရယ်၊ ခြေမျက်ရိုးရယ်က. . . သူ့ထောင့်ခုံးတွေနဲ့သူ၊ ကျောင်းမှာ ငါတို့သင်ခဲ့ရတုန်းက ခြေထောက်ပုံစံ သစ်သားတုံးတွေနဲ့ ပုံစံချပြီး ခဲပန်းချီ ရေးခဲ့ရတယ်။ ခြေထောက်အနေအထား အမျိုးမျိုးပေါ့ကွာ. . . ဒူးဆစ်၊ ဒူးခေါင်းတွေက အစပေါ့၊ ပုံကြမ်းလောင်းပြီ ဆိုတဲ့အခါကျရင် တချို့ ဆရာကြီးတွေက ငွေကညစ်ကို သုံးခဲ့ကြဖူးတယ်။ နူးညံ့တဲ့မီးသွေးချောင်း ၁၉ လက်မ ၂၅ လက်မနဲ့ ကောက်ကြောင်းချတဲ့ ဆရာတွေလည်းရှိတယ်။ ခဲနဲ့ ကောက်ကြောင်းချတာလည်း ရှိတယ်။ ခဲဖြစ်ဖြစ် မီးသွေးဖြစ်ဖြစ် ချွန်တဲ့နေရာမှာ ဓားကို ကိုယ့်ဘက်လှည့်ပြီး ချွန်ရတယ်။ ဒါမှ မကျိုးမပဲ့ ကောင်းကောင်းမွန်မွန် ချွန်တဲ့အနေအထားမျိုး ရနိုင်တယ်”

ပြောရင်းဆိုရင်းဖြင့် ကိုဘညဏ်သည် ဖခင်ကြီး၏ ပုံတူကောက်ကြောင်းများကို အမိအရ ရလိုက်လေသည်။

“အစ်ကိုသက်သောင့်သက်သာနေနော်. . . ကျွန်တော်ဆေးရောင် သွင်းတော့မယ်”

ကိုဘညဏ်က ဆေးစပ်ပြား၏ ဘယ်ဘက်တွင် အဝါရောင်၊ ရွှေ ရောင်၊ အပြာရောင်တို့ကို ညှစ်ချလိုက်တယ်။ အလယ်တည့်တည့်တွင် ငွေရောင်၊ ညာဘက်တွင် အဖြူရောင်၊ လိမ္မော်ရောင်နှင့် အဝါရောင် ဖျော့ဖျော့ကို ညှစ်ချထားသည်။ တပည့်အေးမောင်က စုတ်တံနှင့် ဆေးရော နှောရန် တာပင်တိုင်ဆီမှအစ ဆရာ့အတွက် နံဘေးမှ ပြင်ဆင်ပေးလေ သည်။

* * *

http://www.cherrythitsar.org



"ဆရာ. . . ကောလိပ်ကဆရာဦးဘဇော်တစ်ယောက် လေဖြတ်သွားလို့တဲ့"

၁၉ လမ်းဘက် ဆီချက်ခေါက်ဆွဲနှင့် ဘဲသွေးသုပ်ထွက်စား၊ ဆူးလေဘုရားလမ်းမဘက် လမ်းလျှောက်ထွက်ပြီး ပြန်အရောက်၊ ကောက်ကာငင်ကာဖြင့် တပည့် ကိုသိန်းဟန် ဆီးကြိုပြောလိုက်သည့် စကားကြောင့် စိုးရိမ်ပူပန်စိတ် ပေါ်လာသည်။

"ဒီသတင်း ဘယ်ကကြားတာလဲ"

"ပညာမင်းကြီးရုံးက လူတစ်ယောက် လာပြောသွားတာပါ။ ဆရာ့ကိုလည်း ပညာမင်းကြီးက သူ့ရုံးကို ခဏလောက် လာခဲ့ပါလို့ မှာလိုက်တယ်တဲ့"

ဘာအကြောင်းများ ပေါ်သည်မသိ။ ကိုဘညာဏ်လည်း ရေချိုးအဝတ်လဲလှယ်ကာ ပညာမင်းကြီးရုံးသို့ ထွက်ခဲ့သည်။

ရုံးချိန်မို့ မစ္စတာကွင်လန်နှင့် တွေ့ရသည်။

"ဆရာဘဇော်နေရာမှာဆရာစံဝင်းခဏဝင်ပေးနေပါတယ်။ပုံဆွဲပညာအုပ်မစ္စတာစန်ကရာကနှစ်ရှေ့လို့ပင်စင်ယူသွားပါတယ်၊ သူ့နေရာမှာ ဆရာစံဝင်းကို ပညာအုပ်ခန့်ဖို့ စီစဉ်နေကြပါတယ်။ ဆရာဖြစ်သင် ကောလိပ်က ပုံဆွဲဆရာနေရာ လစ်လပ်နေတာကြောင့် ကိုဘညာဏ် ဝိုင်းကူပေးပါဦး၊ ပညာအုပ်ဆိုရင် အချိန်ပြည့်ရုံးထိုင်ရမှာမို့ အပြင်အလုပ်

http://www.cherrythitsar.org



တွေလည်းလုပ်ရင်း အချိန်ပိုင်း ပုံဆွဲပညာ ဝင်ပြပေးနိုင်ဖို့ ကိုဘညဏ်ကို ပုံဆွဲဆရာအဖြစ် ဝင်ကူပေးဖို့ ပြောရတာပါ”

ကိုဘညဏ်က ပန်းချီလောကကို သံယောဇဉ်ရှိသူဖြစ်၍ ပညာမင်းကြီးက အကူအညီတောင်းခြင်းဖြစ်သည်။

“လခ တစ်လ ၆၀၀ ချီးမြှင့်ပါ့မယ်”

ဟုလည်း ကတိပေးသည်။ လစာငွေထက်ပိုပြီး အဓိကကျတာက ဆရာဖြစ်သင်ကောလိပ်မှာ ပုံဆွဲဆရာ မရှိသေးခိုက်၊ သင်တန်းသူ သင်တန်းသားတွေ ပန်းချီနှင့် ကင်းဝေးနေမှာကို သူမလိုလား။

ထို့ကြောင့် ပညာမင်းကြီးပြောသည့် အလုပ်ကို သူ လက်ခံလိုက်သည်။

ကိုဘဇော်အိမ်သို့ ပြေးရပြန်သည်။

“ကျန်းမာရေး ကောင်းလာပါစေလို့ ဆုတောင်းတယ် ကိုဘဇော်အားမငယ်နဲ့နော်”

ဟု ကိုဘဇော်၏ လက်ဖဝါးနုနုကို ဆုပ်ကိုင်ရင်း သူအားပေးနေသည်။ ကိုဘဇော်သတင်းကြား၍ စိတ်မကောင်းစွာဖြင့်၊ အမျိုးသားပညာဝန် ဦးဖိုးကျား၊ တို့ဗမာအစည်းအရုံးမှ ဒီးဒုတ်ဦးဘချို၊ ဆရာကြီး ဦးဘစိန်တို့နှင့်အတူ လူပုံချောတစ်ယောက်ပါ သတင်းလာမေးနေကြသည်။ သူတို့လည်း ကိုဘဇော်၏ ကျန်းမာရေးကို စိုးရိမ်မကင်း ဖြစ်နေကြဟန်တူ၏။ ဆရာကြီးဦးဘချိုက. . .

“ကိုဘညဏ် ဒါ သခင်ဘသောင်း”

ဟု လူပုံချောနှင့် မိတ်ဆက်ပေးတော့မှ နှစ်ယောက်သား ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်ကြသည်။

“ကိုဘညဏ်က ပန်းတနော်သားနော်၊ ကျွန်တော်က နတ်မောက်ဇာတိပါ၊ ကိုဘညဏ်က ကျွန်တော့်ထက် လေးငါးနှစ်လောက် အသက်ပိုကြီးမယ် ထင်ပါတယ်”

သခင်ဘသောင်းကမေးသည်။

“ဟုတ်ကဲ့ ကျွန်တော်က ၁၈၉၇ ဒီဇင်ဘာလမှာ မွေးပါတယ်”

ကိုဘညဏ်က ပြောပြသည်။

“ကျွန်တော်က ၁၉၀၁ ခု ဖေဖော်ဝါရီ (၇)ရက်”

http://www.cherrythitsar.org



"ဪ နတ်မောက်ကဆိုတော့ ကိုအောင်ဆန်းတို့ ဇာတိပေါ့"

"ဟုတ်ကဲ့ . . . ကျွန်တော်က နတ်မောက်မြို့နယ် ဖိုကုန်းရွာကပါ။ အဖေက ဦးမြစ်၊ အမေက ဒေါ်လေးခင်တဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်၊ နာမည်ကြားဖူးနေတာ ကြာပါပြီ၊ ကျွန်တော်က ပန်းတနော်မှာ ကျောင်းခဏနေပြီး၊ မော်လမြိုင်ရောက် ဟိုရောက် ဒီရောက်နဲ့ ခုမှ ရန်ကုန်မှာ အခြေချရပါတယ်၊ ကျွန်တော့်အမေ ဒေါ်ညိုကတော့ ကျွန်တော် လန်ဒန်ကိုမသွားခင် ပန်းတနော်မှာ ဆုံးသွားပါပြီ"

"ကျွန်တော်လည်း မန္တလေး ဗုဒ္ဓသာသနာ့နုဂ္ဂဟ အင်္ဂလိပ်မြန်မာ အထက်တန်းကျောင်းမှာ နေခဲ့ပြီး၊ အမျိုးသားကျောင်းတွေမှာ ကျောင်းဆရာ လုပ်ခဲ့ပါတယ်။ နယူးဘားမား အင်္ဂလိပ်သတင်းစာမှာ လက်ထောက် အယ်ဒီတာလုပ်ရင်း ဝါသနာကြောင့် စာရေးပါတယ်။ မကြာသေးခင်က တော့ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ ဘာသာပြန်နည်းပြဆရာ လုပ်ပါသေးတယ်"

သခင်ဘသောင်းကပြောပြနေသည်။မွန်ရည် ယဉ်ကျေးသိမ်မွေ့ ဖျတ်လတ်တက်ကြွသူ တစ်ယောက်ဟု ကိုဘညာဏ် ကောက်ချက်ချမိသည်။

"ကိုဘညာဏ်နဲ့ ကြုံရဆုံရတုန်းမှာ အကူအညီတစ်ခု တောင်းချင်ပါတယ်"

"ပြောပါခင်ဗျာ၊ ကျွန်တော်ကူညီနိုင်တာဆို ကူညီပါ့မယ်"

"ဒီလိုပါ မောင်ဘညာဏ်၊ ဆရာတို့ရဲ့ တို့ဗမာ အစည်းအရုံးကြီး အတွက် အလံနဲ့ တံဆိပ်အတွက် ဒီဇိုင်းတစ်ခု စဉ်းစားရေးပေးဖို့ပါပဲ"

ဆရာကြီးဦးဘချိုက ဝင်ပြောမှ ကိုဘညာဏ်က မိမိ ဘာကူညီရမည်ဆိုသည့် လမ်းစကို သိလိုက်ရလေသည်။

"ရေးပေးနိုင်ပါတယ်ဆရာကြီး၊ဒါပေမဲ့အသင်းအဖွဲ့တစ်ခုအတွက် အလံ၊ တံဆိပ်ဆိုပြန်တော့၊ လူတစ်ဦး တစ်ယောက်တည်းရဲ့ စိတ်ကူးကို ပုံဖော်မယ့်အစား ပန်းချီအတွေးရှိတဲ့ လူသုံးလေးငါးယောက်လောက်ကို ဖိတ်ခေါ်ပြီး သူတို့ကိုလည်း ဒီဇိုင်းရေးခိုင်းပြီးမှ အဲဒီအထဲက ဆရာကြီးတို့ က ရွေးချယ်ရင် ပိုပြီးစိတ်တိုင်းကျ ရနိုင်မှာပါခင်ဗျာ. . . "

http://www.cherrythitsar.org



ကိုဘညာဏ်က သူ့အတွေးအဆကို ဆရာကြီးအား ပြောပြသည်။ ဆရာကြီးတို့က ကိုဘညာဏ်ဆန္ဒကို လက်ခံကြသည်။

"ဒါဆိုရင်လာမယ့်တနင်္ဂနွေနေ့ညနေပိုင်းမှာ ဗဟန်း ရေတာရှည်လမ်း အိမ်နံပါတ် ၃၃ မှာ ကျွန်တော်တို့ ဆုံလိုက်ကြအောင် ကိုဘညာဏ်"

သခင်ဘသောင်းက ဖိတ်ကြားသည်။ ထို့နောက် ဆရာကြီးနှင့် သခင်ဘသောင်းတို့ တိုင်ပင်ကြပြီး ပန်းချီကိုငွေကိုင်၊ ကာတွန်းကိုဘဂျမ်း၊ ပန်းချီဦးဘစိန်၊ သချာပါမောက္ခ ဦးအောင်လှနှင့် ကိုဘညာဏ်တို့ဆီမှ ဒီဇိုင်းများ တောင်းခံမည်ဟု ဆုံးဖြတ်လိုက်ကြသည်။

* * *

http://www.cherrythitsar.org



ကိုဘညာဏ်သည် ထိုရက်များအတွင်း အလုပ်ပိနေသည့်ကြားမှ တို့ဗမာအစည်းအရုံးကြီးအတွက် အလံ၊ တံဆိပ် ဒီဇိုင်းပုံစံများကို ကြိုးစား၍ ထုတ်နေလေသည်။

ဆန်းလိုက် ဆပ်ပြာကုမ္ပဏီအတွက် သတင်းစာကြော်ငြာ ဒီဇိုင်းအပြင်၊ ပြက္ခဒိန်ပုံတွေလည်း သူ့ကိုလာအပ်ထားရာ၊ မြန်မာ့ကျေးလက်သဘာဝ၊ လှည်းစခန်း၊ သင်္ကြန်တော်၊ ရှင်ဥပဂုတ္တပူဇော်ပွဲ၊ ဇန္တုလစစ်သူကြီး၊ ကချေသည်၊ သဗ္ဗညုတဘုရားနှင့် ကျိုက်ထီးရိုးစေတီ ရှုခင်းပန်းချီတို့ကိုပါ နေ့ရော၊ ညရောပါ ရေးနေရလေသည်။

'ကိုဘညာဏ်ရေ၊ ကျွန်တော်တို့ လာလည်တယ်ဗျ"

ဝမ်းသာအားရအသံများနှင့် တက်လာကြသော၊ မိတ်ဆွေတွေကို မြင်လိုက်ရတော့ ကိုဘညာဏ် ဝမ်းသာသွားသည်။

အက်စ်အက်စ် အမရပူရသင်္ဘောမှ သင်္ဘောသားဖေမောင်၊ ထွန်းကြိုင်နှင့် မောင်ကျော်တို့ဖြစ်ကြ၏။

"ရော့ဗျာ. . . ကိုဘညာဏ်တို့ မိသားစုစားဖို့"

ဖေမောင်က နိုင်ငံခြားမှဝယ်လာသော အသားဘူး၊ ငါးစည်သွတ်ဘူး၊ သစ်သီးဘူး၊ ထောပတ်တို့ကို ချပေးသည်။

"ဟောဒါက. . . လန်ဒန်တံခါးဝါကျောင်းက ခင်ဗျားမိတ်ဆွေ ပန်းချီဆရာမလေး ဆယ်လီ၊ ကမ်းနားဆင်းလာပြီး ခင်ဗျားအတွက်

http://www.cherrythitsar.org



လူကြုံပါးလိုက်တဲ့ ပန်းချီပစ္စည်းတွေခင်ဗျ”

ထွန်းကြိုင်ကမျက်နှာကြီးပြုံးဖြီးဖြီးနှင့်ဆီဆေးဘူး၊ ရေဆေးရောင်စုံဘူး၊ ဖယောင်းတောင့်ရောင်စုံနှင့် ပုံရေးစက္ကူလိပ်ကြီးများ၊ ကင်းဗတ်ဖျင်စများကို လက်ဆောင်ပေးနေသည်။

“အစ်ကိုကိုဘညာဏ်ရေ. . . ဒီကောင်ထွန်းကြိုင် ဘိန်းမစားတော့ဘူးဗျ”

မောင်ကျော်က ဝမ်းသာအားရ ပြောပြသည်။

“ကောင်းတာပေါ့ကွာ ဒါနဲ့ မင်းတို့အိမ်ထောင်ရေး အဆင်ပြေကြရဲ့လား”

ကိုဘညာဏ်က မေးသည်။

“ခေါင်ကမိုးလုံအောင် ကိုယ့်ကိုယ်ကို ပြန်ထိန်းရတာပေါ့ အစ်ကိုရာ၊ ခုတော့ ကျွန်တော့်သားလေးလည်း ဘိန်းဖြတ်လိုက်ပါပြီ။ မိန်းမလည်း စိတ်ချမ်းသာသွားတာပေါ့၊ ကျွန်တော်လည်း သင်္ဘောကရတဲ့လခကို စည်းနဲ့ကမ်းနဲ့ သုံးစွဲတတ်ပါပြီ”

ထွန်းကြိုင်က သူ့အပြစ်တွေ သူဝန်ခံနေသည်။

“ဝမ်းသာလိုက်တာ ထွန်းကြိုင်ရာ၊ အိမ်ထောင်ဦးစီးတစ်ယောက်ရဲ့ လွတ်လပ်မှုဟာ မိသားစုကိုမထိခိုက်ရင် ဘာမှ ပြဿနာမရှိဘူးလေးကွာ ဟုတ်တယ်မဟုတ်လား”

ကိုဘညာဏ်ရင်ထဲတွင် ဝမ်းသာနေသည်။

“ဟော့ကောင်တွေ ရောက်တုန်း အိမ်မှာထမင်းစားပြီးမှ ပြန်ရမယ်နော်”

“စားမှာပေါ့ဗျာ၊ကိုဘညာဏ်ကိုဝမ်းသာစရာတစ်ခု ပြောရဦးမယ်”

ဖေမောင်က စကားစသဖြင့် ဘာများပါလိမ့်ဟု သူနားစွင့်နေသည်။

“ဟောဒီမှာကြည့်ဗျ”

ဖေမောင်က. . . စက္ကူလိပ်ကြီးတွေ၊ ပေါင်ကျက်ထားသောကင်းဗတ်ပြားတွေ အိတ်ကြီးတစ်လုံးထဲက ဆွဲထုတ်ပြီးပြလိုက်တော့ ကိုဘညာဏ် မျက်လုံးဝိုင်းသွားသည်။

“ဟ. . . ပန်းချီကားတွေပါလား. . . ”

http://www.cherrythitsar.org



"ဟုတ်တယ်ဗျ. . . သင်္ဘောပေါ်မှာတုန်းက ခင်ဗျားအားပေး တိုက်တွန်းခဲ့လို့ ကျွန်တော်လည်း တွေ့ရာမြင်ရာတွေ အားတဲ့အခါ ရေး တတ်သလို လျှောက်ရေးထားတာလေဗျာ"

ဖေမောင့်ပန်းချီကားတွေကို သိန်းဟန်၊ အေးမောင်၊ မောင်တိုးတို့ ဝိုင်းကြည့်နေကြသည်။ ကိုဘကြည်က လမ်းမတော်သံဈေးထဲက ဆံပင် ညှပ်ဆိုင်မှာ ဆံပင်သွားညှပ်နေ၍ အိမ်မှာမရှိ။

"နည်းစနစ်သိပ်မမှန်သေးတာ တစ်ခုပဲကွ။ တချို့ကားတွေ အနေ အထားကောင်းတယ်၊ မင်းတို့သင်္ဘော ဘယ်အချိန်ပြန်ထွက်ရမလဲ" ကိုဘညဏ်ကမေးသည်။

"ကုန်တင်ကုန်ချ၊ခရီးသည်စောင့်နဲ့ဆိုရင်(၁၄)ရက်လောက်တော့ ရန်ကုန်ဆိပ်ကမ်းမှာ နားဦးမှာပါဗျာ"

မောင်ကျော်က ဝင်ပြောသည်။

"ဒါဆိုရင် သင်္ဘောက အလုပ်အားတဲ့အချိန် ငါ့အိမ်ကိုလာခဲ့၊ မင်း ပန်းချီကား တစ်ကားချင်းရဲ့ ချို့ယွင်းချက်လေးတွေ ငါထောက်ပြမယ်။ ငါပြင်ပေးမယ် မင်း ဒါဆိုရင် အခြေခံသဘော တော်တော်သိသွားမယ်"

ကိုဘညဏ်က စေတနာဖြင့်ပြောသည်။

"ကျေးဇူးပဲဗျာ ကိုဘညဏ်၊ ညနေကျ အပြင်ထွက်ပြီး ဆိုင်တစ် ဆိုင်မှာ သွားစားကြရအောင်"

"ညနေကျ. . . ငါ အပြင်ခဏ သွားရဦးမယ်ကွ၊ တို့ဗမာအစည်း အရုံးက သခင်ဘသောင်းတို့နဲ့ တွေ့ဖို့ရှိလို့"

"ဒါဆိုရင်လည်းနောက်အားတဲ့တစ်နေ့မှထွက်စားကြတာပေါ့ဗျာ"

"အေးပါကွာ၊သြော်. . . ပန်းတနော်က ါအဖေ ရောက်နေတယ် ကွ၊ သန်ဘက်ခါလောက် ပန်းတနော်ပြန်လိမ့်မယ်၊ အောက်ထပ်မှာ မင်းတို့ မတွေ့ခဲ့ဘူးလား"

'ခင်ဗျား. . . တွေ့ချင်ဇောနဲ့တက်လာတော့သတိမထားမိခဲ့ပါဘူး ဗျာ၊ ဆင်းပြီး ကန်တော့လိုက်ပါဦးမယ်၊ ပန်းတနော်သတင်းလေး ဘာလေး လည်း မေးရင်းပေါ့၊ အောင်မယ်. . . ကိုဘညဏ် နံရံမှာချိတ်ထားတဲ့ ခင်ဗျားအဖေ ဦးဘအို ပန်းချီကားကြီးက တယ်ကောင်းပါလား"

ဖေမောင်က. . . မော့ကြည့်ပြီးပြောသည်။

http://www.cherrythitsar.org



"အေးကွာ. . . အဖေ ရန်ကုန်ခဏလာလည်တုန်း အမှတ်တရ ရေးလိုက်မိတာပါ။ ကဲ. . . ကဲ. . . အဖေနဲ့ ဆင်းစကားပြောချေဦး။ မောင်ကျော်တို့၊ ထွန်းကြိုင်တို့၊ ကိုယ့်အိမ်လိုသဘောထားပြီး လွတ်လွတ်လပ်လပ်နေကြနော်၊ ရေမိုးချိုးချင်ရင်လည်း ချိုးကြ၊ ဟောဟိုမှာ ဖျာတွေ ခေါင်းအုံးတွေရှိတယ်၊ နားနားနေနေ၊ စာအုပ်တွေ ဖတ်ချင်ရင်လည်း၊ မဂ္ဂဇင်းဂျာနယ် အစုံရှိတယ်ကွ၊ ငါတော့၊ ညနေကျ တို့ဗမာအစည်းအရုံးမှာ ပြဖို့ ဒီဇိုင်းလေးတွေ လက်စသတ်လိုက်ဦးမယ်"

ကိုဘညဏ်က ဒီဇိုင်းပုံစံဆက်ထုတ်နေသည်။ မောင်ကျော်နှင့် ထွန်းကြိုင်က ဖျာတစ်ချပ် ခေါင်းအုံးတစ်လုံးစီနှင့် အညောင်းအညာဖြေကာ၊ ဒဂုံမဂ္ဂဇင်းတစ်အုပ်စီ လှန်လှောကြည့်နေကြ၏။

ဖေမောင်က အောက်ထပ်ရှိ ကွပ်ပျစ်လေးတစ်လုံးတွင် ဦးဘအို နှင့် စကားလက်ဆုံကျနေသည်။

"ဦးလေးက သန်ဘက်ခါ ပန်းတနော် ပြန်တော့မလို့ဆို"

"အစကတော့ အဲဒီရက်လောက် ပြန်ဖို့ပဲကွ၊ ဒါပေမဲ့ မော်လမြိုင်က ဆရာဦးဘလွင်ဆိုတာ၊ ငါ့သားဘညဏ်ရဲ့ ပုံဆွဲဆရာပေါ့ကွာ၊ သူတို့ လင်မယား လာကြမယ်လို့ ကြေးနန်းရိုက်ထားတာနဲ့ ပန်းတနော်ပြန်ဖို့ရက် နောက်ဆုတ်ရမလို ဖြစ်နေတယ်"

"ဘယ်လိုကိစ္စကြောင့်များလဲ ဦးလေးရဲ့"

" ဒီကောင့်ကို ငါ မိန်းမပေးစားချင်တယ်ကွာ၊ အဲဒါ သူ့ဆရာရင်း ဦးဘလွင်နဲ့ တိုင်ပင်မလို့၊ ဒီကောင် အသက် (၃၈)နှစ်ထဲရောက်နေပြီကွ၊ တစ်နေ့တစ်နေ့ ဒီပန်းချီနဲ့ပဲ အချိန်ကုန်နေတယ်၊ အသက်ကြီးလာတော့ ဆေးပေးမီးယူမရှိရင် ခက်မယ်"

"ဟာ ဦးလေးကလည်းဗျာ သူ့မှာ တပည့်တွေရှိတာပဲ"

"တပည့်တွေလည်းရှိတယ်။တူမတွေလည်းရှိတယ်၊ ဒါပေမဲ့ သူတို့ လည်း တစ်နေ့ကျ ဘယ်လိုအကြောင်းကိစ္စတွေ ပေါ်လာကြဦးမယ်ဆိုတာ ပြောရခက်သားပဲကွ၊ ဒီကောင့်လို အလုပ်ကြီးအကိုင်ကြီး လုပ်နေရတဲ့ လူတစ်ယောက်မှာ အတွင်းစကားတိုင်ပင်စရာ လင်ရယ်၊ မယားရယ်ဆိုတာ ရှိသင့်ရှိထိုက်တဲ့အရွယ် ရောက်နေပြီလေကွာ"

"ဦးလေးပြောတာလည်း လမ်းကျပါတယ်၊ နည်းလမ်းကျပါတယ်၊

http://www.cherrythitsar.org



ကိုဘညာဏ်သဘောက ဘယ်လိုတဲ့လဲ”

“အဖေ့သဘောပါတဲ့ကွ၊ဒီကောင်ကငါ့တော့ထော်လော်ကန့်လန့် မလုပ်တတ်ရှာပါဘူး”

“မော်လမြိုင်က ဆရာဦးဘလွင် ဒီကိုလာမှာက ဘယ်လိုကိစ္စ ကြောင့်လဲ ဦးလေး”

“အဲဒီ ဦးဘလွင်က မော်လမြိုင်မြို့ပေါ်ကတော့ မဟုတ်ဘူး၊ မော်လမြိုင် ကတိုးရွာဆိုတာ မင်းကြားဖူးမှာပေါ့၊ အဲဒီက အဲဒီ ကတိုးမှာ ဦးဘလွင်ရဲ့ ခယ်မ နှစ်ယောက်ရှိတယ်။ နှစ်ယောက်လုံးက အိမ်ထောင် ထိန်းသိမ်းမှု ကောင်းတယ်ပေါ့ကွာ၊ ဒါပေမဲ့ ဘညာဏ်က ဘယ်သူ့ကို ပို သဘောကျလဲ ဆိုတာကျတော့ သူ့သဘောကိုးကွ၊ ဒီတော့ သူ့ကို အဲဒီ ကတိုးအထိ၊ သုံးလေးရက်တန်သည် တစ်ပတ်တန်သည်ပေါ့ကွာ၊ ဦးဘလွင် တို့က ခေါ်သွားပြီး အကဲခတ်ခိုင်းမယ့် သဘောပဲ”

“အစီအစဉ်ကတော့ မဆိုးလှပါဘူး ဦးလေးရဲ့၊ တောသူလေးတွေ ဆိုပေမဲ့၊ ဗိုင်းကောင်းကျောက်ဖိ မိဘများကလည်း ဥယျာဉ်ခြံမြေတွေနဲ့ စုစုဆောင်းဆောင်း စားနိုင်သောက်နိုင် လှူနိုင်တန်းနိုင်တွေထဲကပေါ့ ဟုတ်လား”

“မိန်းမဘက်ကဘယ်လောက်ပစ္စည်းရှိရှိအဓိက ယောကျ်ားလေး ဘက်က လုပ်ကိုင်ကျွေးမွေးရမှာပေါ့ကွာ”

“ဦးလေးသား ကိုဘညာဏ်ဟာ အသောက်အစား အပျော်အပါး ဘာမှ စိတ်ဝင်စားတတ်တဲ့လူမှ မဟုတ်တာ။ သူများတိုင်းပြည်မှာ နေခဲ့ တုန်းကလည်း၊ လုပ်ဖော်ကိုင်ဖက် မိန်းကလေးတွေကိုတောင် စိတ်ဝင်စား တတ်တဲ့ လူစားမျိုးမဟုတ်မှန်း ကျွန်တော်တို့မျက်မြင်ပဲဗျ၊ မိဘကိုလည်း တော်တော် အရေးထားတတ်တဲ့လူ၊ အိမ်ထောင်ပြုဖြစ်ရင်တော့ သူ့ အိမ် ထောင်ဘက် စိတ်ချမ်းသာမှာပါဗျာ”

တူဝရီးနှစ်ယောက် စကားကောင်းနေကြဆဲတွင် ကိုဘညာဏ် ဆင်းလာပြီး–

“ဖေမောင်ရေ တော်ကြာဆို ငါပြန်လာမှာပါ၊ ဗဟန်းဘက် ဒီ ဒီဇိုင်းလေးတွေသွားပေးလိုက်ဦးမယ်၊ပြန်လာမှ စကားပြောကြတာပေါ့ကွာ”

ဟု နှုတ်ဆက်၏။

http://www.cherrythitsar.org



"ညနေ ခြောက်နာရီခွဲလောက်ကျရင်တော့၊ ကျွန်တော်တို့ သင်္ဘောကို ပြန်လိုက်ဦးမယ်ဗျာ၊ အားတဲ့နေ့ကျမှ လာခဲ့ကြဦးမယ်၊ ခင်ဗျား လည်း မော်လမြိုင်ဘက် လိုက်သွားမလို့ဆို ဒီမှာ ဦးလေးပြောနေတယ်"

"အေးကွလာမယ့်အပတ်ထဲတော့ မော်လမြိုင် သွားဖြစ်လိမ့်မယ် ထင်တယ် ခဏာပါကွာ၊ ငါ့ကိစ္စ မင်းကို ငါ့အဖေ ပြောပြီးပြီလား"

"ကျွန်တော် ကြားပြီးပါပြီ၊ လူကြီးဆိုတော့လည်း ကိုယ့်သားသမီး အခြေတကျ ရှိစေချင်တာပေါ့ဗျာ၊ ကဲ ကဲ ဗဟန်းသွားစရာရှိတာ သွားပေ တော့၊ တော်ကြာဆို ကျွန်တော်တို့လည်း သင်္ဘောပြန်ချေဦးမယ်"

ကိုဘညာဏ်ဗဟန်းရေတာရှည်လမ်းသို့ထွက်လာခဲ့သည်။ တက္ကစီ လှမ်းတားပြီး တက်စီးလာတော့၊ အရင် ကြက်တူရွေး တက္ကစီဝင်းထဲမှာ နေခဲ့တုန်းက ခင်နေသည့် အငှားကားသမား ကိုမြင့်သိန်း၏ကား ဖြစ်နေ သည်။ ကားပေါ်တွင် စကားတပြောပြော လိုက်လာရင်း ကားက ရေတာ ရှည်လမ်းထဲ ကွေ့ဝင်ခဲ့သည်။

"ဟောဟိုက ခြံနံပါတ် ၃၃ ရှေ့မှာ ရပ်ဗျာ ကိုမြင့်သိန်း"

ကားရပ်သည်။ ကျသင့်ငွေလှမ်းပေးပြီး ဆင်ဝင်နှစ်ထပ်အိမ်ပေါ် တက်လာခဲ့၏။

"လာဗျာ ကိုဘညာဏ်"

သခင်ဘသောင်းက ဝမ်းသာအားရ ဆီးကြိုသည်။ ဧည့်ခန်းဆောင် တစ်ခုထဲ ဝင်ခဲ့ကြသည်။ တို့ဗမာအစည်းအရုံးဝင် ဆရာကြီးတချို့ ရောက် နေကြသည်။ ကိုဘညာဏ်က လူကြီးများဘက် ဦးညွှတ်၍ သူ့အတွက် ထိုင် ခုံတွင် ဝင်ထိုင်လိုက်သည်။

ပန်းချီကိုငွေကိုင်၊ ကာတွန်းကိုဘဂျမ်း၊ ဦးဘစိန်နှင့် ဦးအောင်လှ တို့ကိုလည်း ဆုံစည်းရသည်။

ကိုဘညာဏ်က သူ ပုံစံထုတ်လာသည့် ဒီဇိုင်းကို သခင်ဘသောင်း လက်ထဲသို့ လှမ်းပေးလိုက်သည်။

"ကျွန်တော်တို့အစည်းအရုံးကြီးအတွက်ပန်းချီအနုပညာရှင်တွေ ဘက်က အခုလို သိုက်သိုက်ဝန်းဝန်းနဲ့ ဒီဇိုင်းပုံစံတွေ ထုတ်ပေးကြတာ၊ ဝမ်းသာဂုဏ်ယူ ကျေးဇူးတင်မိပါတယ်။ ဆရာများ စဉ်းစားရေးသားလာ ကြတဲ့ အလံ၊ တံဆိပ် ဒီဇိုင်းများကို အစည်းအရုံးမှ လူကြီးများက ကြည့်ရှု

http://www.cherrythitsar.org



စဉ်းစား ရွေးချယ်ပေးဖို့ ပန်ကြားအပ်ပါတယ်ခင်ဗျာ”

သခင်ဘသောင်းကပဏာမ ဂါရဝစကား ပြောကြားလိုက်သည်။

လူကြီးတွေက ပန်းချီဆရာများ ရေးဆွဲလာသည့် ဒီဇိုင်းများကို တစ်ချပ်ချင်း အသေးစိတ်ကြည့်ရှု ဝေဖန်လေ့လာကြသည်။

အစည်းအရုံးဝင် သခင်မလေးတစ်ဦးက လက်ဖက်ရည်နှင့် မုန့်များ လာချပေး၍ သုံးဆောင်ကြရသည်။

လူကြီးများက အကြိမ်ကြိမ် တိုင်ပင်ဆွေးနွေးနေကြသည်။ နာရီ အတန်ကြာမှ ဆရာကြီး ဦးဘချိုက

“မောင်ဘသောင်း ပြောပြလိုက်ပါ”

ဟုသခင်ဘသောင်းကို တိုက်တွန်းလိုက်သည်။ သခင်ဘသောင်း က မတ်တတ်ခဏရပ်ကာ

“ပန်းချီပညာရှင်များက စိတ်အားထက်သန်စွာ တို့ဗမာအစည်း အရုံးကြီးအတွက် အခုလို ကူညီမှုပေးကြတာ အများကြီး ကျေးဇူးတင်ပါ တယ်၊ နာယကလူကြီးများရဲ့ ဆန္ဒတူညီမှုအရ၊ ဟောဒီက ကိုဘညာဏ်ရဲ့ ဒီဇိုင်းကို အများသဘောတူ ကျွန်တော်တို့ ရွေးချယ်လိုက်ပါတယ်ခင်ဗျာ”

အားလုံးလက်ခုပ်တီးကြသည်။ပန်းချီဆရာများက ကိုဘညာဏ်ကို ဝမ်းသာလှိုက်လှဲစွာ လက်ဆွဲနှုတ်ဆက်ကြသည်။

* * *

http://www.cherrythitsar.org



၁၉၃၅ ခုနှစ် အောက်တိုဘာလ (၂)ရက်နေ့။

ကိုဘညာဏ်၏ ဘဝတစ်ကွေ့ ချမ်းမြေ့ခဲ့ရလေသောနေ့။

ကတိုးရွာသူလေး မစိန်ခိုင်မှာ ဖြူဝင်းသောအသားတွင် ရှက်သွေး ရောင် အနည်းငယ်ဖြာနေသည်။ ကျေးရွာ မင်္ဂလာဆောင်ပွဲလေး တစ်ပွဲမို့ ရွှေကြိုး ငွေကြိုးတားသူတွေ ကြားထဲတွင် ကိုဘညာဏ် မနေတတ် မထိုင် တတ် ဖြစ်နေသည်။

သတို့သမီးမစိန်ခိုင်က၊ကိုဘညာဏ်ထက်ငယ်ရွယ်သည်။ အသက် ၂၀ ပင် မပြည့်တတ်သေး။ သူမှာ သားချင်းတွေကလည်း အများသား။ ဒါကို ကာယကံရှင် ကိုဘညာဏ်ပင်မသိ။ သဘော်နားရက်မို့ တကူးတက မင်္ဂလာဆောင် လိုက်လာသော သူငယ်ချင်း ဖေမောင်က မင်္ဂလာမဆောင် မီ တစ်ညက ကိုဘညာဏ်နား ခပ်တိုးတိုးကပ်၍. . .

"ကိုဘညာဏ်ရေ ကျွန်တော်က ခရီးရောက်မဆိုက် ရွာထဲက ကာလသားတွေနဲ့ မိတ်ဆွေဖွဲ့ပြီး လေ့လာစုံစမ်းကြည့်တော့ ဆွေကောင်း၊ မျိုးကောင်း ရိုးရိုးသားသား ဥယျာဉ်ခြံမြေသမား မိသားစုဆိုတာ သိလိုက်ရ တယ်ဗျ၊ ခင်ဗျားမိန်းမရဲ့ အစ်မက မစိန်မြိုင်တဲ့၊ မောင်မောင်ဘ၊ မောင် မောင်မြ၊ မောင်မောင်ခ ဆိုတာတွေက သူ့မောင်လေးတွေ၊ ဘိုကေဆိုတာ လည်း သူ့မောင်လေးပဲဗျ။ မသန်းစိန်နဲ့ မသန်းတင်ဆိုတဲ့ ညီမတွေလည်း ရှိသေးတယ်။ မောင်နှမအုပ်စုတော့ တောင့်တယ်နော်" ဟု ပြောထား၏။

http://www.cherrythitsar.org



ကိုဘညာဏ်က ရန်ကုန်က လာစဉ်မှာပင် ကျေးရွာမင်္ဂလာဆောင်မို့ ဧည့်သည် သိပ်မခေါ်ခဲ့ပေ။ ပုံနှိပ်လောကမှ ဘလောက်ဆရာ ဦးထွန်းရင်၊ ဦးစံလွင်နှင့် လူကြီးတချို့သာ ဖိတ်မန္တကပြု ခေါ်လာခဲ့၏။

ကတိုးသည်မွန်ပြည်နယ်၏ သာယာလှပသော ကျေးလက်ဒေသ တစ်ခုပင်ဖြစ်သည်။ ရေမြေကောင်း၏။ သားငါး အစားအသောက် အသီးအနှံလည်း ပေါ၏။

ကတိုးတွင်ဆွေပြု၊ မျိုးပြု (၇)ရက်နေပြီးမှ ရန်ကုန်ပြန်ခဲ့ကြသည်။ မစိန်ခိုင်မှာ ဇာတိရွာလေးကို မျက်ရည်ဝဲဝဲဖြင့် စောင်းငဲ့ကြည့်ခဲ့ရ၏။

အိမ်ထောင်ရှင် ဘဝအစတွင် လင်ရယ် မယားရယ် လွတ်လွတ်လပ်လပ် နေစေချင်ကြသော တပည့်တွေကလည်း အလိုက်တသိပင် နေရာရွှေ့ဖို့ စီစဉ်ထားကြ၏။

"ဆရာ. . . ကျွန်တော်တို့မော်တင်လမ်းကပွဲစားကြီးဦးမြတ်ထွန်းတိုက်ရဲ့ တောင်ဘက်နားက တိုက်ခန်းတစ်ခန်း ငှားလိုက်ကြပါတယ်"

ကိုဘကြည်က မဝံ့မရဲ စကားစတော့ ကိုဘညာဏ် ဝမ်းနည်းစွာ လှမ်းကြည့်သည်။

"နေဖို့ငှားကြတာလား၊ အလုပ်ခန်းလား မောင်ကြည်၊ မင်းတို့ ဘယ်သူတွေ နေကြမှာလဲ" ဟုမေးသည်။

"ကျွန်တော်နဲ့ ကိုသိန်းဟန် နှစ်ယောက်တည်းပါ. . . ပိုစတာ ဒီဇိုင်းတွေ အလုပ်လက်ခံရင်း သူငယ်ချင်းနှစ်ယောက် အဲဒီမှာနေဖို့ပါ"

"အေးကွာ. . . အဆင်မပြေရင်ဘာမှအားမနာနဲ့နော်. . . ချက်ချင်း ပြန်လာခဲ့ကြ. . . မောင်တိုးကလည်း ဘလောက်လုပ်တဲ့ တိုက်ခန်းမှာ အလုပ်ဝင်ရင်း အဲဒီမှာနေမယ်လို့ ပြောတာပဲ၊ မင်းတို့သွားရင် အေးမောင်တော့ ထားရစ်ခဲ့ပါကွာ၊ ငါ့မှာ တိုင်ပင်စရာ တစ်ယောက်တလေတော့ ရှိဦးမှ"

ကိုဘညာဏ်စကားကြောင့် အားလုံး စိတ်မကောင်းကြ။

"ဒီအတိုင်းဆိုရင်. . . မန္တလေးက မောင်အောင်ခင်ကို ဒီမှာနေဖို့ ပြောဦးမှပဲ၊ သူက အသိဘုန်းကြီးကျောင်း ပြန်ပြန်နေတယ်၊ ဒီမှာဆို အေးမောင်နဲ့ အဖော်ရတာပေါ့"

ကိုဘညာဏ်ကတပည့်တွေနဲ့မခွဲချင်။ ကိုအောင်ခင်မှာ မန္တလေးမှ

http://www.cherrythitsar.org



ဆင်းလာပြီး ကိုဘညာဏ်ထံတွင် ပညာသင်ယူနေသူ ဖြစ်သည်။ ကိုအောင်ခင့်ကိုလည်း သူ သံယောဇဉ်မကင်း။

ဘာသာရေးဆိုင်ရာပန်းချီကားတွေရေးပေးဖို့ သူတို့ အလုပ်လက်ခံပြီး လုပ်ကိုင်နေကြစဉ်က ယုဒသန်ကျောင်းဝင်း အတွင်းက ခရစ်ယာန်ဘုန်းကြီးတစ်ပါးက ကိုအောင်ခင့်ကို အင်္ဂလန်ခေါ်သွားပြီး ပန်းချီကျောင်းတက်ခိုင်းမယ်ဟု ပြောဖူးသည်။ ကိုအောင်ခင့်ကို ဆရာဖြစ်သူ ကိုဘညာဏ်က ပညာရေး ကိုယ်ချင်းစာပြီး ထည့်ပေးလိုက်ချင်သည်။ သို့သော် အသက်က များစွာငယ်ရွယ်သေးသည်။ အသက် ၁၈ နှစ်ပင် မပြည့်တတ်သေး။

“မောင်အောင်ခင်. . . မင်းရဲ့ ပညာရေးခရီးကို ဆရာ တားမြစ်ပိတ်ပင်တာ မဟုတ်ဘူး။ အင်္ဂလိပ်ဘုန်းတော်ကြီးရဲ့ စကား အရိပ်အမြွက်ထဲမှာ ဟိုရောက်သွားရင် ဘာသာရေးအပြောင်းအလဲ ရှိနိုင်တယ်ဆိုတဲ့ သဘောမျိုး ကြားရလို့ ဆရာ စဉ်းစားနေတာပါ” ဟု ပြောမိသည်။ တပည့်ဖြစ်သူကလည်း ကိုဘညာဏ်နှင့်ခွဲပြီး ပြည်ပသို့မလိုက်ချင်သေးဟု ဆိုသည်။ အလုပ်တွေကိုလည်း ကိုဘညာဏ် တော်တော်များများ လက်ခံထားသည်။ လာမည့်နှစ်အတွက် သူ့ကို မြန်မာပန်းချီအသင်း ဥက္ကဋ္ဌအဖြစ် လျာထားကြောင်း သတင်းကလည်း သဲ့သဲ့ထွက်လာသည်။

* * *

http://www.cherrythitsar.org



ပြည်လမ်း ဆရာဖြစ်သင်ကောလိပ် ပရိဝုဏ်မှာ သစ်ရိပ်တို့ဖြင့် စိမ်းမြလျက်၊ နှုတ်ဆက်လက်ဖက်ရည် ပွဲတစ်ခုက ကျောင်းခန်းမဆောင်ထဲတွင် ကျင်းပနေသည်။

ကျောင်းအုပ်ကြီး မစ္စတာကာလပ် သက်ပြည့်ပင်စင်ယူကာ ဇာတိမြေ အင်္ဂလန်သို့ ပြန်ရတော့မည်။ ကျောင်းအုပ်အသစ် မစ္စစကော့ကို အလွှဲအပြောင်းလုပ်ရင်း မိတ်ဖွဲ့စကား ပြောနေသည်။ အမျိုးသမီး ကျောင်းအုပ်မို့ ညင်သာနူးညံ့နေသည်။ ဆရာကြီးဦးဘက ကျောင်း၏ရာဇဝင်နှင့် ပထဝီဝင်ဘာသာရပ် ကထိကဖြစ်သည်။

ကျောင်းအုပ်ကြီးအဟောင်းက. . . မြန်မာပန်းချီဆရာ ကိုဘညဏ်နှင့် ကျောင်းအုပ်ကြီးအသစ်ကို မိတ်ဆက်ပေးနေသည်။

"ဒါ. . . ကျွန်တော်တို့ကျောင်းက ပုံဆွဲဆရာ" ဟု မိတ်ဆက်ပေးနေသည်။ မစ္စစကော့မှာ နွမ်းလျလျ။ ကျန်းမာရေး သိပ်ကောင်းပုံမရ။ လန်းလန်းဆန်းဆန်း မရှိလှ။ မွေးရပ်ဌာနေ ပြောင်းရတော့မည့် ကျောင်းအုပ်ကြီးအဟောင်းက ကိုဘညဏ်နှင့် စကားလက်ဆုံကျနေသည်။

"ပြီးခဲ့တဲ့ ၃၄ ခုနှစ်က မိုးရာသီ ဒုတိယအိမ်တော်ပြပွဲမှာ ပန်းချီကားတွေ တော်တော်ရောင်းလိုက်ရသေးလား" ဟု ကိုဘညဏ်ကို မေးနေသည်။ ကိုဘညဏ်က ရောင်းရကြောင်း ပြောပြမိသည်။

"တော်ဝင်ပန်းချီသိပ္ပံက ကျောင်းအုပ်ကြီးနဲ့ တံခါးဝါကျောင်းအုပ်

http://www.cherrythitsar.org



ကြီးတို့ကို ကျွန်တော်က သတိတရရှိနေပါတယ်လို့ ပြောပေးပါ ဆရာကြီး ခင်ဗျာ”

ကိုဘညာဏ်က သတိတရ မှာတမ်းဆင့်နေမိသည်။

“မြန်မာပန်းချီအသင်းမှာ အသင်းဝင်တွေ ပိုများလာတယ်ဆို” ဟု ကျောင်းအုပ်ကြီးကမေးတော့ ကိုဘညာဏ်က ဦးသုခ၊ ဦးလှတင်၊ ဂီတာ ဦးစိမ်းမောင်တို့ပါ ပါဝင်လာကြောင်း ပြောပြလိုက်သည်။

ခဏကြာတော့ ကျောင်းအုပ်ကြီးအသစ်ကို ကျောင်းဝင်းအတွင်း လိုက်ပြဖို့ လက်ဖက်ရည်နှုတ်ဆက်ပွဲကို ရပ်နားလိုက်ကြသည်။

ကိုဘညာဏ်၏သင်တန်းအချိန်ကိုလည်း ဆရာမကြီးမစ္စစကော့က ခဏဝင်ကြည့်သည်။

ဆရာဖြစ်သင်၊သင်တန်းသားသင်တန်းသူများအား ပုံဆွဲဘာသာရပ် ပို့ချနေသော ကိုဘညာဏ်၏ အသင်အပြအား ဆရာမကြီးက အကဲခတ်နေသည်။ ပြီးတော့မှ တခြားဘာသာရပ်ရှိရာ အတန်းများသို့ ဆရာမကြီး ထွက်ခွာသွားသည်။

* * *

http://www.cherrythitsar.org



ခုတော့ . ဆရာဖြစ်သင်ကောလိပ်ကျောင်းကိစ္စ၊ တခြားလက်ခံထားသော အလုပ်ကိစ္စများကြားမှ အချိန်အားရအောင် ယူနိုင်သရွေ့ယူကာ ဇနီးမစိန်ခိုင်အတွက် ကိုဘညာဏ် လမ်းထွက်တတ်စ ပြုလာသည်။

မစိန်ခိုင်ကရန်ကုန်ကိုမကျွမ်းကျင်သေး။ စကားပြောတော့လည်း အသံဝဲတဲတဲကလေး။ ကိုဘညာဏ်က ဈေးအဖော်လိုက်ပေးရသည့် အခါမျိုးလည်း ကြုံရတတ်ပြီ။

အားသည့် အချိန်ပိုင်းလေးအတွင်း အပျင်းပြေ ရုပ်ရှင်ရုံဘက်၊ တိရိစ္ဆာန်ရုံဘက်လည်း ရောက်သွားတတ်ကြသည်။

ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်၊ မင်္ဂလာဒုံ ကျိုက္ကလို့ ကျိုက္ကလဲ့၊ သဃ်န်းကျွန်း ကျိုက္ကဆံ၊ မိုးကောင်း၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး ဘုရားတွေလည်း ဘုရားဖူး လိုက်ပို့ပေးရသည်။

မစိန်ခိုင်ကပူဆာ၍မဟုတ်။ကိုဘညာဏ်ကအလိုက်တသိ လိုက်ပို့ပေးခြင်းဖြစ်သည်။ ပန်းချီထဲမှာချည်း အာရုံနှစ်နေလျှင် အိမ်ထောင်ရေး ပျော်ရွှင်မှု နည်းပါးသွားမှာ စိုးရိမ်၍ဖြစ်သည်။

မစိန်ခိုင်ကအားလျှင် ကြမ်းတိုက်နေတတ်သည်။ မွန်ပြည်နယ်က ထုံးစံအတိုင်း အုန်းခွံဖြင့် ကြမ်းကို ပြောင်လက်နေအောင် တိုက်နေတတ်သည်။အိုးခွက်ပန်းကန်တွေကလည်းတောက်ပြောင်စင်ကြယ်လို့။ အချက်အပြုတ် အချုပ်အလုပ် အလျှော်အဖွပ်ကလည်း သေသေ

http://www.cherrythitsar.org



သပ်သပ်။

ပြတင်းပေါက်ခန်းဆီးကလေးများ ဆိုလျှင်လည်း တစ်ပတ်တစ်ခါ လောက် လျှော်ဖွပ်နေတတ်သည်။ ကိုဘညဏ် တူမလေးတွေကလည်း သူတို့အဖေ ဦးဘဟန်ဆီ ပြန်သွားကြပြီးဖြစ်သည်။ အစားအသောက် လည်း ဇီဇာမချဲ့တတ်။ ကိုဘညဏ်အတွက်သာ ဖွယ်ဖွယ်ရာရာ ချက်ပြုတ် ပေးတတ်ပြီး သူကတော့ ဘာနှင့်ဖြစ်ဖြစ် မြိန်အောင် ခံတွင်းတွေ့အောင် စားတတ်သည်။

ကိုဘညဏ်တပည့် အေးမောင်က စကားစပ်မိ၍ သူ့အစ်မကို ရယ်စရာတစ်ခု ပြောပြတော့ မစိန်ခိုင် အားပါးတရ ရယ်မိသေးသည်။

"အစ်မနဲ့အိမ်ထောင်မကျခင်တုန်းက တစ်ရက်မှာ ကျွန်တော်က ငါးခေါင်းခြောက် နည်းနည်းဝယ်ပြီး၊ ဘူးသီးနဲ့ ကြော်ချက် ချက်ကျွေး လိုက်တယ်၊ ဟော့ကောင်အေးမောင် ငါးခေါင်းခြောက်က တကယ်စား ကောင်းပါလားကွ၊နေ့တိုင်းချက်ကွာဆိုပြီး၊ ပွဲရုံက ငါးခေါင်းခြောက်အိတ်ကြီး တစ်အိတ်ဝယ်ခိုင်းပါလေရော. . . ဆရာစားချင်တယ်ဆိုတော့ကျွန်တော်လည်း နေ့တိုင်းချက်ရတာပေါ့၊ ကျွန်တော်တို့လည်း ဒီဟင်းပဲ စားကြရတာပေါ့၊ ငါးခေါင်းခြောက်ကို ဒီနေ့ ဘူးသီးနဲ့ချက်ရင် နောက်နေ့ကျ မန်ကျည်းနှစ်ကလေး မဆာလာလေးနဲ့ ကုလားဟင်းလို ဆီပြန်ချက်တယ်၊ တစ်နေ့လာလည်း ဒီဟင်းဆိုတော့၊ ကိုဘကြည်တို့၊ ကိုသိန်းဟန်တို့၊ မောင်းတိုးတို့က ငြီးငွေ့လာကြတာပေါ့၊ ဆရာမသိအောင် အပြင်ထွက်ပြီး ဟိုဟာဒီဟာလေးတွေ ဝယ်စားကြတယ်၊ ဆရာကတော့ နေ့တိုင်း အဲဒါပဲ စားနေတော့တာပဲ။ ကျွန်တော်ပါ ထမင်းစားချိန် သူ့နားမရှိရင် မကောင်း တတ်တော့ ကျွန်တော်က ကျိတ်မှိတ်ပြီး စားနေရတာပေါ့၊ တော်ပါသေးရဲ့ အစ်မရယ် ငါးခေါင်းခြောက်အိတ်ကြီး တစ်ဝက်ကျိုးခါနီးလောက်ကျမှ ဆရာ့အဖေ ဦးဘအို ပန်းတနော်က ရောက်လာပေလို့သာပေါ့၊ အဘိုးကြီး ရောက်လာတော့မှ တခြားဟင်းတွေ ချက်စားကြရတော့တယ် အစ်မရေ။ ဆရာက . . . ပန်းချီရေးနေပြီဆိုရင်လည်း တခြားဘာမှ မသိတော့တာ။ ထမင်းမေ့ ဟင်းမေ့ပဲ။ အကြောင်းမရှိရင် အပြင်ကို မထွက်တတ်တာ။ အခု အစ်မရောက်လာမှသာ လမ်းလျှောက်ပြီး ဟိုသွားဒီသွား သွားတတ် တာ။ မှတ်မှတ်ရရ သူတစ်ယောက်တည်းတုန်းက. . . တစ်ခါလား နှစ်ခါ

http://www.cherrythitsar.org



လားပဲ ၁၉ လမ်းဘက်ထွက်ပြီး စိတ်လိုလက်ရ ဆီချက်ခေါက်ဆွဲ ထွက်ဝယ်စားတာ ကြုံဖူးတယ်၊ ဒီလောက် နေကုန်နေခန်း အညောင်းမိနေတာ၊ နေ့တိုင်း လမ်းလျှောက်ထွက်ဖို့ကောင်းတယ်၊ ခပ်ဝေးဝေးလေး လျှောက်ပေးသင့်တယ်၊ ငယ်တုန်းတော့ မသိသာဘူးပေါ့ အစ်မရယ်၊ လူက ခန္ဓာကိုယ်လှုပ်ရှားမှု နည်းတော့ အသက်ကြီးလာရင် အညောင်းမိတာတွေစုပြီး ဒူလာတို့၊ ဘာတို့ ဖြစ်မှာတောင် စိုးရိမ်ရတယ်"

အေးမောင်စကားကြောင့် မစိန်ခိုင် ပြုံးနေသည်။

သူတို့နှစ်ယောက်စကားကောင်းနေဆဲတွင်၊ ကိုဘဉာဏ် ကျောင်းမှ ပြန်ရောက်လာသည်။

တိုက်ပုံအင်္ကျီကိုချိတ်မှာချိတ်ထားခဲ့ပြီး၊သူတို့နားလာထိုင်ကာ. . .

"ကျောင်းအုပ်ဆရာမကြီး မစ္စစကော့က လန်ဒန်ပြန်ရလိမ့်မယ်၊ ကျန်းမာရေး မကောင်းလို့လေ. . . သူ့နေရာကို ဆရာကြီးဦးဘက တာဝန်ယူရလိမ့်မယ်၊ ဆရာကြီးက. . . ဆရာဖြစ်သင် ကောလိပ်ကို မျက်စိပသာဒ ဖြစ်အောင်လုပ်ဖို့ ဒီနေ့ တိုင်ပင်တယ်" ဟုပြောသည်။ မစိန်ခိုင်က . . . ကိုဘဉာဏ်အတွက် ဆေးပြင်းလိပ်နှင့် ရေနွေးကြမ်းအိုး လာချပေးရင်းက. . .

"ဆရာကြီးဦးဘက ဘယ်လိုတိုင်ပင်လဲအစ်ကို" ဟု မေးသည်။

"ဆရာဖြစ်သင်ကောလိပ်ရဲ့ ကျောင်းခန်းမမှာ နံရံပန်းချီကားကြီးနှစ်ကား မျက်နှာချင်းဆိုင် ရေးပေးရလိမ့်မယ်၊ ငါက စကေးကိုက် ၆ ပေ၊ ၁ ပေ နာမူနာပုံကြမ်း အကွက်ချပြီး အကွက်တစ်ကွက်ကို ၁ ပေစကေးနဲ့ရေးပြီး ပုံကြမ်းထုတ်ကြည့်မယ်၊ အဲဒီကားကြီးတွေ ရေးရင် အေးမောင်ရေမင်းရော၊ မောင်ကြည်ရော၊ သိန်းဟန်ရော ဝိုင်းလုပ်ကြရလိမ့်မယ်" ဟု အေးမောင်ကိုပြောသည်။

"အစ်ကိုက. . . ဘယ်လိုပုံတွေ ရေးမယ်လို့ စိတ်ကူးထားလဲ" မစိန်ခိုင်က မေးသည်။ ဆေးပြင်းလိပ်ဖွာရင်း ကိုဘဉာဏ် စဉ်းစားနေသည်။ ခဏကြာမှ. . .

"တောတောင်ကြီးထဲမှာညနေ. . . နေဝင်ခါနီး တိရစ္ဆာန်ပေါင်းစုံရေသောက်ဆင်းနေတဲ့ပုံကို နံရံတစ်ဖက်မှာရေးမယ်၊ မျက်နှာချင်းဆိုင် နံရံမှာတော့ တို့ မြန်မာကျေးရွာက လှေကြီးတစ်စီးပေါ်. . . ဆန်တွေ၊ အသီး

http://www.cherrythitsar.org



အနှံတွေ ကုန်တင်ကုန်ချလုပ်နေကြတဲ့ ဆိပ်ကမ်းသာယာပုံလေးတွေကို နံရံပန်းချီကားကြီး ရေးမယ်” ဟု ပြောသည်။

“တော်တော်အသေးစိတ် လုပ်ရမယ့် အလုပ်ပဲနော်ဆရာ” အေးမောင်က စိတ်လှုပ်ရှားပြီး ပြောသည်။

“ဥရောပနိုင်ငံတွေမှာဒီလိုပန်းချီကားကြီးတွေကို ဗျူရယ်ပန်းချီလို့ ခေါ်တာပေါ့ကွာ၊ နံရံမှာရှိတဲ့ အင်္ဂတေနဲ့ ထုံးတွေကို စို့ရိုက်ပြီး ခွာချကြရမယ်၊ ထုံးမထည့်ပဲနဲ့ ဘိလပ်မြေနဲ့ သဲကို အချိုးကျရောစပ်ပြီး ပြန်ကပ်ရမယ်၊ နည်းနည်း အစိုဓာတ် ခြောက်လာပြီဆိုရင်. . . မျက်နှာပြင်ချောအောင် အုန်းခွံနဲ့တိုက်ရမယ်၊ အဲဒီအပေါ်မှာ ပုံကြမ်းနမူနာ ထုတ်ထားတဲ့ စကေးအတိုင်း စကေးအလိုက် အကွက်ချရလိမ့်မယ်၊ အကွက်ချပြီးမှ ပုံကြမ်းလောင်းရမှာကိုး”

“ရေးတော့ ဘယ်လိုဆေးမျိုးနဲ့ ရေးမှာလဲဆရာ. . .”

“ဘော်ဒီကာလာလို့ခေါ်တဲ့ ရေဆေးနဲ့ရေးမှာ. . .”

“ဥရောပနိုင်ငံမှာတော့ နံရံကို ဒီလိုပဲခွာချပြီး ရေးကြတာလား ဆရာ”

“သူတို့ဆီမှာလည်းနံရံပန်းချီ ရေးတော့မယ်ဆိုရင် ခွာချကြရတာပဲ၊ ဒါပေမဲ့ သဲနဲ့ ဘိလပ်မြေကို မသုံးဘဲ ကျောက်ပလာစတာ အမှုန့်ကို ရေနဲ့ ပျစ်ပျစ်ဖျော်ပြီး ခွာချထားတဲ့ နေရာတွေမှာ ပြန်ကပ်ထားတယ်၊ မျက်နှာပြင် ချောအောင်လုပ်တယ်၊ အကွက်ချတယ်၊ ပြီးမှ ကောက်ကြောင်းရေး၊ ဆေးရောင်သွင်းတယ်၊ ငါတော့ စိတ်ကူးထားတာ ရှိတယ် အေးမောင်”

“ပြောပါဆရာ”

“အတွေ့အကြုံရအောင်. . . နံရံမှာ အကွက်ချတဲ့အခါ မင်းကို အကွက်ချခိုင်းမယ်၊ အောက်ခံဆေးကိုလည်း မင်းကိုပဲ ဖြည့်ခိုင်းမယ်၊ မောင်ကြည်ကိုတော့ ဟပ်ဖ်တုန်း အရောင်တစ်ဝက် သွင်းခိုင်းမယ်၊ နောက်ကျန်တဲ့အရောင်တွေကျမှ ငါကိုယ်တိုင် လက်စသတ်မယ်”

“ကိုသိန်းဟန်တို့ ကိုဘကြည်တို့ပါတော့ ပိုပြီး အလုပ်သွက်တာပေါ့ဆရာ”

“ဆရာကြီးဦးဘက၊ မောင်ကြည့်ကို အလယ်တန်း ဆရာဖြစ်သင်

http://www.cherrythitsar.org



တန်း တက်ခိုင်းမယ်လို့ ပြောတာပဲ။ ထောက်ပံ့ကြေးလည်း ရသလို၊ ငါ့ကိုလည်း ကျောင်းမှာ အနီးကပ် ကူညီနိုင်အောင်ပေါ့ကွာ၊ သိန်းဟန်အတွက်ကိုတော့ ဆရာကြီးက သီးသန့်အသုံးစရိတ် ပံ့ပိုးမှာပါ”

“ပန်းချီကားကြီးတွေ ပြီးသွားရင်တော့ ဆရာတို့ကျောင်းကိုလူကြီး တွေ လာကြည့်ကြမှာပေါ့နော်”

“ဆရာကြီးဦးဘနဲ့ တက္ကသိုလ်အဓိပတိ ဒေါက်တာဦးဆက်နဲ့စကားစပ်မိတော့ ဦးဆက်က ဝမ်းသာအားရ အားပေးစကားပြောတယ်တဲ့”

“ညနေကျကိုဘကြည်တို့အလုပ်ခန်းသွားလည်ရင်း၊ ကိုသိန်းဟန်နဲ့ ကိုဘကြည်ကို ဒီကိစ္စ ကျွန်တော် ပြောခဲ့ဦးမယ်ဆရာ”

“အေးကွာနောက်ကိစ္စတစ်ခုက ဆရာကြီးဦးဘက ငါ့တို့မိသားစုကို တက္ကသိုလ်ဝင်း၊ ပုဂံလမ်းထဲကအိမ်မှာ ပြောင်းနေဖို့ ပြောနေတယ်။ ငါက အလုပ်လုပ်နေတဲ့ ကျောင်းနဲ့လည်း နီးနီးကပ်ကပ် ပိုရှိအောင် ဆရာဖြစ်သင် ကောလိပ်ကျောင်းဝင်းထဲက ယောက်ျားလေးဆောင် အပေါ်ထပ်အရှေ့ဘက်ခြမ်းနေရာလေး ကောင်းမလားလို့၊ ဆရာကြီးကတော့ ပုဂံလမ်းကအိမ်မှာ ခဏနေပြီးမှ ငါပြောတဲ့အခန်း အားတဲ့အခါ ပြောင်းချင်ပြောင်းပေါ့ကွာလို့ ဆိုတာပဲ၊ ကျောင်းဝင်းထဲ ပြောင်းနေပြီဆိုရင် အိုးဝေမဂ္ဂဇင်းအယ်ဒီတာတွေနဲ့လည်း မကြာမကြာ တွေ့ရမှာပေါ့၊ အိုးဝေမဂ္ဂဇင်းအတွက်လည်း ပန်းချီတွေ ဝိုင်းကူရေးပေးရမှာပေါ့။ အဲဒီ့ဘက်ပြောင်းတာတစ်နည်းအားဖြင့်တော့ ကောင်းပါတယ်ကွယ်၊ ဟိုမှာ အိမ်လခကုန်စရာမလိုတော့ဘူးပေါ့”

* * *

http://www.cherrythitsar.org



သမီးလေး. . . တဲ့။

ကိုဘညာဏ်ရင်ထဲတွင် သိမ့်ခနဲ ခံစားလိုက်ရသည်။ လောက၏ စိမ်းလန်းသောလေပြည် အထိတွေ့ကြောင့် 'အဲ့' 'အဲ့' ဟု ငိုလိုက်သံလေးက ဘဝအတွက် ကမ္ဘာကြီးကို နှုတ်ဆက်ခြင်းအသံ။

သူ့ဘဝနှင့် လုံခြုံမှုအပေါ် မိခင်အပေါ်တွင်အပ်နှံထားချိန်။ မိခင်၏ မေတ္တာပြည့်ဝသော နို့ရည်ဖြင့် သမီးလေးထံမှ ဒေါသသင့်ခြင်းများအား ဖယ်ရှားနေချိန်။ ခဏငိုပြီး ပြန်အိပ်သွားမှာလား။ ယုယခြင်းများကို လိုလားစွာ ငိုရှိုက်ခဲ့ခြင်းလား။

သမီးလေး၏ယုံကြည်စိတ်ချရမှုအတွက် နွေးထွေးသောလက်ဖြင့် ပွေ့ပိုက်မိသည်။

ချစ်စရာကောင်းသော သမီးဦးကို ချီပွေ့ထားရင်းမှပင် ဆရာဖြစ်သင်ကောလိပ် ကျောင်းဝင်းထဲ၌ သင်တန်းသားတစ်ဦးကို တစ်နာရီ ၁၂-ကျပ်နှုန်းဖြင့် ကိုဘညာဏ် ပန်းချီသင်တန်းပေးခဲ့သည်။

ဆရာကြီးဦးဘ၏ စီစဉ်ကူညီပေးမှုဖြင့် ပဲခူးတိုင်း မင်းလှမြို့ ဆရာဖြစ်သင်ကျောင်းသို့အေးမောင်တစ်ယောက်ပုံဆွဲနည်းပြ ဆရာအဖြစ် ပြောင်းသည့်နေ့က၊သူ့ရင်ခွင်ထဲမှာသမီးလေးသာ မရှိခဲ့လျှင် နှစ်ရှည်လများ အတူနေလာရသော တပည့်နှင့် ခွဲခွာရခြင်း စိတ်အာရုံကို ဖြေသာနိုင်မည်မဟုတ်။

http://www.cherrythitsar.org



ဩဘ်ဒါကြောင့်လည်း ဘဝမှာ သံယောဇဉ်ကွက်လပ် အစားထိုး စရာရအောင် ကျေးဇူးရှင်ဖခင်ကြီးက နောင်အရှည် ရှေးရေးမျှော်တွေး၍ မိမိကို အိမ်ထောင်ပြုစေခဲ့ခြင်းပါလားဟု တစ်စတစ်စ နားလည်လာ ရသည်။

"အစ်ကို ပန်းတနော်ဆရာတော် ဦးသုမနဆီက စာလာတယ်"

သမီးလေးကို နို့တိုက်ဖို့ မစိန်ခိုင်က လှမ်းယူရင်း စာတစ်စောင် ပေးသည်။ စာအိတ်ကို ဖွင့်ဖောက်ဖတ်သည်။ စာထဲမှာ ဆရာတော်က တိုတိုနှင့် လိုရင်း ရေးထားသည်။

"ဘဉာဏ်၊ မင်းတို့ကလေးကို မမြသန်းလို့ နာမည်ရွေးပေးလိုက် တယ်၊ မင်းအဖေ ဦးဘအိုက ငါ့ကို မွေးရက်မွေးနေ့ လာပြလို့၊ ငါတွက် ချက်ပြီး ရွေးပေးလိုက်တယ်"

ဟုစာထဲမှာပါလာသည်။ကိုဘဉာဏ်ကမစိန်ခိုင် ဝမ်းသာအောင် ပြောပြလိုက်သည်။

"အစ်ကိုက သမီးလေးရှိလာလို့ ထင်ပါရဲ့။ အစ်ကိုရေးတဲ့ ကလေး ကဗျာ စာအုပ်ထဲက ပုံလေးတွေ သိပ်ချစ်စရာကောင်းတာပဲ၊ သမီးလေးကြီး လာရင် ကြည့်ဖို့ ပုံလေးတွေလားဟင်. . . အစ်ကို"

မစိန်ခိုင်က ကနွဲ့ကလျပြောပြီး၊ ကိုဘဉာဏ်ပခုံးကို မှီထားသည်။ ကိုဘဉာဏ် ပြုံးနေသည်။

တက္ကသိုလ်မှ ကဗျာဆရာ မင်းသုဝဏ်ရေးသည့် 'မောင်ခွေးဖို့' ကလေး ကဗျာစာအုပ်အတွက် သပြေသီးကောက်၊ ဥပုသ်စောင့်၊ ရွှေခဲ ကြက်တူရွေး၊ တောက်တဲ့၊ ပုခက်လွှဲ၊ ပန်းသည်၊ ဝက်ပါ၊ ကြွက်ကလေး။ သူရေးပေးရတဲ့ ပုံလေးတွေ။

"မနက်ဖြန်ကျရင် မေ့နေဦးမယ်နော် အစ်ကို"

မစိန်ခိုင် သတိပေးတော့မှ ဗြိတိသျှဘားမား ရုပ်ရှင်မှ ဒါရိုက်တာ ဦးချန်ထွန်း ဖိတ်စာပေးထားတာ သတိရသည်။ ခင်မောင်ရင် ပါဝင်သော 'သူဇာ' အထူးပွဲ။

"ဇာတ်ဝင်ခန်းအရ ဘတင့်က ပန်းချီဆရာဆိုတော့၊ ရုပ်ရှင်တစ် ကားလုံး၊ ကိုငွေကိုင်ပန်းချီကားတွေ ဝေဝေဆာဆာ ထည့်ရိုက်ထားတာ ပြချင်တာရယ် ပန်းချီဆရာသဘာဝ ပေါ်မပေါ် ဝေဖန်ထောက်ပြ ပေးဖို့

http://www.cherrythitsar.org



ရယ် ကိုဘညာဏ်ကို ဖိတ်စာလာပို့တာပါ။ မြန်မာပန်းချီ အသင်းက အတွင်းရေးမှူး ဦးသန်းနဲ့ ကိုငွေကိုင်ကိုလည်း ဖိတ်ထားပါတယ်" ဟု ဦးချန်ထွန်းက ပြောသွားသည်။

"ပန်းချီကိုရုပ်ရှင်မှာပထမဆုံး ပွဲထုတ်ပေးတဲ့အတွက် ဦးချန်ထွန်းတို့ ကို ကျေးဇူးတင်ပါတယ်"

ဟု ကိုဘညာဏ်က စိတ်ရင်းအမှန် ပြောလိုက်မိသေးသည်။

"ရုပ်ရှင်အထူးပွဲသွားကြည့်ရင်၊ညီမလေးလည်း လိုက်ရမယ်နော်"

ကိုဘညာဏ်က မစိန်ခိုင်၏ ရင်ခွင်ထဲမှာ သမီးလေး၏ ပါးပြင်မို့မို့ကို တယုတယ ငုံ့နမ်းရင်းပြောတော့

"ဟာ အစ်ကိုကလည်း ရုံထဲမှာ. . . သမီးက ထငိုနေမှဖြင့်"

ဟု ပြုံးထွေ့ထွေ့လေး ပြောသည့်အတွက်

"သေးစိုစို၊ ထငိုငို အစ်ကို ချော့မှာပေါ့၊ လိုက်မှာသာ လိုက်ခဲ့ပါ"

ဟုကိုဘညာဏ်က မစိန်ခိုင်၏ နားရွက်လေးနားကပ်ပြီး ခပ်တိုးတိုးလေး ပြောလိုက်တော့၊ မစိန်ခိုင်က မျက်စောင်းလေးချီပြီး ပြုံးနေသည်။

"ဩော်. . . အစ်ကို မရှိမသေ ဟိုမှာ အနှီးလွင့်ကျနေပြီ"

မစိန်ခိုင်စကားကြောင့် ကိုဘညာဏ်က၊ အခန်းရှေ့ မြက်ခင်းပြင်တွင် ကြိုးတန်းပေါ် လှန်းထားသော၊ သမီးလေး၏အနှီး လွင့်ကျနေသည်ကို ပြေးကောက်လိုက်သည်။

* * *

http://www.cherrythitsar.org



၁၉၃၉ ခုနှစ် စက်တင်ဘာလ။ ဥရောပ တစ်ခွင်တွင် ဒုတိယ ကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားခဲ့ပေပြီ။ အိပ်မက်ဆိုး၊ ပန်းချီဆေးစက်များ ကြားမှာ မြှုပ်နှံထားရသော သူ့ဘဝကို အိပ်မက်ဆိုးကြီးက သွက်သွက်ခါ အောင် လှုပ်နိုးလိုက်သည်။ စစ်တဲ့။ မုန်းစရာကြီးပါလား။ မုန်းစရာ ကောင်းသလို ကြောက်စရာလည်း ကောင်းလှသည်။ ဒုတိယကမ္ဘာစစ်။ လက်နက်အားကိုးစစ်။ ကမ္ဘာကြီးတစ်ခုလုံး အက်ကွဲတုန်ခါနေသော စစ်။ ၁၉၄၁ ဒီဇင်ဘာ (၂၃)ရက်။ ဂျပန်လေတပ်က ရန်ကုန်မြို့ကို ဗုံးကြဲပြီ။ တိုက်တွေပြို။ လူတွေ အတုံးအရုံး။ လမ်းတွေပျက်။ ကားတွေမှောက်။ ရန်ကုန်ကား၊ အိပ်မက်ဆိုးကြီးကြားတွင် မီးဟုန်းဟုန်း တောက်နေပါပြီ။

"ကိုဘညာဏ်. . . မင်းတို့မိသားစု ပန်းတနော်ကို ပြေးလာခဲ့"

"ကိုဘညာဏ်. . . ညောင်လေးပင်ကို လာခဲ့ပါဗျာ"

"မစိန်ခိုင်. . . နင်တို့မိသားစု. . . ကတိုးကို ပြေးလာလေ"

ဟိုကခေါ် . . . ။သည်ကခေါ် . . . ။ ဟိုကလှမ်းမှာ။ သည်ကလှမ်း မှာနှင့်။ ဘာလုပ်ရမှန်းမသိ။ ကြောင်တောင်တောင်ကြီး ခံစားနေရသည်။

"ဆရာ. . . ဆရာ့ညီက. . . ဆရာတို့ ပစ္စည်းတချို့ ညောင်လေး ပင်ကို ပို့လိုက်ပါတဲ့၊ ကျွန်တော် ကားငှားပြီး ပို့ပေးရမလားဆရာ"

တပည့် မောင်အောင်ခင်က မေးလှသည်။

"အေးကွာ. . . ဘာတတ်နိုင်မလဲ၊ ဟောဒီပစ္စည်းတွေ ထင်းရှူး သေတ္တာတွေနဲ့ထည့်၊ လော်ရီကားကြီး တစ်စင်းငှားပြီး၊ ငါ့ညီဘဖန်ဆီ ပို့လိုက်ပေတော့" မောင်အောင်ခင့်ကို ခိုင်းရသည်။

http://www.cherrythitsar.org



"အစ်ကို. . . အစ်ကိုလည်း စစ်ပြေးဖို့ ညောင်လေးပင်က ဘဖန် ဆီကို ပစ္စည်းတင်တဲ့ကားနဲ့ လိုက်သွားနှင့်ပါ. . . အဖေလည်း ကောင်း ကောင်း နေကောင်းတာ မဟုတ်ဘူး၊ ကျွန်တော်တို့ နောက်ရက်မှာ ကြံ့ရာ နဲ့ လိုက်လာခဲ့မယ်"

ဖခင်ကြီး ဦးဘအိုကိုပါ လော်ရီကားရှေ့ခန်းမှ တင်ပေးလိုက်ရ သည်။

"မောင်အောင်ခင် မင်းရော ညောင်လေးပင် လိုက်သွားမှာလား"

တပည့်လေးကို မေးသည်။

"ဆရာ ကျွန်တော် မန္တလေးပြန်ဦးမှ ဖြစ်မယ်" တဲ့။

"အေးကွာ မင်းဇာတိပေကိုး၊ ကဲ ကဲ. . . မင်းသဘောပဲ"

မော်တင်ဘက်မှာနေသောသူ့အစ်ကိုကိုဘစံ၏သမီး မသိန်းလှတို့ လင်မယား ဘယ်များပြေးဖို့ စီစဉ်ထားကြသလဲဆိုတာ တိုင်ပင်ရန် တူ တူမတွေဆီ ပြေးကြည့်တော့၊ သူတို့လည်း မရှိကြတော့ပြီ။ ဘေးပတ်ဝန်း ကျင် မေးကြည့်သည်။ စုံစမ်းကြည့်သည်။ ပန်းတနော်သို့ ပြေးကြပြီတဲ့။

"အစ်ကို ညီမတို့ ဘယ်ကိုပြေးကြမလဲ"

မစိန်ခိုင်က ငိုကြီးချက်မဖြင့် မေးသည်။

"အဖေကသွေးဝမ်းတွေသွားနေရင်းကညောင်လေးပင်လိုက်သွား ရရှာတာ၊ အဖေ့ကို စိုးရိမ်တယ်။ အစ်ကိုတို့လည်း ညောင်လေးပင်ကိုပဲ ပြေးကြတာပေါ့"

နောက်ရက်ကျတော့ ကြံ့ရာကားဖြင့် သူတို့လင်မယား ညောင် လေးပင်ကို လိုက်ကြသည်။ မစိန်ခိုင်အတွက်လည်း လမ်းမှာ ရင်တထိတ် ထိတ်။ သူ့မှာက နောက်ကိုယ်ဝန်နှင့် လမ်းမှာ သမီးလေးလည်း ခရီးပန်း ရှာသည်။ လမ်းမှာ ဂျပန် လေယာဉ်ပျံတွေက ဗုံးတွေတအား ကြဲချနေ၍ ခရီးကမတွင်။ မကြာခဏ ကားပေါ်မှဆင်းပြီး လယ်ကွင်းထဲ ပြေးပြေးဝပ် ကြရသည်။ ကြံ့ရာလယ်တဲပျက်တွေထဲမှာ တိုးဝှေ့ အိပ်စက်ကြရသည်။ ပါလာသော အစားအစာ အခြောက်အခြမ်း ထုပ်ကလေးတွေ ဖြေကာ ရေနှင့် မျှောချကြရသည်။

"ကြောက်လိုက်တာ အစ်ကိုရယ်"

မစိန်ခိုင်က အသံတွေပင် တုန်နေသည်။ တစ်ကိုယ်လုံးလည်း

http://www.cherrythitsar.org



ရုပ်ပျက်ဆင်းပျက် ဖုန်အလူးလူး။ သဲအလူးလူး။

တစ်ပတ်ကျော်မှ ညောင်လေးပင်ရှိ ဘဖန်နှင့် ဆုံမိကြသည်။ မျက်နှာရိပ် မျက်နှာကဲ မကောင်းလှ။

ဖွတ်မေးတော့မှ၊ ကျေးဇူးရှင် ဖခင်ကြီး မမျှော်လင့်ဘဲ ဆုံးသွားပြီ ဟု ပြောရှာသည်။ ညောင်လေးပင်မှာပင် ဖြစ်သလို ကြုံသလို၊ မြှုပ်နှံ သင်္ဂြိုဟ်လိုက်ကြရပြီတဲ့။

"မော်လမြိုင် ကတိုးကို၊ ဒီက ဘယ်လိုသွားရင် ရောက်နိုင်မလဲ ကိုဘဖန်"

မစိန်ခိုင်က ခဲအိုဖြစ်သူကို မေးနေသည်။

"ဒီကတစ်ဆင့်ရွှေကျင်၊ရွှေကျင်ရောက်ရင်၊ရေလမ်းက သမ္ဗန်ငှား လို့ ရရင်တော့ အဲဒီ့ဘက် ရောက်နိုင်ပါတယ်"

"ကျွန်မတော့ ရွာကိုပြန်ချင်တယ် ရွာမှာပဲ မီးဖွားချင်တယ်"

"သူ့ဆန္ဒကိုလိုက်လျောလိုက်ပါ ကိုဘညဏ်ရာ၊ သွားလာရေးကိစ္စ အတတ်နိုင်ဆုံး ကြိုးစားကြည့်ကြတာပေါ့"

ကိုဘဖန်ကခယ်မအဖြစ်ကိုမကြည့်ရက်၍ ရွာ မရောက် ရောက် အောင် ပို့ပေးဖို့ ညောင်လေးပင်မှ မိတ်ဆွေများနှင့် တိုင်ပင်စီစဉ်နေသည်။ ကျဉ်းထဲကျပ်ထဲမှာပင် မြို့ခံတချို့က၊ စစ်သတင်းကို၊ ဟိုက သည်က ရသ မျှ ဖောက်သည်ချနေကြသည်။ တောနေ လူတန်းစားကား၊ ရိုးသားပြီး သနားဖို့ကောင်းသည်။ တချို့က သတင်းစာ ဖတ်ရကောင်းမှန်း မသိ။ ရေဒီယိုဆိုတာ သီချင်းနားထောင်ဖို့ သက်သက်ဟုသာ သိသူက သိကြ သည်။ ကမ္ဘာကြီးမှာ ဘယ်သူတွေက စစ်ကိုလိုလား၍ ဘယ်သူတွေက စစ်မုန်းယိုနေသူတွေကို ပူးပေါင်းတိုက်ခိုက် လိုက်ကြရသည်ကိုလည်း မသိ။ အကြာကြီး အိပ်မောကျနေသူတွေလို ဖြစ်ပြီးမှ လောင်မြိုက်ဖို့ အစပျိုး နေတာ ကာလကြာပြီဖြစ်သည့် ကမ္ဘာ့စစ်မီး၊ မီးတောက်မီးလျှံကြီးက ထလောင်ဖို့ အချိန်တန်၍ ဟုန်းခနဲထကာ တောက်လောင်ပြီး ထိုးစစ်မီးလျှံ ကြီးက အရှေ့တောင်အာရှကို ကူးစက်ပျံ့နှံ့လာပြီဆိုတော့မှ အသည်းတုန် အူတုန် ကြောက်လန့်တကြား၊ ပြေးလွှားကြရှာသော သူတို့အဖြစ်မှာ သနားဖွယ်ရာ။

* * *

http://www.cherrythitsar.org



၁၉၄၂၊ ဂျပန်ခေတ်။

ဆရာဖြစ်သင် ကျောင်းအုပ်ကြီး ဦးဘထံမှ စာတစ်စောင် လူကြုံဖြင့် ကတိုးရွာသို့ ရောက်လာသည်။

မောင်ဘညဏ်

ရန်ကုန်မှာတော့ ဂျပန်တွေရောက်နေပြီ။ အုပ်ချုပ်ရေးတော့ နေသားတကျ ပြန်ဖြစ်သလောက်ပါပဲ။ ရုံးတွေ ကျောင်းတွေ ပြန်ဖွင့်နေတယ်။ မောင်စံဝင်း က ပြည်လမ်း မြေနီကုန်း ထောင့်အိမ်မှာနေတယ်။ မောင်ဘကြည်က ဗဟန်း (၂)လမ်းမှာနေတယ်။ ပန်းချီမောင်ငွေကိုင်က ရုပ်ရှင်ခြံဝင်းထဲ ရောက်နေတယ်။ ဆရာတို့ ဆရာဖြစ်သင်ကောလိပ်လည်း ပြန်ဖွင့်မယ်။ အရင်နေရာတော့ မဟုတ်တော့ဘူး။ မောင်ဂိုမာရီလမ်းက၊ ကွန်ဗင့်ကျောင်း အောက်ထပ်မှာ ပြန်ဖွင့်မှာဖြစ်တယ်။

အင်္ဂလိပ်အုပ်ချုပ်ရေး ခေတ်တုန်းက သင်ရိုးမကုန်ခဲ့တဲ့ သင်တန်း သားတွေနဲ့ မြန်မာကိုးတန်းသမားတွေအတွက် ဖွင့်မှာဖြစ်တယ်။ ပန်းချီ နည်းပြဆရာ အလုပ်ပြန်ဝင်ဖို့ ရန်ကုန်ကို. . . မောင်ဘညဏ် ပြန်လာ နိုင်ရင် လာခဲ့ဖို့ ဆရာကြီး အကြောင်းကြားတာပါ။

တကယ်လို့ မောင်ဘညဏ်တို့ လာဖြစ်တယ်ဆိုရင်. . . ကွန်ဗင့် ကျောင်းအပေါ်ထပ်က ‘ဂျာမန်ကလပ်’ မှာ နေထိုင်ဖို့ ဆရာကြီး စီစဉ်ပေး ပါ့မယ်။ စစ်ဘေး စစ်ဒဏ်တော့ မောင်ဘညဏ်တို့လည်း တော်တော်ခံ

http://www.cherrythitsar.org



လိုက်ကြရမှာပေါ့။

ဒါပေမဲ့ ဆရာဆိုတာ တပည့်တွေအတွက် အသက်ရှင်နေသမျှ မေတ္တာ စေတနာထား သင်ပြပေးသွားကြရမှာပဲ မဟုတ်လား။

ဆရာဘ

ဆရာကြီး ဦးဘထံမှစာက၊ ကိုဘညဏ်၏ နှလုံးသားကို လှုပ်နိုးခဲ့ပြန်သည်။ ပါရမီဖြည့်ဖက် မစိန်ခိုင်ကတော့ ခင်ပွန်းသည်အား စိတ်အနှောင့်အယှက် တစ်စုံတစ်ရာ ဘာမှမပေးခဲ့။

ဇနီး သမီးကြီးနှင့် သားလေးကိုခေါ်ကာ ပစ္စည်းပစ္စယ အနည်းငယ် နှင့် ကိုဘညဏ်တို့ ရန်ကုန်တက်လာခဲ့ကြပြန်သည်။

လော်ကယ်ရထားက တအိအိမောင်းလာရင်း၊ ဟိုရပ် ဒီနားနှင့် တော်တော်ကြာသွားသည်။

"ဆရာ"

ပဲခူးဘူတာအရောက်၊ ဓာတ်ဘူးနှင့် ကော်ဖီဆင်းအဝယ်၊ ပြေး၍ အားပါးတရဖက်လိုက်သော အတွေ့အထိကြောင့် ကြည့်လိုက်ရာ တပည့်ရင်း မောင်အေးမောင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ စစ်မဖြစ်မီက မင်းလှတွင် ပုံဆွဲဆရာလုပ်ဖို့ မိမိထံမှထွက်သွားသော တပည့်ရင်း၊ မစိန်ခိုင်ကလည်း ဝမ်းသာနေသည်။

"ကျွန်တော် ပဲခူးမှာ ပြန်ရောက်နေတယ်ဆရာ၊ သမီးလေးတောင် တော်တော်ကြီးနေပြီနော်"

"အေး ဟောဒါက ကတိုးရွာမှာမွေးတဲ့ သားလေး"

"ဆရာတို့ ရန်ကုန်ကိုသွားကြမှာလား"

"ဟုတ်တယ်၊ မင်းလိုက်ခဲ့ပါလား၊ ငါတို့ အလုပ်တွေ ပြန်လုပ်ကြရ အောင်"

"လိုက်မယ်ဆရာ ခဏလေး"

မောင်အေးမောင်ကဆိုက်ကားသမားတစ်ယောက်ဆီပြေးသွားပြီး

"ငါနေတဲ့အိမ်ကို ပြောလိုက်၊ ငါ့ဆရာကိုဘညဏ်နဲ့ ပြန်တွေ့လို့ ရန်ကုန်ကိုပါသွားပြီလို့ ပြောဖြစ်အောင် ပြောလိုက်နော် သူငယ်ချင်း"

ဟု မှာကာ၊ လက်မှတ် ကတိုက်ကရိုက်ဝယ်၍ တက်လိုက်လာခဲ့သည်။

http://www.cherrythitsar.org



ရန်ကုန်ကား၊ ဂျပန်စစ်အုပ်ချုပ်ရေး အရိပ်အောက်တွင် ဖြစ်စဉ်များစွာတို့နှင့် အံ့အားသင့်ဖွယ် မြို့ပျက်ကြီး။

ခရီးရောက်မဆိုက်ပင်၊ ဆရာကြီး၏ စီစဉ်ပေးမှုဖြင့် ဂျာမန်ကလပ် မှာ နေရာထိုင်ခင်းရကြသည်။

"မောင်ကြည်တို့ ဘာတွေများ လုပ်ကိုင်နေကြပါလဲ ဆရာကြီး"

ကိုဘညဏ်က၊ ကိုဘကြည်သတင်း ဆရာကြီးကိုမေးသည်။

"ကာတွန်း မောင်ဘဂျမ်းနဲ့ အတူတူ၊ ဝါဒဖြန့်ချိရေးဌာနမှာ ပန်းချီ ဆရာ ဝင်လုပ်နေတယ်" ဟု ပြောပြသည်။

"ကျွန်တော် မိသားစုနဲ့စစ်ပြေးရင်း ကတိုးရွာမှာ ရသလောက် အချိန်အတွင်း ပန်းချီကားနည်းနည်း ရေးခဲ့ပါတယ် ဆရာကြီး"

ကိုဘညဏ်က သူရေးလာသည့်၊ လှေဆိပ်၊ ဆဒ္ဒန်ဂူ၊ မော်လမြိုင် ဆိပ်ကမ်း၊ ကတိုးကော့နှပ် ဘုရားတန်ဆောင်းပုံတွေ ပြသည်။

"ဂျပန်က လွတ်လပ်ရေးကြေညာတော့၊ ဒေါက်တာဘမော် အဓိပတိဖြစ်လာတယ် မောင်ဘညဏ်ရဲ့။ ဂျပန်နိုင်ငံရဲ့ကိုယ်စား ရန်ကုန်မှာ သံအမတ် လာလုပ်နေတဲ့ ဆာဝါးဒါးက ပန်းချီဝါသနာပါတယ်၊ မောင်ဘညဏ်ရဲ့ ပန်းချီကားတချို့ကို ဆားဝါးဒါးက ဥရောပမှာတုန်းက တွေ့ဖူးဆိုပဲ။ မောင်ဘညဏ် ရန်ကုန်ပြန်ရောက်နေတာသိရင် ဆက်သွယ်လိမ့်မယ် ထင်တယ်" ဆရာကြီးက ပြောပြနေသည်။

* * *

http://www.cherrythitsar.org



ဆရာကြီးဦးဘတွက်ဆချက် မှန်ခဲ့ပါ၏။ ဆာဝါးဒါးနှင့် အဓိပတိတို့ စကားစပ်မိကြပြီး၊ တစ်ရက်တွင်၊ ကားတစ်စီးနှင့် ကိုဘညဏ်ကို အကြိုလွှတ်ကာ၊ တွေ့ဆုံကြသည်။

“ဆရာ့ကို ရွှေတိဂုံစေတီတော်ပုံ အပ်ချင်ပါတယ်”

ဟု ဆာဝါးဒါးကပြောသည်။ ကိုဘညဏ်က စိန်ဂျွန်းကွန်ဗင့်ကျောင်းဝင်းထဲမှာပင် ပန်းချီပြပွဲလေးတစ်ခု ကောက်ကာငင်ကာ ခင်းကျင်းလိုက်သည်။

ပြပွဲနေ့က၊ ဂျပန်အကြီးအကဲတချို့ ပန်းချီကားတွေ ဝယ်ယူအားပေးခဲ့ကြသည်။ ဒေါက်တာဘမော်က. . .

“မကြာခင် ပန်းချီသိပ္ပံဖွင့်ဖို့ ပြည်လမ်းအရှေ့ဖက် ဟယ်လ်ပင်လမ်းမှာ အဆောက်အအုံ ရွေးထားပြီးပါပြီ၊ မောင်ဘညဏ်က ကျောင်းအုပ်တာဝန်ယူပေးပါ” ဟုပြောသည်။

“ပန်းချီကောလိပ်အဆင့်အထိ မြှင့်တင်ပေးဖို့လည်း ရည်ရွယ်ထား ပါတယ်” ဆိုသည့် အဓိပတိ၏စကားကို သူဝမ်းသာရသည်။

“အဓိပတိကြီး တာဝန်ပေးတာကို ကျွန်တော်လုပ်ပါ့မယ်၊ ပန်းချီသိပ္ပံအတွက် လက်ထောက်ကထိက နှစ်ယောက်တော့ ခန့်ထားပေးဖို့ ကျွန်တော် ပန်ကြားပါတယ်”

ကိုဘညဏ်စကားကို အလေးအနက်ထားရင်း. . .

http://www.cherrythitsar.org



"မောင်ဘညာဏ်က ဘယ်သူတွေကို ရည်ရွယ်ပါသလဲ" ဟု မေး၏။

"ဝါဒဖြန့်ချိရေးဌာနမှာ ရောက်နေတဲ့ ပန်းချီဆရာ ကိုဘကြည်နဲ့ ပညာရေးဌာနမှာ ရောက်နေတဲ့ ကိုစံဝင်းတို့ကို ကျွန်တော် မျှော်လင့်ပါတယ်"

ကိုဘညာဏ်က ပြောပြသည်။

"မောင်ဘညာဏ်က ပန်းချီသိပ္ပံကိုပြောင်းပြီး အလုပ်လုပ်ရမယ်ဆိုရင် ဆရာကြီးတို့ ဆရာဖြစ်သင်ကောလိပ်မှာ ပန်းချီနည်းပြဆရာ တစ်နေရာ လစ်လပ်မှာပေါ့။ အဲဒီ့အတွက်လည်း မောင်ဘညာဏ်က လူတစ်ယောက်၊ သင့်တော်မယ်ထင်တာ စဉ်းစားပေးပါဦး"

ဆရာကြီးဦးဘက ဝင်ပြောသဖြင့် ကိုဘညာဏ်က၊ မင်းလှ ဆရာအတတ်သင်ကျောင်းတွင် ပုံဆွဲနည်းပြဆရာ လုပ်ခဲ့ဖူးသော မောင်အေးမောင်ကို စဉ်းစားပေးပါရန် လူကြီးများအား ပန်ကြားလိုက်သည်။ ဆရာကြီးဦးဘကလည်း ထောက်ခံချက်ပေးမည်ဟု ဆိုပါသည်။ ပန်းချီသိပ္ပံက စတင်အသက်ဝင်ခြင်းပင်။

* * *

http://www.cherrythitsar.org



ဝါလကင်းလွတ် သီတင်းကျွတ်လေပြီ။ ပန်းချီသိပ္ပံကို ကျောင်းပိတ်ရက် (၄)ရက်သာပေးသဖြင့်၊ ကိုဘညာဏ်၊ ကိုဘကြည်တို့နှင့် အကြီးအကဲများကြားတွင် မကျေမလည်ဖြစ်ကာ၊ ကိုဘညာဏ်က စိတ်မဆိုးစဖူး စိတ်ဆိုးပြီး ကတိုးသို့ပြန်ရန် ပြင်ဆင်သည်။ ကိုဘကြည်ကလည်း အလုပ်ခန်းထဲမှ ထွက်သွားသည်။

တိုင်းရေးပြည်ရေးက ခပ်လှုပ်လှုပ်။ မဟာမိတ်တပ်တွေက ဂျပန်တို့ကို ထိုးစစ်ပြန်ဆင်နေပြီဖြစ်သည်။

ကိုဘညာဏ်တို့ မိသားစု၊ မော်လမြိုင် ကတိုးသို့အပြန်တွင် ကိုအေး မောင်လည်း အဖော်လိုက်လာသည်။

"ရထားတွဲတွေ မီးလောင်နေပါလား"

ကိုဘညာဏ်က နှင်းပုလဲဘူတာသို့အဝင် မြင်လိုက်ရသော ရှုခင်းကြောင့် နီးစပ်ရာ ခရီးသွားတစ်ဦးကို မေးမြန်းကြည့်မိသည်။

"အင်္ဂလိပ်လေယာဉ်ပျံက စက်သေနတ်နဲ့ ပစ်သွားတာလေ"

ဟု ပြောပြသည်။ ကိုဘညာဏ်တို့စီးလာသော ရထားလည်း နှင်းပုလဲမှ ဆက်မထွက်တော့လေ။

"ဒုက္ခတွေက မပြီးနိုင်သေးပါလား အစ်ကို"

ဇနီးမစိန်ခိုင်က သားတွဲလွဲ သမီးတွဲလွဲနှင့် ညည်းညူရှာသည်။ ခရီးသည်တွေ သထုံဘူတာအထိ ခြေကျင်လျှောက်ကြရတော့ သူတို့လည်း

http://www.cherrythitsar.org



တစ်နွယ်ငင် တစ်စင်ပါ ရောပါသွားကြသည်။

မောလိုက်သည့်ဖြစ်ခြင်း။ညကြီးမင်းကြီး သထုံမြို့ထဲရောက်တော့ အသိမိတ်ဆွေလည်း မရှိ။ မြို့ကလည်း ကျီးလန့်စာစား။

"ရွှေစာရံဘုရား အာရုံခံတန်ဆောင်းမှာ စုအိပ်ကြတာပေါ့"

ဟု ခရီးသည်တစ်ယောက်ကပြောမှ မောမောနှင့် ဖြစ်သလိုစုဝေး အိပ်လိုက်ကြသည်။

ကောင်းကောင်းအိပ်မပျော်။မနက်စောစော၊ မောင်အေးမောင်ကို ကားစုံစမ်းခိုင်းတော့ မုတ္တမသွားမည့်ကားတစ်စီး မတန်တဆဈေး ပြောနေသည်တဲ့။

"ဒုက္ခရောက်နေတော့ သူတို့တောင်းသလောက် ပေးရမှာပဲ အေးမောင်ရာ ဘာတတ်နိုင်မှာလဲ၊ ကဲ. . . ပစ္စည်းတွေသယ်၊ ညီမလေးရေ . . . သွားကြစို့"

သူတို့မိသားစု ရရာကားပေါ် တက်ခါ၊ တောင်းသလောက်ပေးပြီး လိုက်လာကြရသည်။ ကားက ဟိုရပ်သည်ရပ်နှင့် မွန်းလွဲပိုင်းမှ မုတ္တမ ရောက်သည်။ သက်ပြင်းမချရသေး။ ကတိုးရွာကိုကူးဖို့ သမ္ဗန်ရအောင် မုတ္တမဆိပ်ကမ်းမှာ မျက်ကလဲဆန်ပျာ ရှာဖွေရသေးသည်။ ရပြီ။ သမ္ဗန် တစ်စီး။ တော်ပါသေးရဲ့။ မစိန်ခိုင်တို့နှင့် ဆွေရိပ်မျိုးရိပ်မကင်းသော သမ္ဗန်သမားတွေမို့ ငွားခမတန်တဆ မပေးရဘဲ၊ မြစ်ကို ကူးခဲ့ကြရသည်။

* * *

http://www.cherrythitsar.org



ဇနီးဖြစ်သူ၏ ဇာတိရွာကလေးမှာ စားသောက်နေထိုင်ရေးလည်း အတန်အသင့် ကောင်းမွန်ပါသည်။ ဘေးအန္တရာယ်လည်း ရန်ကုန်နှင့်စာလျှင် အနည်းငယ်စိတ်ချရသည်ဟု ဆိုရမည်။

သို့သော် ကိုဘညာဏ်စိတ်က၊ ရန်ကုန်ပန်းချီသိပ္ပံသို့ ရောက်ရောက် . . . နေတတ်သည်။ သူက တရားဝင်ကျောင်းအုပ် မဟုတ်လား။ ကျောင်း က တရားဝင်ဖျက်သိမ်းတာ မဟုတ်သေး။

ကျောင်းပြန်ဖွင့်ရက်တွင် လူကြီးတွေက မျှော်နေကြပေလိမ့်မည်။ ကျောင်းက လက်ရှိ ဂျပန်အစိုးရဖွင့်ထားသော ကျောင်းဖြစ်နေသည်။ ဂျပန်ကပေးသော လွတ်လပ်ရေးဆိုသည်မှာလည်း မုသာဝါဒ လွတ်လပ်ရေးမှန်း အားလုံးက ရိပ်စားမိပြီးသား။ သူ့အတွက် အရေးကြီးသော ပန်းချီပစ္စည်း တချို့ ပန်းချီကားတချို့ကလည်း ရန်ကုန်မှာ ကျန်ရစ်ခဲ့သည်။

အလုပ်သံယောဇဉ် အပေါင်းအသင်း အသိုင်းအဝိုင်း သံယောဇဉ် တွေက သူ့ကို ဆွဲငင်နေသည်။

ချစ်ဇနီးကို ကြည့်လိုက်တော့လည်း၊ နောက်ထပ်ကိုယ်ဝန်က ဖြစ်တည်စ။ သည်တစ်ကြိမ် ရန်ကုန်ပြန်ဖြစ်လျှင်တော့၊ မိသားစုကို ခေါ်သွားလို့မဖြစ်တော့မှန်း သူသိသည်။

ခရီးပန်းမည်။ ပြီးတော့ လမ်းပန်းဆက်သွယ်ရေးကအစ လုံးဝ စိတ်မချရတော့သည့် အခြေအနေ။

http://www.cherrythitsar.org



"အစ်ကိုသွားရင်လည်းသွားပါ၊ညီမမတားပါဘူး၊ အကြောင်းကိစ္စရှိရင် လွှတ်လို့ရအောင်၊ မောင်လေးကိုတော့ အဖော်ခေါ်သွားပါ အစ်ကို"

မစိန်ခိုင်က သူ့မောင်လေး မောင်မောင်ဘကို အဖော်ထည့်ပေးနေသည်။

"အေးကွယ်. . . အစ်ကိုခေါ်သွားပါ့မယ်"

ကိုဘညဏ်က. . . စိတ်လေးလေးဖြင့်ပင်၊ ခရီးပြန်ထွက်ရန် ပြင်ဆင်သည်။ တပည့် မောင်အေးမောင်ကို၊ ပစ္စည်းတချို့နှင့် ကြိုလွှတ်လိုက်သည်။ နောက်တစ်ရက်ကျမှ၊ သူ့ယောက်ဖလေးနှင့်အတူ၊ သမ္ဘန်ဖြင့် မုတ္တမသို့ ကူးခဲ့သည်။

မုတ္တမဘူတာရုံမှာ စစ်ဘေးစစ်ဒဏ်ကြောင့် အတော်ပင် ဖရိုဖရဲဖြစ်နေသည်။ ရထားတွဲမှာလည်း လူတွေက ပြည့်သိပ်လျက်။ ဖြစ်သလိုတိုးဝှေ့စီးခဲ့ရသည်။ နေ့ခင်းပိုင်းကြီးမှာပင် ကောင်းကင်မှ၊ မဟာမိတ် လေယာဉ်တချို့ မည်းခနဲပေါ်လာပြီး ရထားကို စက်သေနတ်နှင့် မွှေ့ယမ်းပစ်ခတ်ပြန်သည်။ ရထားတွဲပေါ်မှလူတွေ ငရဲပွက်သလို အော်ကြဟစ်ကြ။ သထုံရောက်တော့ ရထားက ဆက်မထွက်ရဲ။

ဘူတာဘေးက၊ ကုက္ကိုပင်ရိပ်မှာ မောင်မောင်ဘနှင့် သူထိုင်နေမိ ကြသည်။

"ရန်ကုန်ထွက်မယ့် ရထားတွဲတွေတော့ ထိုးနေပြီဟေ့"

ခရီးသည်တစ်ယောက်၏ အော်ဟစ်သံကြောင့် လူတွေ လှုပ်လှုပ် ရှားရှား ဖြစ်သွားကြသည်။ တွဲကိုကြည့်လိုက်တော့ အရပ်သူ အရပ်သား ခရီးသည်က ခပ်နည်းနည်း။

ဂျပန်စစ်သားတွေက ခပ်များများ။ ကိုဘညဏ်က ဂျပန်စစ်ဗိုလ်ကို အင်္ဂလိပ်လို ပြောကြည့်သည်။

"ခင်ဗျားတို့ ဂျပန်စစ်အစိုးရကဖွင့်ထားတဲ့ ပန်းချီသိပ္ပံ ကျောင်းအုပ်ပါ၊ အလုပ်ပြန်ဝင်ဖို့ ရန်ကုန်ပြန်ချင်တယ်၊ ဒီရထားနဲ့လိုက်ပါရစေ"

သူ့တစ်ကိုယ်လုံးက ညစ်ပတ်ပေရေနေ၍ ဂျပန်စစ်ဗိုလ်က သံသယမျက်လုံးဖြင့် ကြည့်တာခံရသည်။

"ပန်းချီဆရာဟုတ်လား၊သေချာလား၊ဒါဆိုရင် ပုံတစ်ပုံရေးပြစမ်းပါ" တဲ့။

http://www.cherrythitsar.org



ကိုဘညာဏ်က စိတ်တွေရှုပ်ထွေးနေသော်လည်း၊ အားမတန်မာန်လျှော့ကာ၊ စက္ကူတစ်ချပ်ပေါ်တွင်၊ ဖောင်တိန်မင် အနက်ဖြင့်ပင်၊ ပုံကြမ်းတစ်ခု ကောက်ခြစ်လိုက်သည်။ ဂျပန်စစ်ဗိုလ် မျက်လုံးပြူးသွားသည်။ စက္ကူချပ်ပေါ်တွင် စစ်ဝတ်စုံနှင့် လူတစ်ယောက်။ အဲ့ဒီလူက သူဖြစ်နေသည်။ ဂျပန်စစ်သားတွေ ဝိုင်းလာသည်။

"ခင်ဗျား ရေးတတ်သားပဲ၊ ကဲ. . . ခင်ဗျားကို သနားလို့ ဒီရထားနဲ့ လိုက်ခွင့်ပြုလိုက်မယ်. . . လာလိုက်ခဲ့"

မောင်မောင်ဘနှင့် ကိုဘညာဏ်၊ ကံအားလျော်စွာ၊ ဒုတိယတန်းတွဲမှာ၊ လိုက်ခွင့်ရသွားသည်။ ကိုဘညာဏ်ရင်ထဲတွင် ဆို့နင်ကြေကွဲသွားသည်။ စစ်ဘေး စစ်ဒဏ်ကို သူ ပိုစက်ဆုပ်ရွံရှာမိသည်။

* * *

http://www.cherrythitsar.org



ဂျပန်ခေတ်အုပ်ချုပ်ရေးစနစ်က ရယ်စရာတော့အကောင်းသား။ ပန်းချီသိပ္ပံမှ ခွင့်မဲ့ပျက်ကွက်ခြင်းကြောင့်၊ ကိုဘကြည်နှင့် သူ့ကို ထုချေလွှာ အတောင်းခံရသည်။ ခေတ်ပျက်ကြီးထဲမှာ ထုချေလွှာကို ဘယ်လိုဖြေရှင်းရင်ကောင်းမလဲ။ အင်္ဂလိပ် လေယာဉ်ပျံတွေကလည်း မကြခဏ ဗုံးလာချနေသည့်အချိန်။ ကော်မရှင်နာလမ်းထောင့်က သစ်ပင်တစ်ပင်တောင်မှ အပင်လိုက်ပျောက်သွားပြီးပြီ။ အဲသည့်နေရာမှာ ချိုင့်ကြီးကျင်းကြီး ဖြစ်နေသည်။

ကိုဘညာဏ်ကမောင်ဂိုမာရီလမ်း၊ဆရာဖြစ်သင်ကောလိပ်အပေါ်ထပ်မှာပြန်နေပြီး၊စားတော့ကြို့ရာထမင်းဆိုင်၊ လက်ဖက်ရည်သောက်တော့လည်း အလျဉ်းသင့်ရာဆိုင်မှာ ဝင်သောက်လိုက်သည်။

သည်နေ့မနက်လည်းစိန့်မေရီကျောင်းမျက်စောင်းထိုးက ကုလားလက်ဖက်ရည်ဆိုင်လေးထဲ ဝင်ထိုင်နေတုန်း၊ ကိုဘကြည်ဝင်လာသည်။

"ကျွန်တော်တို့နှစ်ယောက်ကို ထုချေလွှာ တောင်းထားတဲ့ကိစ္စ၊ သခင်မြကို အကျိုးအကြောင်းရှင်းပြလိုက်ပြီ"

ဟု ကိုဘကြည်ကပြောသည်။ ဟုတ်ပေသားပဲ။ သူလည်း ဒေါက်တာဘမော်ကို သွားတွေ့ပြီး တခြားကျောင်းတွေကျတော့ သီတင်းကျွတ်ကျောင်းပိတ်ရက် (၁)လပိတ်ပြီး၊ ပန်းချီသိပ္ပံကို (၄)ရက်သာ ပိတ်ပေးတဲ့အတွက်၊ မမျှတလို့ ရွာခဏပြန်သွားကြောင်း ပြောပြလိုက်လျှင် လူကြီးတွေ သဘောပေါက်သွားမှာပါ။ မွန်းလွဲပိုင်းကျမှ ဒေါက်တာဘမော်ကို သွားတွေ့ဖို့ ကိုဘညာဏ် ဆုံးဖြတ်လိုက်သည်။

"မဟာမိတ်တပ်တွေကတော့၊ ဂျာမန်၊ အီတလီနဲ့ ဂျပန်ဖက်ဆစ်တွေကို ထိုးစစ်ပြန်ထိုးနေပြီကွ၊ ညကလည်း အင်္ဂလိပ်လေယာဉ်ပျံ ဗုံးဒဏ်ရှောင်ရင်း ရွှေတိဂုံကုန်းတော်ပေါ်က ဇရပ်မှာ ခဏသွားတက်နေရတယ်"

ကိုဘညာဏ်က ဆေးပြင်းလိပ်မီးညှိရင်း ပြောပြသည်။

"ဘုရားပေါ်မှာ တက္ကသိုလ်က ဆရာတွေနဲ့ တွေ့တယ်၊ ကဗျာဆရာ မင်းသုဝဏ်က အလယ်ပစ္စယံ အနောက်တောင်ထောင့်က ဇရပ်မှာနေတယ်၊ ကဗျာဆရာဇော်ဂျီက သွေးဆေးကန် စောင်းတန်းနားက ဇရပ်မှာနေတယ်၊ သူတို့ခမျာလည်း ဖြစ်သလိုစား၊ ဖြစ်သလိုအိပ်နဲ့ ဗုံးဒဏ်ရှောင်နေကြရရှာတယ်။ ဆရာမင်းသုဝဏ်ကတော့ စစ်ကြီး ယတိပြတ်ပြီး

http://www.cherrythitsar.org



လို့ တိုင်းပြည်အေးချမ်းသွားရင်၊ ပန်းချီအတွေ့အကြုံ စာအုပ်လေးတစ်အုပ်ထုတ်ဖို့ ငါ့ကိုတိုက်တွန်းတယ်၊ ဆရာဇော်ဂျီကတော့၊ ဘုရားပေါ် ခဏခဏ ရောက်တုန်းရောက်ခိုက်၊ ရွှေတိဂုံစေတီတော်ကြီးရဲ့ ညရှုခင်းကို ပန်းချီရေးပါလား ကိုဘညဏ်တဲ့၊ ကောင်းတဲ့ တိုက်တွန်းချက်ပဲ။ ညကား ရေးရမှာ စိတ်ဝင်စားတယ်။ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီးရေးမယ်"

ကိုဘညဏ်က ကိုဘကြည်ကို စိတ်လှုပ်ရှားလျက် ပြောပြနေသည်။ သူနှင့်အတူ ကတိုးရွာမှလိုက်လာပြီး ရန်ကုန်တွင် သောင်တင်နေသော ယောက်ဖ မောင်မောင်ဘကတော့၊ အလံပြဘုရားလမ်းဘက်သို့ ငေးမောနေသည်။ ရွာကို သတိရနေဟန်တူသည်။ ရန်ကုန်၏ စစ်ဒဏ်ကိုလည်း စိတ်ပျက်နေဟန်တူသည်။

ကိုဘညဏ်ကတော့ ကျဉ်းထဲကျပ်ထဲမှာပင် ရွှေတိဂုံစေတီတော်ကြီး၏ ညရှုခင်းကိုရေးဖို့ စိတ်အားထက်သန်နေသည်။

သူ့ စိတ်အာရုံထဲတွင် စေတီတော်ကြီး၏ စိန်ဖူး၊ ငှက်မြတ်နား၊ ထီး၊ ငှက်ပျောဖူး၊ ကြာရင့်၊ ကြာလန်၊ ကြာနု၊ ရွဲ၊ ကြာမှောက်၊ ဖောင်းရစ်၊ ပန်းဆွဲ၊ သပိတ်မှောက်၊ ရင်စည်း၊ ခေါင်းလောင်းပုံ၊ ခေါင်းလောင်းနား၊ ကျည်းဝန်း၊ ပစ္စယာ၊ ဖိနပ်၊ စေတီရံတို့၏ ပုံရိပ်ကို ရှုထောင့်အမျိုးမျိုးမှ ကြည်ညို ပူဇော်နေမိသည်။

"ဆရာရေးရင် ဘယ်အနေအထားလောက် ရေးမှာလဲဆရာ"

ကိုဘကြည်က မေးသည်။

"၄ ပေ ၃ ပေ ကားကြီးပေါ့"

* * *

http://www.cherrythitsar.org



သတိရ၍ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သည်။ အရာရာသည် ဝိုးတဝါး။ မျက်လုံးအမြင် မကြည်လင်။ နှုတ်ခမ်းတွေ သွေ့ခြောက်နေသည်။

"ရင်ပူလိုက်တာ. . . ရေဆာတယ်ကွာ"

သူအသံပြုလိုက်သည်။သူ့ကို ဖေးမဆွဲထူ၍ ခုတင်ခေါင်းရင်းတွင် မှီပေးပြီး ရေတိုက်သူ နှစ်ယောက်ကို တွေ့ရသည်။ တပည့်အေးမောင်နှင့် ယောက်ဖ မောင်မောင်ဘ။

"ငါ. . . ဘယ်ကိုရောက်နေတာလဲ"

"ရွှေတိဂုံစေတီတော်ပန်းချီကားကြီးကိုညစဉ်ရက်ဆက်ရေးတော့ အညောင်းထိုင်တာများပြီး၊ ဆရာဖျားတယ်လေ။ အအေးမိသွားတာလည်း ပါတာပေါ့ဆရာ။ တစ်ညမှာ အဖျားအရမ်းတက်ပြီး ဆရာသတိမေ့သွားလို့။ အလံပြဘုရားလမ်းက ဆေးရုံကိုပို့ရတယ်။ ဆရာ အခုဆေးရုံပေါ် ရောက်နေတယ်လေ" ကိုအေးမောင်က အကျိုးအကြောင်းပြောပြသည်။

"ပန်းချီကားကြီးကို ငါ ဖွဲလုံ့လဝီရိယနဲ့ ရေးခဲ့တာကွ၊ ပန်းချီကားကြီး ပြီးသွားတဲ့နေ့မှာ. . . ငါစိတ်လျှော့ချလိုက်တာလည်း ပါမှာပေါ့ကွာ၊ အမှန်တော့ ငါဖျားနေတာ တော်တော်ကြာပြီ၊ အစားအသောက်ကလည်း မမှန်ဘူးမဟုတ်လား"

ဆေးရုံခုတင်ပေါ်တွင် သူမှိန်းနေလိုက်သည်။ ရွှေတိဂုံပန်းချီကား

http://www.cherrythitsar.org



ကြီး ပြီးသည့်မနက်က၊ မိတ်ဆွေတချို့ လာကြည့်သွားကြတာကို သူ ပြန်လည် မြင်ယောင်နေသည်။

"အက်စ်အက်စ် အမရပူရသဘော်က. . . ဆရာ့မိတ်ဆွေ သဘော်သား တစ်ယောက်တောင်၊ ဆရာ့သတင်း စုံစမ်းပြီး၊ မနက်က လာသွားသေးတယ်၊ ဆရာ အိပ်ပျော်နေလို့ တော်ကြာမှ ဝင်လာခဲ့ဦးမယ်လို့ ပြောသွားပါတယ်၊ သူ့လက်ထဲမှာ ဆရာစားဖို့ ဂိုးလ်ဒင်းပတ်ဖ်မုန့်ရယ်၊ နို့ဆီ၊ သကြား၊ အိုဗာတင်းဘူးရယ် ပါလာပြီး ဆရာ့အတွက်ထားသွားတယ်။ ဆေးမသောက်ခင် အိုဗာတင်းပူပူလေး သောက်ပြီး မုန့်စားလိုက်ပါလား ဆရာ"

ကိုအေးမောင်က ဆရာ့အတွက် အိုဗာတင်းဖျော်နေသည်။ မောင် မောင်ဘက မုန့်သေတ္တာပုံးကို ဖွင့်နေသည်။

" ဩော်. . . ကိုဘညဏ်နိုးနေပြီကိုး"

ခုတင်နံဘေးသို့ ချဉ်းကပ်လာသူမှာ. . . သဘော်သား မောင်ကျော် ဖြစ်သည်။

"နိုးတာမဟုတ်ဘူး မောင်ကျော်ရဲ့၊ အဖျားဒီဂရီတက်ပြီး သတိရတစ်ချက်မရတစ်ချက် ဖြစ်နေတာ"

ကိုအေးမောင်က. . . ပြောပြသည်။ တာဝန်ကျ ဆရာဝန်နှင့် သူနာပြု ဆရာမလေးတစ်ဦး ရောက်လာသည်။ ဆရာမက၊ ကိုဘညဏ်ကို ပြဒါးတိုင်နှင့် အပူချိန်တိုင်းသည်။

"အဝတ်အစား လဲပေးလိုက်ပါ. . . အဖျားက ငွေ့ငွေ့ပဲ ရှိပါတော့ တယ်။ ဆေးထိုးရအောင်"

ဆရာဝန်က၊ လူနာစောင့် ကိုအေးမောင်တို့ကို ပြောရင်း၊ ကိုဘညဏ်ကို ဆေးထိုးပေးသည်။

"အားနည်းနေတယ်၊ အားဆေးသောက်ဖို့ ပေးခဲ့မယ်၊ ထမင်း မကျွေးသေးဘူး၊ စွပ်ပြုတ်နဲ့ ပေါင်မုန့်ကျွေးမယ်"

ဆရာဝန်ပြောသမျှကို သူနာပြုဆရာမလေးက လိုက်မှတ်နေသည်။ မောင်မောင်ဘက ကိုဘညဏ်ကို အဝတ်တစ်စုံ အသစ် လဲလှယ်ပေးနေသည်။

"စောစောက မုန့်နဲ့ အိုဗာတင်းတိုက်မလို့၊ အဲဒါ ကျွေးလို့ရမလား

http://www.cherrythitsar.org



ဆရာ”

ကိုအေးမောင်က ဆရာဝန်ကိုမေးကြည့်တော့ “ရပါတယ်” ဟု ဆရာဝန်ကပြောသည်။ ဆရာဝန်က

“မွန်းလွဲပိုင်းကျရင်အဓိပတိဒေါက်တာဘမော် ဆရာကိုဘညာဏ်ကို လူနာသတင်းမေး လာလိမ့်မယ်၊ ကျွန်တော်တို့ကို ကြိုပြီး အကြောင်းကြားထားပါတယ်၊ သက်သောင့်သက်သာနေပါ”

ဟု မှာသွားသည်။ ကိုဘညာဏ်ကို မုန့်နှင့် အိုဗာတင်းတိုက်တော့ ခပ်ဖြည်းဖြည်းစားနေသည်။ သူ့မျက်နှာက ဖြူဖပ်ဖြူရော်။ ကတုန်ကယင်ဖြစ်နေသေးသည်။

“စစ်ကြီးဖြစ်နေတော့ မင်းတို့သင်္ဘော ဘယ်မှာလဲ မောင်ကျော်၊ ဖေမောင်တို့ရော” ကိုဘညာဏ်က မောင်ကျော့်ကို မေးသည်။

“ဟောင်ကောင် သင်္ဘောကျင်းမှာ နှစ်ပတ်လည် လွန်းတင်ပြင်ဆင်နေတုန်း၊ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာတာကိုး ကိုဘညာဏ်ရဲ့၊ သင်္ဘောကုမ္ပဏီက သင်္ဘောသားတွေကို လခငွေ လက်ကျန်ပေးပြီး၊ အလုပ်တွေ ရပ်ဆိုင်းလိုက်ရတယ်။ ကမ္ဘာ့ပင်လယ်ပြင်မှာ စစ်သင်္ဘောတွေ ရှုပ်ယှက်ခတ်နေတာကိုး၊ ကျွန်တော်တို့သူငယ်ချင်း သုံးယောက်တောင်မှ ကြုံရာသင်္ဘောနဲ့ ရန်ကုန်ကိုရောက်အောင် မနည်းပြန်ခဲ့ရတယ်။ ဖေမောင်က တစ်ခါမှ ပြန်မရောက်တော့တဲ့ ပန်းတနော်ကို အခု စစ်ဖြစ်တော့မှပဲ ပြန်သွားတော့တယ်။ ထွန်းကြိုင်တို့ မိသားစုက ထန်းတပင် ဇီးကုန်းဘက်ပြေးကြလေရဲ့၊ ကျွန်တော်ကတော့ မနက်ဖြန် ရထားရရင် နတ်တလင်းကအမျိုးတွေဆီ သွားမလို့ ကိုဘညာဏ်ကို ဝင်နှုတ်ဆက်တာပါ။ ကိုဘညာဏ်ကို ပေးစရာတစ်ခုကလည်း ရှိနေလို့”

မောင်ကျော်က ဘောင်းဘီအိတ်ထဲမှ စာအိတ်တစ်အိတ်ဆွဲယူပြီး လှမ်းပေးသည်။ စာအိတ်ပေါ်မှ လက်ရေးကြောင့် ကိုဘညာဏ်တစ်ကိုယ်လုံး နွေးထွေးသွားသည်။ တံခါးဝါကျောင်းက ကျေးဇူးရှင်ဆရာကြီး စပင်းလတ်၏ လက်ရေးပါလား။

“ကျွန်တော်တို့သင်္ဘော လန်ဒန်ကို နောက်ဆုံးအခေါက် ရောက်ပြီး၊ သင်္ဘောလွန်းတင်ဖို့ ဟောင်ကောင်ကျွန်းကို ပြန်ခါနီးမှာ တံခါးဝါကျောင်းက ပန်းချီကျောင်းသား၊ သောမတ်စ်ဆိုတဲ့လူက ခင်ဗျားအတွက်

http://www.cherrythitsar.org



လူကြုံလာပါးတဲ့ စာပဲ ကိုဘညာဏ်”

မောင်ကျော်က ပြောပြနေသည်။

“ကျေးဇူးပါပဲ မောင်ကျော်ရာ. . . ငါ့ရဲ့ကျေးဇူးရှင် ဆရာကြီးရဲ့ စာပါ”

ကိုဘညာဏ်က စိတ်အားထက်သန်စွာဖြင့် စာအိတ်ကို ဖွင့်ဖတ်လိုက်သည်။

*တပည့် မောင်ဘညာဏ်*

*လန်ဒန်မှာ ကွယ်လွန်သွားတဲ့၊ မင်းရဲ့ဆရာရင်း၊ ဆရာကြီးဝပ်ဒ်ရဲ့ အစ်မကြီးအိမ်မှာ မင်းရဲ့ ငွေတံဆိပ်ဆုတစ်ခု သိမ်းဆည်းထားပါတယ်။ ၁၉၂၀ ခုနှစ်တုန်းက မြန်မာနိုင်ငံလုံးဆိုင်ရာ အနုပညာပြပွဲမှာ၊ မှိုနီခရမ်း တစ်ရောင်တည်းရေးတဲ့ ပန်းချီပြိုင်ပွဲအတွက် မင်းရတဲ့ ငွေတံဆိပ်ဆုပါ။ ဆုပေးတဲ့ အချိန်အခါမှာ မင်းက လန်ဒန်ကိုရောက်နေတယ်။ ဆရာကြီး ဝပ်ဒ်က ဆုကို သိမ်းထားတယ်။ ဆရာကြီးဝပ်ဒ် မကွယ်လွန်ခင် သူ လန်ဒန်ကိုရောက်လာတော့၊ မင်းက ဥရောပတစ်ခွင် ခရီးသွားနေခဲ့ပြန် တယ်။ သူကွယ်လွန်တော့ ဆုတံဆိပ်က သူ့အစ်မကြီးလက်ထဲမှာ ဂရု တစိုက် သိမ်းထားပါတယ်။ သူ့အစ်မကြီးက ဆရာ့ကို အကြောင်းကြား ပါတယ်။*

*အကြောင်းကြောင်းကြောင့် ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားရင်၊ မင်း လန်ဒန်ကို လာစေချင်တယ်။ မင်းနဲ့ တွေ့ချင်ပါသေးတယ်။ မင်းလာတဲ့ အခါ၊ ဆရာကြီးဝပ်ဒ်ရဲ့ အစ်မဆီမှာ ဆုတံဆိပ်ကို ယူနိုင်ပါတယ်။*

*သတိရအောက်မေ့လျက်*
*ဆရာကြီးစပင်းလတ်*

စာကိုတရိုတသေဖတ်ရင်းကိုဘညာဏ် မျက်ရည်တွေဝဲလာသည်။ ဆရာကြီးနှင့်တကွ တံခါးဝါကို သူ လွမ်းစိတ်တွေဝေနေသည်။ မောင်ကျော်က ကိုဘညာဏ်၏မျက်နှာကို အားတုံ့အားနာကြည့်ရင်း. . .

“ကျွန်တော်က မနက်ဖြန် နတ်တလင်းဘက် ခရီးဆက်ရတော့ မယ်ဆိုတော့ ကိုဘညာဏ်ကို မပြောချင်ပေမဲ့လည်း၊ ပြောခဲ့ရမယ့် စကား

http://www.cherrythitsar.org



တစ်ခွန်း ရှိနေတယ်” ဟု မဝ့်မရဲ ပြောလိုက်သည်။

“ဘာ အကူအညီလိုလို့လဲ မောင်ကျော် ခရီးစရိတ်လိုလို့လား၊ ငါ့ မှာ အတန်အသင့်ရှိပါတယ်၊ လိုရင်ယူသွားပါ၊ ငါပေးလိုက်ပါ့မယ်”

ကိုဘညဏ်က စေတနာအမှန်ဖြင့် ပြောသည်။

“ကျွန်တော့်မှာ ခြေစောင့်လက်စောင့်ရှိပါတယ် ကိုဘညဏ် ကျွန် တော် ပြောမထွက်တာက၊ ဆယ်လီ့ကိစ္စပဲ”

မောင်ကျော့်စကားက ထူးခြားနေသည်။

“ပြောပါကွာ ဘာမဆို သိသင့်သိထိုက်တာ သိခွင့်ရရင် သိချင်တာ ပေါ့”

ကိုဘညဏ်စကားကြောင့် မောင်ကျော်က တုံ့နှေးနှေးဖြင့်ပင်. . .

“တံခါးဝါကျောင်းကဆရာကြီးရဲ့စာကိုလာပေးတဲ့ ပန်းချီကျောင်း သားသောမတ်စ်က. . . ကိုဘညဏ်ကိုသတင်းတစ်ခု ပြောလိုက်ပါဆိုပြီး ကျွန်တော်နဲ့ဖေမောင့်ကို မှာသွားပါသေးတယ်. . . အဲဒါက. . . ခင်ဗျားရဲ့ ကျောင်းနေဖက် သူငယ်ချင်းမလေး. . . ဆယ်လီဆုံးသွားပြီတဲ့” ဟုပြော ပြသည်။ ကိုဘညဏ် အတွက်တော့ အိပ်မက်တစ်ခုပေါ့။

“ဘယ်လိုကြောင့်တဲ့လဲကွာ. . .”

“အစာအိမ်သွေးကြော ပေါက်သွားတယ်လို့ ပြောတာပဲ. . .”

“တွေ့ကြုံဆုံကွဲ မမြဲမမွှတာလောကသံသရာဆိုတာ ဒါမျိုးပဲ. . . ထင်ပါရဲ့. . . မောင်ကျော်. . . ရာ. . .”

ကိုဘညဏ်က. . . ဆေးရုံ ပြတင်းပေါင်တွင် လာနားသော စာငှက်ကလေးတစ်ကောင်ကို ငေးကြည့်နေသည်။ ခဏကြာတော့ စာငှက် ကလေးက တောင်ပံတခတ်ခတ်ဖြင့် ဟိုး. . . ခပ်ဝေးဝေးဆီသို့ ပြန်ပြေး ထွက်သွားသည်။

“ဆရာ. . . ဆေးရုံအုပ်ကြီးနဲ့ အဓိပတိ ဒေါက်တာဘမော်တို့ လာနေတယ်”

ကိုအေးမောင်က ခပ်တိုးတိုးပြောလိုက်သည်။ ဒေါက်တာဘမော် က၊ ကိုဘညဏ်ကို ပြုံး၍နှုတ်ဆက်သည်။ ဆေးရုံအုပ်ကြီးကလည်း ကို ဘညဏ် ခုတင်ခြေရင်းမှ၊ ကုသချက် အခြေပြကတ်ပြားငယ်ကို ယူကြည့် ပြီး အဓိပတိအား၊ ရောဂါသက်သာမှု ရှိလာကြောင်း ပြောပြနေသည်။

http://www.cherrythitsar.org



"လာမယ့်နိုဝင်ဘာ. . ပထမပတ်ထဲမှာ. . . ဆရာ ဂျပန်ကိုသွားဖို့ အကြောင်းပေါ်လာပါတယ် မောင်ဘညဏ်၊ အစိုးရကိစ္စနဲ့ သွားရမှာပါ. . . ဂျပန်အစိုးရက ဆရာတို့ကို ဖူဂျီယားမား ပန်းချီကားကြီး လက်ဆောင်ပေးထားဖူးတာ ရှိတော့၊ ဆရာကလည်း ဂျပန်ကိုရောက်တဲ့အခါမှာ၊ ဂျပန်ဘုရင်မင်းမြတ်ကို မောင်ဘညဏ်ရဲ့ ရွှေတိဂုံစေတီတော် ညရှုခင်း ပန်းချီကားကြီးကို လက်ဆောင်ပေးချင်ပါတယ်။ မောင်ဘညဏ်အနေနဲ့ ဆရာ့ကိုကူညီဖို့ လာပြီး ညှိနှိုင်းတာပါ. . . "

စင်စစ်တွင်တော့. . . ထိုပန်းချီကားကြီးမှာ ကိုဘညဏ်၏ ဝိညာဉ် များ စုစည်းရာဟု သူ့ကိုယ်သူသိနေသည်။ သူ့တစ်သက်တာ ထာဝရ တစိမ့် စိမ့်ကြည့် နေချင်သော ပန်းချီကားကြီးပင်ဖြစ်သည်။ သို့သော်ကိုဘညဏ်က. . . ငယ်စဉ်ကတည်းကပင်. . . ဂုဏဝုဍ္ဍိဝယဝုဍ္ဍိဆိုသည့် ဂုဏ်အားဖြင့် အသက်အရွယ်အားဖြင့် ကြီးမြင့်သူတို့အား ရိုသေစွာ ဂါရဝထားတတ်သူ ဖြစ်ခဲ့ပေရာ. . .။

"လူကြီးမိဘတွေ စိတ်ချမ်းသာဖို့အတွက် ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်ခင်ဗျာ" ဟု မွန်ရည်စွာ ပြောလိုက်ပါသည်။

"ဂျပန်နန်းရင်းဝန်ကြီးကို လက်ဆောင်ပေးဖို့ မောင်ဘညဏ်ဆီက၊ ပန်းချီကားနှစ်ကားလည်း နောက်ထပ်ဝယ်သွားဖို့ ဆုံးဖြတ်ထားပါတယ်၊ ရွှေတိဂုံစေတီတော် ညရှုခင်း ပန်းချီကားကြီးကိုတော့ ညဏ်ပူဇော်ခ. . . သုံးထောင် ချီးမြှင့်ခဲ့ပါရစေ. . . "

အမိပတိ၏ စကားအဆုံးတွင်၊ နံဘေး၌ပါလာသော အရာရှိတစ်ယောက်က. . . စာအိတ်ဖြင့်ထည့်လာသည့် ငွေသုံးထောင်ကျပ်ကို တရိုတသေ ကိုဘညဏ်လက်ထဲ လှမ်းပေးလိုက်သည်။

* * *

http://www.cherrythitsar.org



ဆေးရုံမှ ဆင်းလာခဲ့သော်လည်း၊ ကိုဘညာဏ်စိတ်ထဲတွင် နှုံးဟိုက်နေသည်။ ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်နေသည်။ ပန်းချီသိပ္ပံက. . . ကျောင်းသူကျောင်းသားများအား၊ ကိုဘကြည်နှင့် ကိုစံဝင်းတို့ကို အပ်ထားရသည်။ ပန်းချီသိပ္ပံကလည်း ပိတ်လိုက်ရတော့မလို ဖြစ်နေသည်။ စက်သေနတ်ရန်၊ ဗုံးရန်က မအေးသည့် ကာလမဟုတ်လား။

"ကျောင်းပိတ်ခါနီးမှာပန်းချီသိပ္ပံကျောင်းသူကျောင်းသားတွေက မဟာမြန်မာပြပွဲဆိုပြီး သူတို့လက်ရာတွေကို ပြပွဲလုပ်ချင်လို့တဲ့ဆရာ. . ."

ကိုဘကြည်က. . . ကိုဘညာဏ်ကို လာပြောသည်။

"ဘေးအန္တရာယ်တွေကြားထဲမှာ ပြပွဲလုပ်ရဲတဲ့ သူတို့ ပန်းချီချစ်စိတ်ကိုတော့ အားပေးရမှာပေါ့၊ ငါ့ကျန်းမာရေးက အားမရစရာဖြစ်နေတယ်"

ကိုဘညာဏ်က သူ့ကိုယ်သူ အားမလိုအားမရဖြင့် ပြောသည်။ ကိုဘကြည်က. . . သူနှင့် ကိုစံဝင်းတို့ ကြီးကြပ်ပြင်ဆင်ပြီး မဟာမြန်မာပြပွဲကြီးကို မဖြစ်မနေ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောပြသည်။

"ဘယ်မှာလုပ်ကြမှာလဲ" ဟု ကိုဘညာဏ်ကမေးတော့. . . ကန်တော်ကြီးစောင်းမှာတဲ့။ ကိုဘကြည်ပြန်သွားပြီး၊ ညနေစောင်းလောက်တွင် မော်လမြိုင် ကျားတံတားအနီးတွင်နေသော ဦးသောင်းရောက်လာသည်။ ဦးသောင်းက အရောင်းအဝယ်သမား။ ကတိုးရွာနှင့် အဆက်အသွယ်ရှိ

http://www.cherrythitsar.org



သူဖြစ်သည်။

“မင်းမိန်းမ မစိန်ခိုင်လည်း မီးဖွားပြီးပြီ၊ သမီးလေးမွေးတယ်၊ နေ ကောင်းကြပါတယ်၊ ရန်ကုန်အခြေအနေ မကောင်းဘူးဆိုတာ သူတို့လည်း ရွာကကြားနေကြတယ်၊ မင်းတို့ရော ကျောင်းက ဆက်ဖွင့်လို့ရပါဦးမလား”

ဦးသောင်းက မေးသည်။

“စစ်အခြေအနေက အင်္ဂလိပ်ဘက်က ထိုးစစ် ပိုကြမ်းလာပြီ ဦးလေးရဲ့၊ ဒီမှာလည်း ဗုံးကျင်းထဲ ခဏခဏ ပြေးဝင်နေကြရပြီ၊ ကျောင်း ပိတ်ရတော့မှာပါ”

ကိုဘညာဏ်က ပြောပြသည်။

“မင်းကြည့်ရတာလည်း ပိန်ချုံးပြီး ဖြူဖပ်ဖြူရော်နဲ့”

“ဟုတ်တယ် ဦးလေး၊ ကျွန်တော် ဆေးရုံကဆင်းလာတာ ရက် ပိုင်းပဲ ရှိပါသေးတယ်”

“ခရီးလမ်းပန်းက သိပ်ကောင်းတော့တာ မဟုတ်ဘူးကွ၊ ကိုယ့် သားမယားဆီ ကိုယ်ပြန်ဖို့ စဉ်းစားပေါ့ကွာ၊ ငါတောင်မှ ပိုက်ဆံရစရာ လေးတွေ ကောက်သင်းလိုက်ကောက်ဖို့ ရန်ကုန်တက်လာတာ၊ နောက် အခေါက်တွေက သိပ်မသေချာဘူး”

ဦးသောင်းက ပြောပြောဆိုဆို သူ့ယောက်ဖ မောင်မောင်ဘကိုပါ နှုတ်ဆက်ကာ တည်းခိုရာ လမ်း (၂၀)ဘက်သို့ ပြန်သွားသည်။ မောင် မောင်ဘက သူ့မျက်နှာကို လှမ်းကြည့်နေသည်။ သူ့အတွက် အားဆေး သွားဝယ်သော ကိုအေးမောင်လည်း ပြန်ရောက်လာသည်။

“ပန်းချီသိပ္ပံက၊ တပည့်တွေနဲ့ ပန်းချီမိတ်ဆွေတွေကို ငါ သံယော ဇဉ်ရှိတယ်၊ ဒါပေမဲ့ ငါတို့ ရန်ကုန်မှာဆက်နေလို့ မဖြစ်တော့ပါဘူးကွာ” သူက . . . ကြေကွဲစွာပြောလိုက်သည်။ ကိုအေးမောင်ကို ဘူတာရုံဆင်းပြီး ရထားတွဲတွေအခြေအနေ စုံစမ်းခိုင်းလိုက်ရသည်။

“လမ်းမှာ (၇)ရက်လောက်တော့ ကြာမယ်လို့ ဘူတာရုံက လူ တချို့က ပြောလိုက်တယ်ဆရာ၊ သူတို့က မော်လမြိုင် ရန်ကုန် သွားနေ ကျ လူတွေလေ၊ ရထားတွဲတွေကတော့ ထုံးစံအတိုင်းပေါ့ ဆရာရယ်. . . မီးပေါင်ကျလို့ ခေါင်းတွဲက ဟိုရပ်၊ ဒီရပ်၊ ရပ်တာကတစ်မျိုး၊ စက်သေနတ် ပစ်ခံရမှာစိုးလို့ ဟိုနား ဒီနား နားတာကတစ်မျိုးပေါ့။ ဘူတာတစ်ခုရောက်

http://www.cherrythitsar.org



ရင် နောက်တစ်ဘူတာ ဆက်ထွက်ဖို့က၊ ဘုရားတနေကြရတာ မဟုတ်လား၊ ဂျပန်စစ်သားတွေကလည်း မင်းမူလိုက်တာ လွန်ပါရော၊ ခေတ်ဆိုး ခေတ်ပျက်ဆိုတာ ဒါမျိုးထင်ပါရဲ့ ဆရာရယ်. . . ”

မောင်အေးမောင် ညည်းညူနေသည်။ မောင်မောင်ဘက ရွာပြန်တော့မည်မို့ ပစ္စည်းလေးတွေ သိမ်းဆည်းနေသည်။ သူ့ခမျာမှာလည်း ရန်ကုန်မှာလာပြီး ယောက်ဖအတွက် ဒုက္ခခံနေသလို ဖြစ်နေရှာသည်။ ခုတော့ စိတ်အနည်းငယ် သက်သာရာရသွားဟန် တူပါ၏။ အေးမောင်ကတော့ ရန်ကုန်မှာ ကျန်ရစ်ခဲ့ဦးမည်။ ပြီးမှ ပဲခူးသွားမည်ဆိုလား။

* * *

http://www.cherrythitsar.org



မုဒုံစောင်ပါးလေးကို ခြုံရင်း လဲလျောင်းနေရာမှ ကိုဘဉာဏ် စိတ်တွေက ဟိုရောက် သည်ရောက်။

ဇာတိဒေသ ပန်းတနော်မြို့ကလေးမှ ငယ်ဘဝ ပုံရိပ်ဟောင်း တချို့ကိုလည်း ပြန်လည်မြင်ယောင်နေသည်။

ကတိုးရွာသို့ ပြန်ရောက်ပြီး မကြာခင်. . . ရဲအုပ်အလုပ် လုပ် နေသော သူ့အစ်ကိုကြီး ကိုဘိုးကျန် ကော့ကရိတ်မြို့၌ ကွယ်လွန်သွား ကြောင်း သတင်းကြားလိုက်ရသည်။

ငယ်ငယ်က အတူတကွ ဆော့ကစားခဲ့ကြ၊ မြစ်ဆိပ်ကမ်းနားမှာ ရေဆင်းကူးခဲ့ကြသော အစ်ကိုကြီး၏ ငယ်မူငယ်သွေးများကို တရေးရေး သူ ပြန်လည်သတိရနေသည်။

မိုးတစ်ပြိုက် ရွာချလိုက်သည်။ ဇနီးမစိန်ခိုင်က သူ့ဘေးမှ ပြတင်း ပေါက်ကို လာပိတ်ပေးသည်။

သားလေး သမီးလေးတွေ၏ တီတီတာတာ စကားပြောသံသဲ့သဲ့ ကို သူကြားနေရသည်။

"အစားကောင်းကောင်း မဝင်တာ ညီမ စိတ်ပူတယ်အစ်ကို"

မစိန်ခိုင်က မြန်မာဆရာပေးထားသော နှလုံးသည်းခြေဆေး တစ် ခွက်ကို သကြားရေနှင့် ရောတိုက်ရင်းက သူ့ကိုပြောသည်။

"အစ်ကိုရင်ဘတ်နဲ့ ကြောပြင်တစ်ခုလုံးတင်းပြီး အသက်ရှူလို့

http://www.cherrythitsar.org



သိပ်မဝဘူး မစိန်ခိုင်” ကိုဘညာဏ်က ခပ်ယဲ့ယဲ့ ပြောလိုက်သည်။

“ရန်ကုန်မှာ ဖုံးခိုကျင်းထဲ ခဏခဏဆင်းရ၊ အစားပျက်၊ အအိပ်ပျက် အအေးမိနဲ့ဆိုတော့ အညောင်းမိခဲ့တာတွေကလည်း များတော့ အားနည်းတဲ့အချိန်မှာ အကုန်လုံး စုခံရတာပေါ့ အစ်ကို၊ တိုက်ပွဲသတင်းတွေ ငြိမ်သွားရင်တော့ အစ်ကို့ကို မော်လမြိုင်ဆေးရုံ ပို့ချင်တယ်”

မစိန်ခိုင်က သူ့ဆန္ဒကို ပြောနေသည်။

“ညီမလည်း အစ်ကို့အတွက် ပင်ပန်းလှပါပြီ. . . ကွယ်”

ညှိုးလျလျ ဇနီးသည်၏မျက်နှာကို မော့ကြည့်ရင်း ကိုဘညာဏ် ကြေကွဲစွာ ပြောလိုက်သည်။

“အရေးကြီးတာအစ်ကိုထူးထူးခြားခြား ဖြစ်လာဖို့ပါပဲ၊ အခုတော့ ရွာထဲကဆေးဆရာနဲ့ ကုရတာ ညီမ အားမရဘူး၊ စားချင်တာ အာသီသ ရှိရင် ပြောစမ်းပါအစ်ကိုရယ်. . . ဖွယ်ဖွယ်ရာရာ ချက်ကျွေးစမ်းပါရစေ. . . အခုတော့ အစ်ကိုက ဘာမှ ဟက်ဟက်ပက်ပက် မစားဘူး၊ ခံတွင်းပျက်တာလား၊ ရင်ထဲက မဆာတာလား”

မစိန်ခိုင်က အားမလိုအားမရ ဖြစ်နေဟန်တူသည်။

“သားတို့ သမီးတို့ရော ပျော်ပျော်ရွှင်ရွှင် ရှိရဲ့လား”

“ကလေးတွေကတော့ဘာမှမသိကြပါဘူးအစ်ကိုရယ်. . . ကစားလိုက်၊ ဆော့လိုက်နဲ့ ဆွေမျိုးသားချင်းတွေကလည်း သူတို့ကို အလိုလိုက်ကြပါတယ်၊ ချစ်ကြပါတယ်”

“ငွေရေး ကြေးရေးကော အဆင်ပြေရဲ့လား”

“အစ်ကို ဒါတွေမပူပါနဲ့၊ အစ်ကို တစ်သက်လုံး ပန်းချီရေးပြီးရှာခဲ့တာတွေ မပွန်းမပဲ့သေးပါဘူး၊ ညီမတို့မှာလည်း အခံရှိပြီးသားပါ၊ ခေတ်ပျက်ကြီးထဲမှာ ဒီနေ့အထိ ထမင်းမငတ်သေးတာ အစ်ကိုသိမှာပါ၊ အရေးကြီးတာ အစ်ကို့ကျန်းမာရေးပဲ”

“တိုက်ပွဲသတင်းတွေ ဘာတွေကြားသေးလဲ၊ ရန်ကုန်မှာတုန်းက ဆရာကြီးဦးဘအတွက် အစ်ကိုတို့ ပင်ပင်ပန်းပန်း ရေးပေးခဲ့တဲ့ နံရံပန်းချီကားကြီးတွေတော့ ဗုံးဒဏ်ကြောင့် ပျက်စီးပြိုကျသွားပြီလို့ ကြားတယ်”

“ဂျပန်တွေစစ်ရှုံးလို့ ဆုတ်ခွာသွားကြပြီလို့ ရွာထဲမှာ ပြောနေကြတယ် အစ်ကို၊ အင်္ဂလိပ် ပြန်ဝင်လာပြီလေ၊ မော်လမြိုင်မှာတောင်

http://www.cherrythitsar.org



အင်္ဂလိပ်တပ်တွေ ရောက်နေပြီ၊ ကလွီ၊ ဘီးလူးကျွန်း၊ ကျိုက်မရော၊ ချောင်းနှစ်ခွနဲ့ ညီမတို့ရွာဘက်ကို မြန်မာစစ်တပ်နဲ့ အင်္ဂလိပ်တပ်တွေ တပ်ဖြန့်ပြီး ဝင်လာနေပြီလို့ ရွာထဲမှာ သတင်းထွက်နေတယ်၊ ကဲ ကဲ. . . ခေါက်ဆွဲပြုတ်ကလေး ဝင်သလောက် သောက်လိုက်ဦး အစ်ကို"

"ညီမတို့ကတော့ စေတနာနဲ့ အစ်ကို့အတွက် ခေါက်ဆွဲပြုတ်တဲ့အခါ၊ ဘဲသား၊ ကြက်သားတွေ မျှင်ပြီး ထည့်ပေးတာပဲ၊ ဆန်ပြုတ်ပြုတ်တော့လည်း ငါးတွေ အားပါးတရ ထည့်ပေးကြတာပဲ၊ အစ်ကို့စိတ်ထဲမှာ သားငါးတွေ ညှီနေတယ်၊ ဆီချက်နံ့တောင်မှ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ်၊ ကြက်သွန်ဖြူနံ့လေး၊ ငရုတ်ကောင်းနံ့လေးလောက်ဆို တော်ပါပြီ"

ကိုဘညဏ်က မစိန်ခိုင် စိတ်ကျေနပ်အောင် ခေါက်ဆွဲပြုတ်ကို တို့ကနန်း ဆိတ်ကနန်း သုံးလေးဇွန်းသောက်ရင်း မော၍ အိပ်ရာပေါ် ပြန်လှဲချပြီး မှိန်းနေလိုက်သည်။

* * *

အောက်တိုဘာလ (၁၁)ရက်။ ၁၉၄၅။

အင်္ဂလိပ်စစ်တပ်မှ ဗိုလ်မှူးအဆင့်ရှိသူတစ်ယောက်၊ ကိုဘညဏ်တို့အိမ်ရှေ့မှာ လာရပ်သည်။ ရွာထဲက ကျောင်းဆရာကိုမြတ်လှပါ လိုက်လာသည်။

"မစိန်ခိုင်. . . ဗိုလ်မှူးက လန်ဒန်မှာကတည်းက၊ ကိုဘညဏ်ရဲ့ ပန်းချီသတင်းကို ကြားဖူးတဲ့ အရာရှိတစ်ယောက်ပါ၊ အခု မြန်မာပြည်စစ်မျက်နှာနဲ့ ဒီရွာကို ဝင်လာတော့၊ ကိုဘညဏ် နာတာရှည်ဖြစ်နေတာ သတင်းရလို့၊ လာကြည့်တာပါ"

ဆရာကိုမြတ်လှကမစိန်ခိုင်ကို အကျိုးအကြောင်း ပြောပြသည်။ သူက . . . အင်္ဂလိပ်စကားပြော သေသပ်သူဖြစ်သည်။

"အခြေအနေ ဘယ်လိုရှိပါသလဲ"

ဗိုလ်မှူးက ဂရုတစိုက်မေးသည်။ မစိန်ခိုင်တို့ မိသားစုက နေရာထိုင်ခင်းပေး ဧည့်ဝတ်ပြုရင်းက ပြောပြရသည်။

"ညက ဝေဒနာတော်တော် ပြင်းထန်လာပါတယ်၊ ရင်ဘတ်ကြီး တစ်ခုလုံး တင်းကျပ်နေတယ်လို့ ပြောပါတယ်"

"ကြည့်ခွင့်ပြုရင် ခဏလေးလောက် သူ့ကို ကြည့်ပါရစေ"

ဗိုလ်မှူးက ခွင့်တောင်းသည်။ မစိန်ခိုင်က ခင်ပွန်းသည်၏ ခုတင်အနီးသို့ ခေါ်ဆောင်သွားသည်။ ဗိုလ်မှူးက လူနာကို ငုံ့ကြည့်နေသည်။

http://www.cherrythitsar.org



ကိုဘညာဏ်၏ မျက်လုံးများက မေးစင်းလို့နေသည်။

"မနက်ဖြန်ကျရင် စစ်ဘက်ဆိုင်ရာ ဆရာဝန်တစ်ယောက် ကျွန်တော် ခေါ်လာခဲ့ပါမယ်၊ လိုအပ်ရင် သူ့ကို မော်လမြိုင် စစ်ဆေးရုံအထိ ကျွန်တော်တို့ ပို့ပေးနိုင်အောင် စီစဉ်ပါ့မယ်၊ သူ့အခြေအနေ မကောင်းဘူး၊ သူ့ကို အဆုံးရှုံးမခံနိုင်ဘူး၊ သူဟာ တန်ဖိုးကြီးတဲ့ ပန်းချီဆရာ"

ဗိုလ်မှူးစကားကြောင့် ဝမ်းနည်းပြီး၊ မစိန်ခိုင် ရှိုက်ကြီးတငင် ငိုချလိုက်သည်။

"ကျွန်မတို့လည်း နဂိုကတည်းက မော်လမြိုင်ဆေးရုံကို ပို့ဖို့ အကြိမ်ကြိမ် ကြိုးစားပါတယ်၊ ဒါပေမဲ့ တော်လှန်ရေးဖြစ်နေပြီ၊ တိုက်ပွဲတွေ ဖြစ်နေပြီဆိုတဲ့ သတင်းတွေကြားရလို့ တစ်ရွာလုံး ကြောက်နေကြရတာနဲ့ မော်လမြိုင်ကို မကူးရဲ ကြတာပါ"

မစိန်ခိုင်၏ အစ်မ မစိန်မြိုင်က ပြောပြသည်။

"အားမငယ်ပါနဲ့၊ အကောင်းဆုံးမျှော်လင့်ပြီး လုပ်စရာရှိတာ လုပ်ရ မှာပေါ့"

ဗိုလ်မှူးက မိသားစုကိုနှုတ်ဆက်၍ တပ်ချထားရာသို့ ပြန်သွားသည်။

* * *

http://www.cherrythitsar.org



အောက်တိုဘာလ (၁၂)ရက်။

မနက်ခင်း ကိုးနာရီခွဲ သာသာလောက်တွင် အင်္ဂလိပ်တပ်မှ ဗိုလ်မှူးနှင့်အတူ အင်္ဂလိပ်လူမျိုး ဗိုလ်ကြီးအဆင့် ဆရာဝန်လေးတစ်ယောက်၊ ဆေးတပ်သား နှစ်ယောက်တို့ မစိန်ခိုင်တို့အိမ်သို့ ရောက်လာကြသည်။

ဆရာဝန်လေးက ကိုဘညဏ်ကို ပြုစုကုသမှု စတင်သည်။ ဘေးမှ ဆေးတပ်သားလေးတွေက ဝိုင်းဝန်းကူညီကြသည်။

“အူရောင်ငန်းဖျားဖြစ်တယ်၊ အဆုတ်အအေးမိပြီး၊ အဆုတ်ထဲမှာရေတွေ ရောက်နေတယ်၊ ဆေးရုံမှာ ဓာတ်မှန်ရိုက်ကြည့်မှ ကျန်တဲ့ အခြေအနေတွေ ပိုပြီး အတိအကျ သိရပါလိမ့်မယ်”

ဆရာဝန်လေးကအထပ်ထပ်အခါခါနားကြပ်နှင့်စမ်းသပ်နေရင်း တဖွဖွပြောနေသည်။

ဖျတ်ခနဲ ကိုဘညဏ် မျက်လုံးတွေ ပွင့်လာသည်။ ပီပီပြင်ပြင် မြင်ရလေသလား၊ မမြင်ရလေသလားတော့ မသိ၊ ဘေးမှ ဝိုင်းရံထားသည့် သူတွေကို ခေါင်းကလေး ညင်သာစွာ ယမ်းပြသည်။

“မနက် အစောကြီးတုန်းက လန့်နိုးပြီး၊ စကားတွေ ကယောင်ကတမ်း ပြောသေးတယ်”

မစိန်ခိုင်က ဆရာဝန်နှင့် ဗိုလ်မှူးကို ပြောပြသည်။

http://www.cherrythitsar.org



"ဟုတ်လား. . . သူ ဘာတွေပြောလဲ"

ဗိုလ်မှူးက မေးသည်။

"လက်အုပ်ချီပြီးမပီမသပြောတာပါ. . . ရွှေတိဂုံစေတီတော်ကြီး ပန်းချီကားကို သူ နာမည် မပေးရသေးဘူးတဲ့၊ ကျွန်မက သူ့အနားကပ်ပြီး၊ အစ်ကို ဘယ်လိုနာမည် ပေးချင်လဲလို့ မေးတော့. . . "

"ဘာတဲ့လဲ မစိန်ခိုင်. . . "

ကျောင်းဆရာ ကိုမြတ်လှက မေးသည်။

"နံနက်. . . သုံးနာရီ. . . တဲ့"

အားလုံးငြိမ်သက်သွားကြသည်။ဆရာဝန်ကလေးက ကိုဘညာဏ်ကို ငဲ့ကြည့်လိုက်သည်။ ကိုဘညာဏ်၏ မျက်ခွံပါးပါးမှာ တံခါးပိတ်သွားလေပြီ။ ။

**ဆောင်းဝင်းလတ်**

**၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ**

http://www.cherrythitsar.org



ဆောင်းဝင်းလတ်

# နံနက်(၃)နာရီ

"မနက်အစောကြီးတုန်းက လန့်နိုးပြီး စကားတွေ ကယောင်ကတမ်းပြောသေးတယ်"
"ဟုတ်လား… သူဘာတွေပြောလဲ"
"လက်ချင်းဆွဲပြီး မငိုမသပြောတာပါ။ ရွှေတိဂုံစေတီတော်ကြီးလှမ်းမြင်ရတာကို
သူ့နာမည်မပေးရသေးဘူးတဲ့ ကျွန်မက သူ့အနားကပ်ပြီး
အစ်ကို ဘာနာမည်ပေးချင်သလဲမေးတော့…"
"ဘာတဲ့လဲ မစိန်နိုင်"
"နံနက် (၃) နာရီတဲ့…"